# ပရိဝါရပါဠိတော်နိဿယ

## ဘိက္ခုဝိဘင်္ဂ, ကတ္ထပညတ္တိဝါရ

### ပါရာဇိကကဏ္ဍ

[ကြည့်ရှုရာ၌ လွယ်ကူစေရန် ဆင့်မှုပုဒ်ရေနံပါတ်များကို ထည့်ထားပါသည်။]

၁။ ယောသော ဘဂဝါ-အကြင်မြတ်စွာဘုရားသည်၊ ဒသ-ဆယ်ပါးကုန်သော၊အတ္ထဝသေ-စီးပွားအထူးတို့ကို၊ ["အတ္ထဝသေ"၏အဖွင့်ကို ပါရာဇိကဏ် ဘာသာဋီကာ ဒုတိယအုပ်၌ "အတ္ထဝသေ"ဟု ခေါင်းတပ်၍ ပြထားပြီ။] ပဋိစ္စ-စွဲ၍၊ ဝိနယ ပညတ္တိံ-ဝိနည်းပညတ်တော်ကို၊ ပညာပေသိ-ပညတ်တော်မူပြီ၊ ဇာနတာ-ထိုထို သိက္ခာပုဒ်၏ ပညတ်ရာကာလကို သိတော်မူထသော၊ ပဿတာ-ထိုထို သိက္ခာပုဒ်ကို ပညတ်ခြင်း၏ ဆယ်ပါးသော စီးပွားအထူးတို့ကို မြင်တော်မူထသော၊ (တစ်နည်း) ဇာနတာ-ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, အာသဝက္ခယဉာဏ်တို့ဖြင့် သိတော်မူထသော၊ ပဿတာ-ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူထသော၊ အရဟတာ-ပူဇော်အထူးကို ခံတော်မူထိုက်ထသော၊ သမ္မာသမ္ဗုဒ္ဓေန-မဖောက်မပြန်, ကိုယ်တော်တိုင်သာ, အလုံးစုံသော တရားတို့ကို သိတော်မူပြီးထသော၊ တေန ဘဂဝတာ-ထိုမြတ်စွာဘုရားသည်၊ ပဌမံ-ပဌမဖြစ်သော၊ ယံ ပါရာဇိကံ-အကြင် ပါရာဇိကကို၊ (ပညတ္တံ-ပညတ်တော်မူအပ်ပြီ၊ တံ ပါရာဇိကံ-ထို ပဌမပါရာဇိကကို၊) ကတ္ထ-အဘယ်အရပ်၌၊ ပညတ္တံ-ပညတ် တော်မူအပ်သနည်း။

ကံ-အဘယ်ပုဂ္ဂိုလ်ကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ (ပညတ္တံ-ပညတ်တော်မူအပ်သနည်း၊) ကိသ္မိံ ဝတ္ထုသ္မိံ-အဘယ်ဝတ္ထုကြောင့်၊ (ပညတ္တံ-နည်း၊) တတ္ထ-ထိုပဌမ ပါရာဇိက၌၊ ပညတ္တိ-မူလပညတ်သည်၊ အတ္ထိ-ရှိသလော၊ အနုပညတ္တိ-အနုပညတ်သည်၊ (နောက်ထပ် ပညတ်အပ်သော ပညတ်သည်) အတ္ထိ-လော၊)

---

**အမှာ။** ။အဋ္ဌကထာ၌ "ဇာနတာ, ပဿတာ" ပုဒ်တို့၏အနက်ကို နည်းအမျိုး မျိုးဖြင့် ဖွင့်ပြထား၏၊ ထိုနည်းများသည် သီလက္ခန် အဋ္ဌကထာ, ဗြဟ္မဇာလသုတ် အဖွဲ့ရ နိဒါန်း၌ ပြအပ်သော နည်းများနှင့် တူ၏၊ ထို့ကြောင့် ထိုနည်းများအတိုင်း အနက်ပေးပုံကို သီလက္ခန်ပါဠိတော်နိဿယ, ဗြဟ္မဇာလသုတ် ပါဠိတော်နိဿယ, အဖွဲ့ရနိဒါန်း အဓိပ္ပာယ်နှင့် တကွရေးထားပြီ၊ "သမ္မာသမ္ဗုဒ္ဓေန"ပုဒ်၏အနက်ကား ထိုအဋ္ဌကထာအဖွင့်နှင့် မတူ၍ဤဋီကာဖွင့် ပဌမနည်းအတိုင်း ပေးလိုက်ပါသည်။

အနုပ္ပန္နပညတ္တိ–အနုပ္ပန္နပညတ်သည်၊ (အပြစ်မပေါ်မီ ပညတ်အပ်သောပညတ်သည်၊ အတ္ထိ–လော၊) [အတ္ထိ တတ္ထ ပညတ္တီတိ အာဒိသု အတ္ထိနုခေါ တတ္ထ ပညတ္တီတိ အာဒိနာ အတ္ထော ဂဟေတဗ္ဗော–ဝိမတိ။သဗ္ဗတ္ထ ပညတ္တိ–သဗ္ဗတ္ထပညတ်လော၊ (မဇ္ဈိမဒေသ, ပစ္စန္တိမ ဇနပဒဟူသော အလုံးစုံသော အရပ်တို့၌ ပညတ်တော်မူအပ်သော ပညတ်လော၊) ပဒေသပညတ္တိ–ပဒေသပညတ်လော၊ (မဇ္ဈိမဒေသ, သို့မဟုတ် ပစ္စန္တိမဇနပဒဟူသော တစ်စိတ် တစ်ပိုင်း၌သာ ပညတ်တော်မူအပ်သော ပညတ်လော၊) သာဓာရဏပညတ္တိ–သာဓာရဏပညတ်လော၊ (ဘိက္ခု ဘိက္ခုနီ ၂ ပါးစုံတို့နှင့် ဆက်ဆံသော ပညတ်လော၊) အသာဓာရဏပညတ္တိ–အသာဓာရဏပညတ်လော၊ ဧကတောပညတ္တိ– ဧကတော ပညတ်လော၊ (ဘိက္ခု, သို့မဟုတ် ဘိက္ခုနီ တစ်ဖက်၌သာ ပညတ်အပ်သော ပညတ်လော။) ဥဘတောပညတ္တိ–လော၊(ဘိက္ခု ဘိက္ခုနီ ၂ ဖက်စလုံး တို့၌ ပညတ်အပ်သော ပညတ်လော။)ပဉ္စန္နံ–ငါးပါးကုန်သော၊ ပါတိမောက္ခုဒ္ဒေသာနံ–ပါတိမောက္ခုဒ္ဒေသတို့၌၊ ကတ္ထ–အဘယ်ပါတိမောက္ခုဒ္ဒေသ၌၊ ဩဂဓံ–အတွင်း၌ ဖြစ်သနည်း၊ ဝါ–အတွင်းဝင် သနည်း၊ [“အဝ+ဂတံ”ဟု ပုဒ်ခွဲ၊ အဝကို ဩပြု၊ တ ကို ဓ ပြု။] ကတ္ထ–၌၊

ပရိယာပန္နံ–အကျုံးဝင်သနည်း၊ ကတမေန ဥဒ္ဒေသေန–အဘယ်ဥဒ္ဒေသဖြင့်၊ ဥဒ္ဒေသံ–ရွတ်ပြအပ်သည်၏ အဖြစ်သို့၊ အာဂစ္ဆတိ–ရောက်သနည်း၊ စတုန္နံ–၄ ပါးကုန်သော၊ ဝိပတ္တီနံ–ဝိပတ္တိတို့တွင်၊ ကတမာ–အဘယ်မည်သော၊ ဝိပတ္တိ–ဝိပတ္တိနည်း၊ သတ္တန္နံ–ကုန်သော၊ အာပတ္တိက္ခန္ဓာနံ–အာပတ်အစုတို့တွင်၊ ကတမော–သော၊ အာပတ္တိက္ခန္ဓော–အာပတ်စုနည်း၊ ဆန္နံ–န်သော၊ အာပတ္တိ သမုဋ္ဌာနာနံ–အာပတ္တိ သမုဋ္ဌာန်တို့တွင်၊ ဝါ–အာပတ်၏ ဖြစ်ကြောင်းတို့တွင်၊ ကတိဟိ–အဘယ်မျှလောက်ကုန်သော၊ အာပတ္တိ သမုဋ္ဌာနေဟိ–တို့ကြောင့်၊ သမုဋ္ဌာတိ–ဖြစ်သနည်း၊ စတုန္နံ, အဓိကရဏာနံ–အဓိကရုဏ်းတို့တွင်၊ ကတမံ–သော၊ အဓိကရဏံ–နည်း၊ သတ္တန္နံ–ကုန်သော၊ သမထာနံ–သမထတို့တွင်၊ ကတိဟိ–အဘယ်မျှလောက်ကုန်သော၊ သမထေဟိ–တို့ဖြင့်၊ သမ္မတိ–ငြိမ်းသနည်း။

တတ္ထ–ထို ပထမပါရာဇိကသိက္ခာပုဒ်၌၊ ဝိနယော–ဝိနည်းသည်၊ ကော–အဘယ်နည်း၊ တတ္ထ–၌၊ အဘိဝိနယော–အဘိဝိနည်း (လွန်ကဲသော ဝိနည်း)သည်၊ ကော–နည်း၊ တတ္ထ–၌၊ ပါတိမောက္ခံ–သည်၊ ကိံ–အဘယ်နည်း၊ တတ္ထ–၌၊ အဓိပါတိမောက္ခံ–အဓိပါတိမောက်သည် (လွန်ကဲသော ပါတိမောက်သည်)၊ ကိံ–နည်း၊ ဝိပတ္တိ–ပထမပါရာဇိက၏ ပျက်စီးခြင်းသည်၊ ကာ–အဘယ်နည်း၊ သမ္ပတ္တိ–ပထမပါရာဇိက၏ ပြည့်စုံခြင်းသည်၊ ကာ–နည်း၊ ပဋိပတ္တိ–ပထမပါရာဇိကကို ကျင့်ခြင်းသည်၊ ကာ–အဘယ်နည်း။

ကတိ–အဘယ်မျှလောက်ကုန်သော၊ အတ္ထဝသေ–တို့ကို၊ ပဋိစ္စ–၍၊ ဘဂဝတာ–သည်၊ ပဌမံ–သော၊ ပါရာဇိကံ–ကို၊ ပညတ္တံ–အပ်သနည်း၊ ကေ–အဘယ်သူတို့သည်၊ သိက္ခန္တိ–(ပဌမပါရာဇိကကို လုံခြုံအောင်)ကျင့်ကုန်သနည်း၊ ကေ–တို့သည်၊ သိက္ခိတသိက္ခာ–ကျင့်အပ်ပြီးသော (ပဌမပါရာဇိက ဟူသော) သိက္ခာရှိကုန်သနည်း၊ ကတ္ထ–အဘယ်ပုဂ္ဂိုလ်၌၊ ဋ္ဌိတံ–တည်သနည်း၊ ("ပဌမ ပါရာဇိက သိက္ခာ တည်သနည်း"ဟူလို။) ကေ–အဘယ် ပုဂ္ဂိုလ်တို့သည်၊ ဓာရေန္တိ–ဆောင်ရွက် မှတ်သားကုန်သနည်း၊ ကဿ–အဘယ်ပုဂ္ဂိုလ်၏၊ ဝစနံ–စကားနည်း၊ ကေန–အဘယ်ပုဂ္ဂိုလ်သည်၊ အာဘတံ–ဆောင်ယူအပ်ခဲ့သနည်း၊ ဣတိ–ဤကား အမေးတည်း။

၂။ ယံ တေန ဘဂဝါ ၊ပေ၊ ပဌမံ ပါရာဇိကံ ကတ္ထ ပညတ္တန္တိ–ယံ တေန ဘဂဝတာ ၊ပေ၊ ပဌမံ ပါရာဇိကံ ကတ္ထ ပညတ္တံ ဟူသောပုစ္ဆာ၌၊ ဝေသာလိယံ–ဝေသာလီမြို့၌၊ ပညတ္တံ–ပညတ်တော်မူအပ်ပြီ၊ (ဣတိ–ဤအဖြေသည်၊ ယောဇိ–၏၊) ကံ အာရဗ္ဘာတိ–ကံ အာရဗ္ဘ ဟူသော ပုစ္ဆာ၌၊ ကလန္ဒပုတ္တံ–ကလန္ဒသူဌေး၏ သားဖြစ်သော၊ သုဒိန္နံ–သုဒိန်ကို၊ အာရဗ္ဘ–၍၊ (ပညတ္တံ–ပြီ၊ ဣတိ–ဤအဖြေသည်၊ ယောဇိ–၏၊) ကိသ္မိံ ဝတ္ထုသ္မိန္တိ–ကိသ္မိံ ဝတ္ထုသ္မိံ ဟူသော ပုစ္ဆာ၌၊ ကလန္ဒပုတ္တော–သော၊ သုဒိန္နော–သည်၊ ပုရာဏဒုတိယိကာယ–ရှေး၌ ဖြစ်သော ၂ ယောက်မြောက် အဖော်မ၌၊ ဝါ–စနီးဟောင်း၌၊ မေထုနံ ဓမ္မံ–မေထုန်အကျင့်ကို၊ ပဋိသေဝိ–မှီဝဲပြီ၊ တသ္မိံ ဝတ္ထုသ္မိံ–ထိုဝတ္ထုကြောင့်၊ (ထိုအကြောင်းကြောင့်၊ ပညတ္တံ–အပ်ပြီ၊ ဣတိ–ဤအဖြေသည်၊ ယောဇိ။) နောက်၌လည်း "ဣတိ ယောဇိ" ဟု ထည့်ပါ။

အတ္ထိ တတ္ထ ပညတ္တိ အနုပညတ္တိ အနုပ္ပန္နပညတ္တီတိ–အတ္ထိ ၊ပေ၊ အနုပ္ပန္နပညတ္တိ ဟူသော ပုစ္ဆာ၌၊ ဧကာ–တစ်ပါးသော၊ ပညတ္တိ–မူလပညတ်သည်၊ (အတ္ထိ)၊ ဒွေ–နှစ်ပါးသော၊ အနုပညတ္တိယော–တို့သည်၊ (အတ္ထိ–ရှိကုန်၏) အနုပ္ပန္နပညတ္တိ–သည်၊ တသ္မိံ–ထို ပဌမပါရာဇိက၌၊ နတ္ထိ–မရှိ၊ (ဣတိ ယောဇိ) သဗ္ဗတ္ထပညတ္တိ ပဒေသပညတ္တီတိ–သဗ္ဗတ္ထပညတ္တိ, ပဒေသပညတ္တိဟူသော ပုစ္ဆာ၌၊ သဗ္ဗတ္ထပညတ္တိ–တည်း၊ ဣတိ ယောဇိ၊ [ဤနည်းကို မှီ၍ နောက်နောက် ပုစ္ဆာတို့၌ အနက်ပေးပါ၊ အဖြေဝါကျ၌ ထူးရာကိုသာ ရေးပါမည်။။] သာဓာရဏပညတ္တိ–တည်း၊ ဥဘတောပညတ္တိ–တည်း၊ [အဓိပ္ပာယ်ကို အဋ္ဌကထာ၌ ကြည့်ပါ။] နိဒါနောဂဓံ–နိဒါန်း၌ အတွင်းဝင်၏၊ နိဒါနပရိယာပန္နံ–နိဒါန်း၌ အကျုံးဝင်၏၊ ["ယဿ သိယာ အာပတ္တိ, သော အာဝိကရေယျ"ဟူသော စကား၌ အာပတ်အားလုံး ပါဝင်နိုင်သောကြောင့် "နိဒါနောဂဓံ နိဒါနပရိယာပန္နံ" ဟု ဆိုသည်။ နောက်နောက် သိက္ခာပုဒ်တို့၌လည်း ဤနည်းပင်တည်း။] ဒုတိယေန–၂ ခုမြောက် ဖြစ်သော၊ ဥဒ္ဒေသေန–ပါရာဇိကုဒ္ဒေသဖြင့်၊ ဥဒ္ဒေသံ–သို့၊ အာဂစ္ဆတိ–၏။

သီလဝိပတ္တိ–တည်း၊ ပါရာဇိကာပတ္တိက္ခန္ဓော–ပါရာဇိကအာပတ်အစုတည်း၊ ဧကေန–တစ်ပါးသော၊ သမုဋ္ဌာနေန–သမုဋ္ဌာန်ကြောင့်၊ သမုဋ္ဌာတိ–ဖြစ်၏၊ ကာယတော စ–ကိုယ်ကြောင့်လည်းကောင်း၊ စိတ္တတော စ–ကြောင့်လည်းကောင်း၊ သမုဋ္ဌာတိ–၏၊ ဝါစတော–နှုတ်ကြောင့်၊ န (သမုဋ္ဌာတိ)၊ [ကိုယ်ရယ်, နှုတ်ရယ်, ကိုယ်နှုတ်ရယ်, ကိုယ်စိတ် နှုတ်စိတ်, ကိုယ်နှုတ်စိတ်"ဟူသော သမုဋ္ဌာန် ၆ ပါးတွင် "ကိုယ်စိတ်"ဟူသော အင်္ဂါ ၂ ပါးရှိသော သမုဋ္ဌာန်တစ်ပါးကြောင့်ဖြစ်သည်၊ နှုတ်ကြောင့်ကား မဖြစ်–ဟူလို၊ နောက်နောက်သိက္ခာပုဒ်တို့၌လည်း ဤနည်းကို မှီ၍သိပါ။] အာပတ္တာဓိကရဏံ–အာပတ္တာဓိကရဏ်းတည်း၊ ဒွီဟိ–န်သော၊ သမထေဟိ–တို့ဖြင့်၊ သမ္မုခါဝိနယေန–သမ္မုခါဝိနယ သမထဖြင့်လည်းကောင်း၊ ပဋိညာတကရဏေန–ဖြင့်လည်းကောင်း၊ သမ္မတိ–ငြိမ်း၏။

ပညတ္တိ–သိက္ခာပုဒ် မာတိကာဟူသော ပညတ်တော်သည်၊ ဝိနယော–ဝိနယ တည်း၊ ဝိဘတ္တိ–အကျယ်ဝေဖန်ကြောင်း ပဒဘာဇနီသည်၊ အဘိဝိနယော–တည်း၊ [ပါတိမောက္ခ, အဓိပါတိမောက္ခ တူပြီ။] အသံဝရော–မစောင့်စည်းခြင်းသည်၊ (ကျူးလွန်ခြင်းသည်)၊ ဝိပတ္တိ–ပျက်စီးခြင်းတည်း၊ (ပထမ ပါရာဇိကသိက္ခာ၏ ပျက်စီးခြင်းတည်း၊)၊ သံဝရော–စောင့်စည်းခြင်းသည်၊ (မကျူးလွန်ခြင်းသည်၊) သမ္ပတ္တိ–(ပထမပါရာဇိကသိက္ခာ၏ ပြည့်စုံခြင်းတည်း၊) ကာ ပဋိပတ္တိ–ကာ ပဋိပတ္တိဟူသော ပုစ္ဆာ၌၊ ဧဝရူပံ–ဤသို့သဘောရှိသော မေထုန်အကျင့်ကို၊ န ကရိဿာမိ–မပြုအံ့၊ ဣတိ–ဤသို့ နှလုံးသွင်း၍၊ ယာဝဇီဝံ–အသက်၏ အပိုင်း အခြားတိုင်အောင်၊ အာပါဏကောဋိကံ–အသက်၏ အဆုံးစွန်တိုင်အောင်၊ သိက္ခာ ပဒေသု–ပထမပါရာဇိကသိက္ခာပုဒ်တို့၌၊ သမာဒါယ–ကောင်းစွာယူ၍၊ ဝါ–ဆောက် တည်၍၊ သိက္ခတိ–ကျင့်၏၊ (အယံ–ဤကျင့်ခြင်းသည်၊ ပဋိပတ္တိ–တည်း၊) ပထမ ပါရာဇိကသည် မာတိကာအားဖြင့် သိက္ခာပုဒ်တစ်ပုဒ်သာ ဖြစ်သော်လည်း၊ ပဒ ဘာဇနီ၌လည်းကောင်း, ဝိနီတဝတ္ထု၌လည်းကောင်း လာသော သိက္ခာပုဒ်တို့ကိုပါ ရည်ရွယ်၍ "သိက္ခာပဒေသု"ဟု ဗဟုဝုစ်ဖြင့် မိန့်တော်မူသည်၊ နောက်နောက် သိက္ခာပုဒ်တို့၌ ဤနည်းမှီ၍ သိပါ။]

ဒသ–န်သော၊ အတ္ထဝသေ–စီးပွားအထူးတို့ကို၊ ပဋိစ္စ–၍၊ သံဃသုဋ္ဌုတာယ–သံဃာ၏ ကောင်းပါပြီဘုရားဟု စကားတော်ကိုလက်ခံနိုင်သည်၏ အဖြစ်အကျိုးငှာ လည်းကောင်း၊ သံဃဖာသုတာယ–သံဃာ၏ ဣရိယာပုထ် ၄ ဖြာ, ချမ်းသာသည်၏ အဖြစ်အကျိုးငှာလည်းကောင်း၊ ဒုမ္မင်္ကူနံ–မဲ့ယဉ်းသဖြင့် အရှက်အဝါမရှိသူတို့၏ အဖြစ်သို့ရောက်စေအပ်ကုန်သော၊ ဝါ–သီလမရှိကုန်သော၊ ပုဂ္ဂလာနံ–တို့ကို၊ နိဂ္ဂဟာ ယ–နှိပ်ခြင်းငှာလည်းကောင်း၊ ပေသလာနံ–သီလရှိသဖြင့် လူအများတို့ လေးစား ချစ်ခင်အပ်သူတို့၏ အဖြစ်သို့ရောက်ကုန်သော၊ ဝါ–ချစ်အပ်သော သီလရှိကုန်သော၊ ဘိက္ခူနံ–တို့၏၊ ဖာသုဝိဟာရာယ–ချမ်းသာစွာ နေနိုင်ခြင်း အကျိုးငှာလည်းကောင်း၊

ဒိဋ္ဌဓမ္မိကာနံ–မျက်မှောက်ဘဝ၌ ဖြစ်ကုန်သော၊ အာသဝါနံ–အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာသော ဘေးရန်တို့ကို၊ သံဝရာယ–စောင့်စည်း ပိတ်ဆို့ခြင်းငှာလည်းကောင်း၊ သမ္ပရာယိကာနံ–တမလွန်ဘဝ၌ ဖြစ်ကုန်သော၊ အာသဝါနံ–ပြုအပ်သော မကောင်းမှုအားလျော်စွာ ဖြစ်ပေါ်လာသော ဒုက္ခအထူး တို့ကို၊ ပဋိဃာတာယ–တားမြစ်ခြင်းငှာလည်းကောင်း၊ အပ္ပသန္နာနံ–သာသနာတော်၌ မကြည်ညိုသေးသူတို့၏၊ ပသာဒါယဝါ–ကြည်ညိုခြင်းငှာလည်းကောင်း၊ ပသန္နာနံ–သာသနာတော်၌ ကြည်ညိုပြီးသူတို့၏၊ ဘိယျောဘာဝါယဝါ–ကြည်ညိုခြင်း၏ လွန်စွာတိုးပွားခြင်းငှာ လည်းကောင်း၊ သဒ္ဓမ္မဋ္ဌိတိယာ–သဒ္ဓမ္မ ၃ ဖြာ, ကြာရှည်စွာ တည်တံ့ခြင်းငှာလည်းကောင်း၊ ဝိနယာနုဂ္ဂဟာယ–သံဝရဝိနည်း စသော ဝိနယ ၄ လီကို ချီးမြှောက်ချီးမြှင့်ခြင်း အကျိုးငှာလည်းကောင်း၊ ဝါ–ဝိနည်း ၄ ပါးကို မြှောက်စား ချီးပင့်ခြင်း အကျိုးငှာ လည်းကောင်း၊ ဘဂဝတာ–သည်၊ ပဌမံ ပါရာဇိကံ–ကို၊ ပညတ္တံ–မူအပ်ပြီ၊ [“သံဃသုဋ္ဌုတာယ”စသော ပုဒ်တို့၏အဖွင့်ကို ပါရာဇိကဏ် သုဒ္ဓိနကဏ္ဍ ဘာသာဋီကာ အဆုံးနား၌ ပြထားပြီ။]

သေက္ခာ စ–သေက္ခပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ ပုထုဇ္ဇနကလျာဏကာ စ–ကလျာဏပုထုဇ္ဇဉ်တို့သည်လည်းကောင်း [“ကလျာဏကာ”၌ သမာသန္တ ကပစ္စည်း။] သိက္ခန္တိ–ကျင့်ကြကုန်ဆဲ၊ အရဟန္တော–ရဟန္တာပုဂ္ဂိုလ်တို့သည်၊ သိက္ခိတသိက္ခာ–နံ၏၊ သိက္ခာကာမေသု–သိက္ခာ ၃ ပါးကိုလိုလားသော ပုဂ္ဂိုလ်တို့၌၊ ဌိတံ–၏၊ ယေသံ–အကြင်ပုဂ္ဂိုလ်တို့၏(နှုတ်၌)၊ ဝတ္တတိ–ဖြစ်၏၊ တေ–ထိုပုဂ္ဂိုလ်တို့သည်၊ ဓာရေန္တိ–နံ၏၊ ကဿ ဝစနန္တိ–ကဿ ဝစနံဟူသော ပုစ္ဆာ၌၊ အရဟတော–သော၊ သမ္မာသမ္ဗုဒ္ဓဿ–သော၊ ဘဂဝတော–၏၊ (ဝစနံ–စကားတော်တည်း၊) ကေနာဘတန္တိ–ကေနာဘတံဟူသော ပုစ္ဆာ၌၊ ပရမ္ပရာဘတံ–အဆက်ဆက်သော ထေရ်တို့သည် ဆောင်အပ်ပြီ၊ (ဣတိ–ဤအဖြေသည်၊ ဟောတိ–၏။)

**(၃)ဂါထာများ၏အနက်။** ။ဥပါလိ–ဥပါလိထေရ်သည်လည်းကောင်း၊ ဒါသကောစေဝ–ဒါသကထေရ်သည်လည်းကောင်း၊ သောဏကော–သည်လည်းကောင်း၊ သိဂ္ဂဝေါ–သည်လည်းကောင်း၊ တထာ–ထိုမှတစ်ပါး၊ မောဂ္ဂလိပုတ္တေန–မောဂ္ဂလိဗြဟ္မာ၏ သားဖြစ်သော တိဿထေရ်အားဖြင့်၊ ပဉ္စမာ–ငါးပါးမြောက်ဖြစ်

ဥပါလိဒါသကောစေဝ။ ။“ပရမ္ပရာဘတံ”ဟူသော အဖြေနှင့်စပ်၍ အဆက်ဆက် ဆောင်ရွက်တော်မူလာသော ထေရ်တို့ကို ပြတော်မူလိုသောကြောင့် “ဥပါလိ ဒါသကောစေဝ”စသော ဂါထာတို့ကို ရှေးသီဟိုဠ်ထေရ်တို့ မိန့်တော်မူကြသည်၊ ထိုဂါထာတို့တွင် “ဥပါလိ၊ပေ၊အာဂနုံ” ဂါထာဖြင့် ဇမ္ဗူဒိပ်၌အဆက်ဆက်သောထေရ်တို့ကိုပြသည်၊ တတော မဟိန္ဒော ဣဋ္ဋိယော ဝိနယံ တေ ပကာသေသုံ တိုင်အောင်သော ဂါထာတို့ဖြင့် သီဟိုဠ်ကျွန်း၌ အဆက်ဆက်ထေရ်တို့ကို ပြသည်။ [“တတော မဟိန္ဒော ဣဋ္ဋိယောစသော ဂါထာတို့၏အဖွင့်ကို ပါရာဇိကဏ်ဘာသာဋီကာ ၉ ဗာဟိရနိဒါနအဖွင့်အစ၌ ပြထားပြီ။]

ကုန်သော၊ တေ-ဤရဟန္တာအရှင်မြတ်တို့သည်၊ မေဇ္ဈသီရိဂုဓေယ-သမြေပြင်နှင့် တူသော အမည်ရှိသောကျွန်း၌၊ (သာရတ္ထအလို)၊ တစ်နည်း၊ မေဇ္ဈသီရိဂုဓေယ-သမြေပြင်နှင့်တူသော အသရေရှိသော အမည်ရှိသောကျွန်း၌၊ (ဝိမတိအလို)၊ ဝိနယံ-ဝိနည်းပိဋကကို၊ အာနေသုံ-ဆောင်ခဲ့ကြကုန်ပြီ၊ ["ဝိနယံ အာနေသုံ"ဟု ထည့်ပါ၊ "မေဇ္ဈသီရိဂုဓေယ"၏အဖွင့်ကို ပါရာဇိကဏ်ဘာသာဋီကာ ပဌမသံဂါယနာ အဆုံးနား၌ ပြထားပြီ။

တတော-ထိုမှနောက်၌၊ မဟိန္ဒော-မဟိန္ဒထေရ်သည်လည်းကောင်း၊ ဣဋ္ဋိယော-သည်လည်းကောင်း၊ ဥတ္တိယော-သည်လည်းကောင်း၊ သမ္ဗလော-သည်လည်းကောင်း၊ တထာ-ထိုမှတစ်ပါး၊ ပဏ္ဍိတော-ပညာရှိသော၊ ဘဒ္ဒသာလော-ဘဒ္ဒသာလ အမည်ရှိသော ထေရ်သည်လည်းကောင်း၊ မဟာပညာ-ကြီးသောပညာ ရှိကုန်သော၊ ဧတေ နာဂါ-ဤရဟန္တာအရှင်မြတ်တို့သည်၊ ဇမ္ဗုဒီပါ- ဇမ္ဗုဒီပ်မှ၊ ဣဓ-ဤသီဟိုဠ်ကျွန်းသို့၊ အာဂတာ-ကြွလာကုန်ပြီ၊ တေ-ထိုထေရ်တို့သည်၊ တမ္ဗပဏ္ဏိယာ-တမ္ဗပဏ္ဏိမည်သော သီဟိုဠ်ကျွန်း၌၊ ဝိနယံ ပိဋကံ-ဝိနည်းပိဋကကို၊ ဝါစယိံသု-ဆိုစေကြကုန်ပြီ၊ ဝါ-ပို့ချကြကုန်ပြီ၊ ပဉ္စ-ငါးပါးကုန်သော၊ နိကာယေ-နိကာယ်တို့ကိုလည်းကောင်း၊ သတ္တ-၇ ကျမ်းကုန်သော၊ ပကရဏာဓေဝ-အဘိဓမ္မာကျမ်းတို့ကိုလည်းကောင်း၊ ဝါစေသုံ-နံပြီ၊ ["ပဉ္စနိကာယေ"အရ ဝိနည်း, အဘိဓမ္မာမှ တစ်ပါးသော နိကာယ်ငါးရပ်ကို ယူပါ။]

တတော-ထိုမှနောက်၌၊ မေဓာဝီ-ထက်မြက် လျင်မြန်သော ပညာရှိသော၊ အရိဋ္ဌော-အရိဋ္ဌထေရ်သည်လည်းကောင်း၊ ပဏ္ဍိတော-သော၊ တိဿဒတ္တောစ-တိဿဒတ္တထေရ်သည်လည်းကောင်း၊ ဝိသာရဒေါ-ကင်းသောရွံ့ရှားခြင်းရှိသော၊ ကာဠသုမနော-သည်လည်းကောင်း၊ ဒီဃနာမကော-ဒီဃအမည်ရှိသော၊ ထေရောစ-သည်လည်းကောင်း၊ ပဏ္ဍိတော-သော၊ ဒီဃသုမနောစ-ဒီဃသုမန ထေရ်သည်လည်းကောင်း၊ [ဤကဏ္ဍအားပုဒ်အားလုံးကို "ပကာသေသုံ"၌ လှမ်းစပ်၊ နောက်နောက်ကဏ္ဍအားပုဒ်တို့လည်း နည်းတူ။]

ပုနဒေဝ-တစ်ဖန်သာလျှင်၊ ကာဠသုမနော-ကာဠသုမနထေရ်သည်လည်းကောင်း၊ ["သုမန" ဟူသော အမည်တော်ချင်းထပ်၍ "ပုနဒေဝ"ဟု ဆိုသည်၊ နောက်၌လည်း ဤနည်းချည်း။] နာဂတ္ထေရော စ-နာဂထေရ်သည်လည်းကောင်း၊ ဗုဒ္ဓရက္ခိတော-သည်လည်းကောင်း၊ မေဓာဝီ-ထက်မြက်လျင်မြန်သော ပညာရှိသော၊ တိဿတ္ထေရောစ-သည်လည်းကောင်း၊ ပဏ္ဍိတော-သော၊ ဒေဝတ္ထေရောစ-သည်လည်းကောင်း၊ ပုနဒေဝ-သာလျှင်၊ မေဓာဝီ-သော၊ ဝိနယေစ-၌လည်း၊ ဝိသာရဒေါ-ကင်းသောရွံ့ရှားခြင်းရှိသော၊ သုမနော-သည်လည်းကောင်း၊ ဗဟုဿုတော-သော၊ ဂဇောဝ-ဆင်ပြောင်ကြီးကဲ့သို့၊ ဒုပ္ပဓံသိယော-မဖျက်ဆီးအပ်, မဖျက်ဆီးနိုင်သော၊ စူဠနာဂေါ-စူဠနာဂထေရ်သည်လည်းကောင်း။

ရေဟာဏေ–ရေဟာဏ နေပြည်၌၊ သာဓုပူဇိတော–သူတော်ကောင်းတို့ ပူဇော်အပ်သော၊ ဓမ္မပါလိတနာမကော စ–ဓမ္မပါလိတ အမည်ရှိသော ထေရ်သည်လည်းကောင်း၊ တဿ–ထိုဓမ္မပါလိတထေရ်၏၊ သိဿော–တပည့်ဖြစ်သော၊ မဟာပညော–သော၊ တိပေဋကော–ပိဋက ၃ ပုံရှိသော၊ ဝါ–ပိဋက ၃ ပုံကို ဆောင်သော၊ ခေမနာမော–ခေမအမည်ရှိသော၊ (ယော ထေရော–သည်၊) ဒီပေ–သီဟိုဠ်ကျွန်း၌၊ တာရကရာဇာဝ–ကြယ်များသေဋ္ဌနင်း, ရွှေလမင်းကဲ့သို့၊ ပညာယ–ဖြင့်၊ အတိရောစထ–အလွန်တင့်တယ်ပြီ၊ (သော စ–ထိုခေမထေရ်သည်လည်းကောင်း။)

မေဓာဝီ–သော၊ ဥပတိဿော စ–ဥပတိဿ ထေရ်သည်လည်းကောင်း၊ မဟာကထီ–မြတ်သော တရားစကားရှိသော၊ ဝါ–မြတ်သော ဓမ္မကထိကဖြစ်သော၊ ဖုဿဒေဝေါ–သည်လည်းကောင်း၊ ပုနဒေဝ–လျှင်၊ မေဓာဝီ–သော၊ သုမနော–သည်လည်းကောင်း၊ ဗဟုဿုတော–သော၊ ပုပ္ဖနာမော–(ပဒုမ္မာကြာ)ပန်းအမည်ရှိသော မဟာပဒုမထေရ်သည်လည်းကောင်း၊ [ပုပ္ဖနာမောတိ မဟာပဒုမတ္ထေရော၊ ဋီကာ။] မဟာကထီ–သော၊ ဝါ–သော၊ သဗ္ဗတ္ထ ပိဋကေ–ပိဋက ၃ ပုံ အလုံးစုံ၌၊ ကောဝိဒေါ–ကျွမ်းကျင်တော်မူသော၊ မဟာသိဝေါ–သည်လည်းကောင်း။

ပုနဒေဝ–လျှင်၊ မေဓာဝီ–သော၊ ဝိနယေ စ–၌လည်း၊ ဝိသာရဒေါ–သော၊ ဥပါလိ–သည်လည်းကောင်း၊ မဟာပညော–သော၊ သဒ္ဓမ္မဝံသကောဝိဒေါ–သူတော်ကောင်းတရားတည်းဟူသော အနွယ်၌ ကျွမ်းကျင်သော၊ မဟာနာဂေါ–သည်လည်းကောင်း၊ ပုနဒေဝ–လျှင်၊ မေဓာဝီ–သော၊ သဗ္ဗတ္ထပိဋကေ–၌၊ ကောဝိဒေါ–သော၊ အဘယော–အဘယထေရ်သည်လည်းကောင်း၊ မေဓာဝီ–သော၊ ၊ပေ၊ တိဿတ္ထေရော စ–သည်လည်းကောင်း၊ တဿ–ထိုတိဿထေရ်၏၊ သိဿော–သော၊ မဟာပညော–သော၊ ဗဟုဿုတော–သော၊ ပုပ္ဖနာမော–မြတ်လေးပန်းနှင့်တူသော သုမန အမည်ရှိသော၊ (ယော ထေရော၊) သာသနံ–ကို၊ အနုရက္ခန္တော–အစဉ်စောင့်ရှောက်တော်မူလျက်၊ ဇမ္ဗုဒီပေ–၌၊ ပတိဋ္ဌိတော–တည်ပြီ၊ (သော စ–ထိုသုမနထေရ်သည်လည်းကောင်း။)

မေဓာဝီ–သော၊ ဝိနယေ စ–၌လည်း၊ ဝိသာရဒေါ–သော၊ စူဠာဘယော စ–စူဠာဘယထေရ်သည်လည်းကောင်း၊ မေဓာဝီ သဒ္ဓမ္မဝံသကောဝိဒေါ, တိဿတ္ထေရော စ– သည်လည်းကောင်း၊ မေဓာဝီ ဝိနယေ စ ဝိသာရဒေါ, စူဠဒေဝေါ စ–သည်လည်းကောင်း၊ မေဓာဝီ သဗ္ဗတ္ထဝိနယေ–အလုံးစုံသော ဝိနည်း၌၊ ကောဝိဒေါ, သိဝတ္ထေရော စ–သည်လည်းကောင်း၊ မဟာပညာ–ကြီးသောပညာရှိကုန်သော၊ ဝိနယညူ–ဝိနည်းကို တတ်သိကုန်သော၊ မဂ္ဂကောဝိဒေါ–နတ်ပြည်လမ်း, နိဗ္ဗာန်လမ်းတို့၌ ကျွမ်းကျင်တော်မူကြကုန်သော၊ ဧတေ နာဂါ–ထိုရဟန္တာအရှင်မြတ်တို့သည်၊ တမ္ဗပဏ္ဏိယာ–တမ္ဗပဏ္ဏိမည်သော၊ ဒီပေ–သီဟိုဠ်ကျွန်း၌၊ ဝိနယံ ပိဋကံ–ဝိနည်းပိဋကကို၊ ပကာသေသုံ–ထင်ရှားပြကြကုန်ပြီ၊ ဣတိ–ပရမ္ပရာဘာဏဟူသော အစဉ်ဖြ နှင့်စပ်၍ မှတ်ဖွယ်အပြီးတည်း။

**၄။ ဒုတိယ ပါရာဇိကာ။** ။ဤဒုတိယ ပါရာဇိကၐ္ဍ ပဌမ ပါရာဇိကကဲ့သို့ "ယံ တေန ။ပေ၊ ကတ္ထ ပညတ္တံ၊ ကံ အာရဗ္ဘ"စသော ပုစ္ဆာဝါကျ သီးခြားပါရမည်၊ ပါဠိတော်၌ကား မြှုပ်ထားအပ်ပါသည်၊ သို့သော် လွယ်ကူအောင် ပါဠိတော်ရှိသည့် အတိုင်းသား အနက်ပေးပါမည်။

တေနတာ၊ပေ၊ တေန ဘဂဝတာ–သည်၊ ဒုတိယံ–ဒုတိယဖြစ်သော၊ ယံ ပါရာဇိကံ–ကို၊ (ပညတ္တံ၊ တံ–ထိုဒုတိယပါရာဇိကကို၊) ကတ္ထ–၌၊ ပညတ္တံ–နည်း၊ ဣတိ–ဤပုစ္ဆာ၌၊ ရာဇဂဟေ–ရာဇဂြိုဟ်မြို့၌၊ (ပညတ္တံ–အပ်ပြီ၊) ဣတိ–ဤအဖြေသည်၊ (ဟောတိ–၏၊) ကံ–ကို၊ အာရဗ္ဘ–၍၊ (ပညတ္တံ–နည်း၊) ဣတိ–ဤပုစ္ဆာ၌၊ ကုမ္ဘကာရပုတ္တံ–အိုးထိမ်းသည်၏သားဖြစ်သော၊ ဓနိယံ–ဓနိယကို၊ အာရဗ္ဘ (ပညတ္တံ ဣတိ ဟောတိ၊) ။ပေ၊ ကုမ္ဘကာရပုတ္တော, ဓနိယော–သည်၊ ရညော–ဗိမ္ဗိသာရမင်း၏၊ ဒါရူနိ–သစ်တော်တို့ကို၊ အဒိန္နံ–မပေးအပ်သောဥစ္စာကို၊ အာဒိယိ–ယူပြီ၊ ။ပေ၊ သိယာ–ရှိခါ၊ ။ပေ၊ ဝါစတော–ကြောင့်၊ န (သမုဋ္ဌာတိ)–မဖြစ်၊ [ဤသို့ စသည် ဖြင့် "ကေနာဘတန္တိ ပရမ္မရာဘတံ"တိုင်အောင် "ဣတိ–ဤသို့သောအဖြေသည်၊ ဟောတိ"ဟု ပေးပါ၊ ပါဠိတော်၌ ပေယျာလမြှုပ်ထားသည်။]

**၅။ တတိယ ပါရာဇိကာ။** ။ဤ၌ကား သီးခြားဖြစ်သော ပုစ္ဆာဝါကျကိုလည်း ကောင်း၊ "ယံ တေန ။ပေ၊ သမ္ဗသမ္ဗုဒ္ဓေနဟူသော စကားကိုလည်းကောင်း၊ ပေယျာလမြှုပ်ထားသည်၊ ပါဠိတော်၌ ရှိသည့်အတိုင်းသာ အနက်ပေးပါမည်၊ တတိယံ–သော၊ ပညတ္တံ–နည်း၊ ဣတိ–ဤပုစ္ဆာ၌၊ ဝေသာလိယံ–ဝေသာလီမြို့၌(ပညတ္တံ–အပ်ပြီ၊ ဣတိ ဟောတိ) ။ပေ၊ သမ္ဗဟုလေ–များစွာကုန်သော၊ ဘိက္ခူ–တို့ကို၊ အာရဗ္ဘ (ပညတ္တံ၊) ။ပေ၊ ဘိက္ခူ–တို့သည်၊ ဝေါရောပေသုံ–နှင်းကြကုန်ပြီ၊ [ဤသို့ စသည်ဖြင့် ပေးပါ။]

**၆။ စတုတ္ထ ပါရာဇိကာ။** ။[တတိယပါရာဇိကကဲ့သို့ ပေယျာလမြှုပ်ထားပုံကို သိပါ။] ဝဂ္ဂုမုဒါတီရိယေ–ဝဂ္ဂုမုဒါမြစ်ကမ်း၌နေကုန်သော၊ ဘိက္ခူ–တို့ကို၊ ။ပေ၊ ဘိက္ခူ, ဂိဟီနံ–လူတို့အား၊ အညမညဿ–အချင်းချင်း၏၊ ဥတ္တရိမနုဿဓမ္မဿ–၏၊ ဝဏ္ဏံ–ဂုဏ်ကို၊ ဘာသိံသု–ပြောဆိုကြကုန်ပြီ၊ [ကြွင်းပုဒ်တို့၌ အနက်လွယ်ပြီ။]

စတ္တာရော ပါရာဇိကာ နိဋ္ဌိတာ။

တဿ–ထိုပါရာဇိကာ၏၊ ဥဒ္ဒါနံ–ဥဒါန်းကား၊ မေထုန–မေထုနသိက္ခာပုဒ်လည်း ကောင်း၊ ။ပေ၊ ဥတ္တရိ–ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်လည်းကောင်း၊ ဣတိ–သို့၊ စတ္တာရိ–ကုန်သော၊ ပါရာဇိကာနိ–တို့သည်၊ ဆေဇ္ဇဝတ္ထူ–သာသနာတော်ဝယ် အမြစ် အရင်း၏ ပြတ်ကြောင်း ဝတ္ထုတို့တည်း၊ အသံသယ–မယုံးမှားအပ်, မယုံမှား ထိုက်ကုန်၊ ဣတိ–တဿုဒ္ဒါန စကားရပ်, အပြီးသတ်တည်း။

## ၂။ သံဃာဒိသေသကဏ္ဍ

**အမှာ။** ။ဤမှ နောက်၌ ပါရာဇိကသိက္ခာပုဒ်များကို နည်းမှီ၍ သိပါ၊ ထူးရာကိုသာ ရေးပါမည်၊ ပါတိမောက်နှင့်တူသောပုဒ်တို့ကိုလည်း ထို နိဿယ အတိုင်းပေးပါ။

**၈။** တေနတာ ။ပေ၊ တေန ဘဂဝတာ–သည်၊ ဥပက္ကမိတွာ–လုံ့လပြု၍၊ အသုစိ–သုတ်ကို၊ မောစေန္တဿ–လွှတ်စေသောရဟန်း၏၊ ယံ (ယော)–သံဃာဒိ သေသော–အကြင် သံဃာဒိသေသ်ကို၊ (ပညတ္တော–ပညတ်တော်မူအပ်ပြီ၊ သော– ထိုသံဃာဒိသေသ်ကို) ကရွာ–အဘယ်အရပ်၌၊ ပညတ္တော–နည်း၊ (အဖြေဝါကျ၌) အာယသ္မန္တံ သေယျသကံ–အရှင်သေယျသကကို၊ အာရဗ္ဘ ။ပေ၊ အာယသ္မာ သေယျသကော–အရှင်သေယျသကသည်၊ ဟတ္ထေန ။ပေ၊ မောစေသိ–လွှတ်စေပြီ၊ ။ပေ၊ တတိယေန–သုံးခုမြောက်ဖြစ်သော၊ ဥဒ္ဒေသေန–သံဃာဒိသေသုဒ္ဒေသဖြင့်၊ ။ပေ။

**၉။** မာတုဂါမေန သဒ္ဓိံ, ကာယသံသဂ္ဂံ–ကိုယ်ဖြင့် နီးနှောခြင်းသို့၊ သမာ ပဇ္ဇန္တဿ–ရောက်သော ရဟန်း၏၊ [ယံ(ယော) သံဃာဒိသေသော စသည် ပေးပါ၊ "အာယသ္မန္တံ ဥဒါယိံ–အရှင်ဥဒါယီကို၊ ။ပေ၊ သမာပဇ္ဇိ–ရောက်ပြီ" နောက်နောက် သိက္ခာပုဒ်တို့၌လည်း နည်းတူသိပါ။] (၁၀)။ မာတုဂါမံ ဒုဋ္ဌုလ္လာဟိ, ဝါစာဟိ– တို့ဖြင့်၊ ဩဘာသေန္တဿ–ယုတ်ယုတ်မာမာ ပြောဆိုသော ရဟန်း၏၊ ။ပေ၊ ဩဘာသိ–ယုတ်ယုတ်မာမာ ပြောဆိုပြီ၊ ။ပေ၊ (၁၁)။ မာတုဂါမဿ သန္တိကေ အတ္တကာမပါရိစရိယာယ ဝဏ္ဏံ, ဘာသန္တဿ–ပြောဆိုသော ရဟန်း၏၊ ။ပေ၊ အဘာသိ–ပြောဆိုပြီ။ (၁၂)။ သဉ္စရိတ္တံ–မိန်းမယောကျ်ား ၂ ဦးသားတို့၏ အလယ်၌ လှည့်လှည်ခြင်းရှိသူ၏ အဖြစ်သို့၊ ဝါ–အောင်သွယ်ခြင်းသို့၊ သမာ ပဇ္ဇန္တဿ–၏၊ ။ပေ။

**၁၃။** သညာစိကာယ–ကိုယ်တိုင်ဖြစ်စေအပ်သော တောင်းခြင်းဖြင့်၊ ကုဋိံ– ဥလ္လိမ္ပိတ္တစသော ကျောင်းငယ်ကို၊ ကာရာပေန္တဿ–ပြုစေသော ရဟန်း၏၊ ဝါ– ဆောက်လုပ်စေသော ရဟန်း၏၊ ။ပေ၊ အာဠဝကာ–အာဠဝီတိုင်း၌မွေးဖွားကုန် သော၊ ဘိက္ခူ–တို့ကို၊ [ဤပုဒ်၏ အဖွင့်ကို ပါရာဇိကဏ်ဘာသာဋီကာ ကုဋိကာရ သိက္ခာပုဒ်အဖွင့်၌ ပြထားပြီ။] ။ပေ၊ ကာရာပေသုံ–ပြုစေကြကုန်ပြီ၊ ။ပေ၊ (၁၄)။ မဟလ္လကံ ဝိဟာရံ ကာရာပေန္တဿ–၏၊ ။ပေ၊ အာယသ္မာဆန္နော–သည်၊ ဝိဟာရဝတ္ထုံ–ကျောင်း၏တည်ရာ မြေကို၊ (ကျောင်းဆောက်ဖို့ နေရာကို) သောဓေန္တော– သုတ်သင် ရှင်းလင်းလသော်၊ အညတရံ–အမှတ်မထား တစ်ပါးပါးသော၊ စေတိယ ရုက္ခံ–စေတီဟု သမုတ်အပ်သော သစ်ပင်ကို၊ (ပူဇော်ထိုက်၏ဟု သမုတ်အပ်သော သစ်ပင်ကို၊) ဆေဒါပေသိ–ဖြတ်စေပြီ။

၁၅။ ဘိက္ခုံ အမူလကေန ပါရာဇိကေန ဓမ္မေန အနုဒ္ဓံသေန္တဿ–စွပ်စွဲ ဖျက်ဆီးသော ရဟန်း၏၊ ။ပေ၊ မေတ္တိယဘုမ္မဇကော–မေတ္တိယ, ဘုမ္မဇကမည်ကုန်သော၊ ဘိက္ခူ–တို့ကို၊ ။ပေ၊ အာယသ္မန္တံ ဒဗ္ဗံ–အရှင်ဒဗ္ဗကို၊ ။ပေ၊ အနုဒ္ဓံသေသုံ–န်ပြီ။

၁၆။ ဘိက္ခုံ အညဘာဂိယဿ ။ပေ၊ အနုရုဒ္ဓံသေန္တဿ–၏၊ ။ပေ။

၁၇။ သံဃဘေဒကဿ–သံဃာကို ကွဲပြားစေတတ်သော။ (သံဃာသင်းခွဲသော)၊ ယာဝတတိယံ–၃ ကြိမ်တိုင်အောင်၊ သမနုဘာသနာယ–ဉတ်ကမ္မဝါစာဖြင့် အဖန်ဖန် ပြောဆိုခြင်းကြောင့်၊ ဝါ–ပြောဆိုပါလျက်၊ န ပဋိနိဿဇ္ဇန္တဿ–အယူကို မစွန့်သော၊ ဘိက္ခုနော–၏၊ ။ပေ၊ ဒေဝဒတ္တံ–အရှင်ဒေဝဒတ်ကို၊ ။ပေ၊ သမဂ္ဂဿ သံဃဿ ဘေဒါယ, ပရက္ကမိ–အားထုတ်ပြီ၊ ။ပေ။ (၁၈)။ ဘေဒါနုဝတ္တကာနံ–သံဃာအသင်းခွဲသော ရဟန်းသို့အတုလိုက်၍ကျင့်ကုန်သော၊ [“ဘေဒ”ဖြင့် ဘေဒကတိုင်အောင်ယူပါ၊ တစ်နည်း၊, “ဘေဒကာနုဝတ္တကာနံ”ဟု ဆိုလိုလျက် (က)ကို ချေထားသည်၊ ကတာပတ္တိဝါရ၌ကား “ဘေဒကာနုဝတ္တကာ”ဟု ပင်ရှိသည်။] ယာဝတတိယံ, သမနုဘာသနာယ–ဖြင့်၊ န ပဋိနိဿဇ္ဇန္တာနံ–ကုန်သော၊ ဘိက္ခူနံ–တို့၏၊ ။ပေ၊ သမ္ဗဟုလာ ဘိက္ခူ, သံဃဘေဒါယ–ငှာ၊ ပရက္ကမန္တဿ–အားထုတ်သော၊ ဒေဝဒတ္တဿ–၏၊ ဝါ–သို့၊ အနုဝတ္တကာ–အတုလိုက်၍ ကျင့်ကုန်သည်၊ ဝဂ္ဂဝါဒကာ–ဝဂ်ဖြစ်ကြောင်း စကားကို ပြောဆိုတတ်ကုန်သည်၊ အဟေသုံ–ဖြစ်ကုန်ပြီ။ ။ပေ။

၁၉။ ဒုဗ္ဗစဿ–ခဲယဉ်းသောစကားရှိသော၊ (ဝိမတိအလို)၊ ဝါ–ခဲယဉ်းသဖြင့် ပြောဆိုအပ်သော စကားရှိသော၊ (ကင်္ခါဋီကာသစ် အလို)၊ ယာဝ တတိယံ ။ပေ၊ ဘိက္ခုနော–၏၊ ။ပေ၊ အာယသ္မန္တံ ဆန္နံ–အရှင်ဆန္နကို၊ ။ပေ၊ ဘိက္ခူဟိ–တို့သည်၊ သဟဓမ္မိကံ–သီတင်းသုံးဖော်တို့၏ ဥစ္စာဖြစ်သော သိက္ခာပုဒ်ဖြင့်၊ ဝုစ္စမာနော–ပြောဆိုအပ်သော်၊ အဝစနီယံ–မိမိကို၊ အဝစနီယံ–မဆိုထိုက်သူကို၊ အကာသိ–ပြုပြီ။ ။ပေ။

၂၀။ ကုလဒူသကဿ–အမျိုး ၄ ပါးတို့၏ သဒ္ဓါတရားကို ဖျက်ဆီးသော၊ ယာဝ တတိယံ ။ပေ ။ဘိက္ခုနော–၏၊ ။ပေ၊ အဿဇိ ပုနဗ္ဗသုကာ–အဿဇိ, ပုနဗ္ဗသုကတို့မည်သော၊ ဘိက္ခူ–တို့ကို၊ အာရဗ္ဘ ။ပေ၊ သံဃေန–သည်၊ (သံဃာက)၊ ပဗ္ဗာဇနီယကမ္မကတာ–ပြုအပ်ပြီးသော ပဗ္ဗဇနီယကံရှိကုန်သည်၊ (ပဗ္ဗာဇနီယကံ အပြုခံရကုန်သည်၊ ဟုတ္တာ)၊ ဘိက္ခူ–ကံပြုသော ရဟန်းတို့ကို၊ ဆန္ဒဂါမိတာ–ဆန္ဒာဂတိသို့ လိုက်သူတို့၏ အဖြစ်သို့လည်းကောင်း၊ ဒေါသဂါမိတာ–သို့လည်းကောင်း၊ မောဟဂါမိတာ–သို့လည်းကောင်း၊ ဘယဂါမိတာ–သို့လည်းကောင်း၊ ပါပေသုံ–ရောက်စေကြကုန်ပြီ ။ပေ၊ [တဿုဒ္ဒါနံ လွယ်ပြီ။] တေရသ သံဃာဒိသေသာ နိဋ္ဌိတာ။

## ၃။ အနိယတကဏ္ဍ

၂၁။ ပဌမော–သော၊ ယံ (ယော) အနိယတော–အကြင် အနိယတကို၊ (ပညတ္တော)ဟု ပေး၊ (၂၂) အာယသ္မာ ဥဒါယီ–သည်၊ မာတုဂါမေန သဒ္ဓိံ ဧကော ဧကာယ–တစ်ယောက်ချင်းချင်း၊ ရဟော–မျက်စိ၏ကွယ်ရာ၌၊ ပဋိစ္ဆန္နေ အလံ ကမ္မနိယေ အာသနေ–၌၊ နိသဇ္ဇံ–ထိုင်ခြင်းကို၊ ကပ္ပေသိ–ပြုပြီ၊ ပေ၊ စတုတ္ထေ န–၄ ခုမြောက်ဖြစ်သော၊ ဥဒ္ဒေသေန–အနိယတုဒ္ဒေသဖြင့်၊ ပေ၊ သိယာ–ရံခါ၊ သီလဝိပတ္တိ–တည်း၊ ["ပါရာဇိကေန ဝါ, သံဃာဒိသေသေန ဝါ"ကို ရည်ရွယ်သည်။] သိယာ, အာစာရဝိပတ္တိ–တည်း၊ ["ပါစိတ္တိယေန ဝါ"ကို ရည်ရွယ်သည်။] (၂၃) "ရဟော–နား၏ ကွယ်ရာ၌"ဟူသော ပုဒ်သာ ထူး၏။

**တသလ္လုံ့ချိန်။**။အလံ ကမ္မနိယဋ္ဌေ–အလံ ကမ္မနိယပုဒ်ဖြင့် မှတ်အပ်သော ပဌမအနိယတသိက္ခာပုဒ်၊ တထေဝ(တထာ+ဧဝ)–ထိုမှတစ်ပါး၊ န ဟောဝ ခေါ–န ဟောဝ ခေါပုဒ်ဖြင့် မှတ်အပ်သော ဒုတိယအနိယတသိက္ခာပုဒ်၊ (ဣတိ–သို့၊) အနိယတာ–တို့ကို၊ တာဒိနာ–တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော၊ ဗုဒ္ဓသေဋ္ဌေန–မြတ်သော ဘုရားရှင်သည်၊ သုပညတ္တာ–ကောင်းစွာ ပညတ်အပ်ကုန်ပြီ။

---

**ဧကော ဧကာယ။**။အာယသ္မာ ဥဒါယီ–သည်၊ ဧကော–တစ်ပါးတည်းသည်၊ (ဟုတ္វာ) ဧကာယ–တစ်ယောက်တည်းသော၊ မာတုဂါမေန သဒ္ဓိံ ပေ၊ ကပ္ပေသိ–ပြီ၊ ဤသို့ တစ်နည်း ပေးပါ၊ အချို့နေရာ၌ကား "ဧကော–တစ်ပါးတည်းသော၊ ဘိက္ခု–သည်၊ ဧကာယ–သော၊ မာတုဂါမေန သဒ္ဓိံ"ဟု ပေးရသည်၊ နေရာတိုင်း ဤနည်းချည်းတည်း။

---

## ၄။ နိဿဂ္ဂိယကဏ္ဍ

[ပါဠိတော်နှင့်တူသော ပုဒ်တို့၏အနက်ကို ထိုနိဿယအတိုင်း ဆိုပါ။]

### ၁–ကထိနဝဂ်

၂၄။ တေန ဘဂဝတာ–သည်၊ အတိရေကစီဝရံ–ကို၊ ဓာရေယျ–ဆောင်ရာကို၊ ပေ၊ တေန ဘဂဝတာ–သည်၊ အတိရေကစီဝရံ–ကို၊ ဒသာဟ–ဆယ်ရက်ကို၊ အတိက္ကာမေန္တဿ–လွန်စေသော ရဟန်း၏၊ နိဿဂ္ဂိယံ–စွန့်ခြင်း ဝိနည်းကံရှိသော၊ ယံ ပါစိတ္တိယံ–ကို၊ (ပညတ္တံ) ပေ၊ တေရေသံ–ဆောင်ကြကုန်ပြီ၊ ပေ၊ (၂၅) ကေရတ္တံ့, တိစီဝရေန–နှင့်၊ ဝိပ္ပဝသန္တဿ–ကင်း၍နေသော ရဟန်း၏၊ ပေ၊ ဘိက္ခူနံ–တို့၏၊ ဟတ္ထေ–လက်၌၊ စီဝရံ, နိက္ခိပိတွာ–ထားခဲ့၍၊ သန္တရုတ္တရေန–သင်းပိုင်နှင့်ဧကသီဖြစ်သော ကိုယ်ရုံဖြင့်၊ [ဣတ္ထမ္ဘူတလက္ခဏတည်း။] ဇနပဒစာရိကံ–ဇနပုဒ်၌ လှည့်လည်ခြင်းကို၊ (ဇနပုဒ် ဒေသစာရီကို)၊ ပက္ကမိံသု–ဖဲသွားကုန်ပြီ၊ ပေ။

၂၆။ အကာလစီဝရံ–ကို ပဋိဂ္ဂဟေတွာ–ခံယူပြီး၍၊ မာသံ–တစ်လကို၊ အတိက္ကာမေန္တဿ–၏၊ ။ပေ၊ အတိက္ကမေသုံ–လွန်စေကြကုန်ပြီ၊ (၂၇) အညာတိကာယ, ဘိက္ခုနိယာ–သည်၊ (စာတ်ကတ္တား)၊ ဝါ–ကို၊ (ကာရိတ်ကံ) ပုရာဏစီဝရံ–ကို၊ ဓောဝါပေန္တဿ–ဖွပ်လျှော်စေသော ရဟန်း၏၊ ။ပေ၊ ဓောဝါပေသိ–ဖွပ်လျှော်စေပြီ၊ ။ပေ၊ (၂၈) အညာတိကာယ ဘိက္ခုနိယာ ဟတ္ထတော စီဝရံ, ပဋိဂ္ဂဏှန္တဿ–ခံယူသောရဟန်း၏၊ ။ပေ၊ ပဋိဂ္ဂဟေသိ–ခံယူပြီ၊ ။ပေ။

၂၉။ အညာတကံ ဂဟပတိံ ဝါ ။ပေ၊ ဝိညာပေန္တဿ–တောင်းသော ရဟန်း၏၊ ။ပေ၊ သက္ကျပုတ္တံ–သာကီဝင်မင်းတို့၏ သားဖြစ်သော၊ အာယသ္မန္တံ ဥပနန္ဒံ–အရှင်ဥပနန္ဒကို၊ ။ပေ၊ သေဋ္ဌိပုတ္တံ–သူဌေးသားကို၊ စီဝရံ–ကို၊ ဝိညာပေသိ–တောင်းပြီ၊ ။ပေ၊ (၃၀) အညာတကံ ။ပေ၊ တဒုတ္တရိ–ထိုသင်းပိုင်ကိုယ်ရုံထက် အပိုအလွန်၊ စီဝရံ ဝိညာပေန္တဿ–၏၊ ။ပေ၊ ဆဗ္ဗဂ္ဂိယေ–ခြောက်ယောက်အစု၌ ဖြစ်ကုန်သော၊ (ဆဗ္ဗဂ္ဂိတို့မည်သော၊) ဘိက္ခူ–တို့ကို၊ ။ပေ၊ မတ္တံ–အတိုင်းအရှည်ကို၊ န ဇာနိတွာ–မသိမူ၍၊ ဗဟုံ–များစွာ၊ စီဝရံ–ကို၊ ဝိညာပေသုံ–တောင်းကြကုန်ပြီ၊ ။ပေ။

၃၁။ ပုဗ္ဗေ, အပ္ပဝါရိတဿ–မဖိတ်ဖူးအပ်ပဲ၊ အညာတကံ–သော၊ ဂဟပတိကံ–သို့၊ ဥပသင်္ကမိတွာ, စီဝရေ, ဝိကပ္ပံ–သို့၊ အာပဇ္ဇန္တဿ–ရောက်သော ရဟန်း၏၊ ။ပေ၊ အာပဇ္ဇိ–ရောက်ပြီ။ပေ၊ (၃၂) လွယ်ပြီ၊ (၃၃) အတိရေကတိက္ခတ္တုံ–၃ ကြိမ်ထက်အလွန်၊ စောဒနာယ–တောင်ခြင်းဖြင့်လည်းကောင်း၊ အတိရေကဆက္ခတ္တုံ–၆ ကြိမ်ထက်အလွန်၊ ဌာနေန–ရပ်ခြင်းဖြင့်လည်းကောင်း၊ စီဝရံ–ကို၊ အဘိနိပ္ဖာဒေန္တဿ–ပြီးစေသော ရဟန်း၏၊ ။ပေ၊ အာယသ္မာ ဥပနန္ဒော–သည်၊ ဥပါသကေန–သည်၊ ဘန္တေ–အရှင်ဘုရား၊ အဇ္ဇဏှော–ယနေ့တစ်ရက်မျှ၊ အာဂမေဟိ–ဆိုင်းငံ့ပါဦး၊ ဣတိ–ဤသို့၊ ဝုစ္စမာနော–ပြောဆိုအပ်ပါလျက်၊ နာဂမေသိ (န+အာဂမေသိ)–မဆိုင်းငံ့၊ ။ပေ၊ ပဌမော–သော၊ ကထိနဝဂ္ဂေါ–တည်း။

---

## ၂။ ကောသိယဝဂ်

၃၄။ ကောသိယမိဿကံ, သန္ထတံ–ကို၊ ကာရာပေန္တဿ–ပြုစေသော ရဟန်း၏၊ ။ပေ၊ ကောသိယကာရကေ–ပိုးချည်ကို ပြုလုပ်သူတို့ကို၊ ဝါ–သို့၊ ဥပသင်္ကမိတွာ, ဧဝံ–သို့၊ အာဟံသု–ပြောဆိုကြကုန်ပြီ၊ (ကိံ–န်သနည်း၊) အာဝုသော–ငါ့ရှင် ဒါယကာတို့၊ ဗဟူ–န်သော၊ ကောသကာရကေ–အိမ်ကိုပြုတတ်သော ပိုးကောင်ငယ်တို့ကို၊ ပစထ–ပြုတ်ကြကုန်လော၊ အမှာကမ္ပိ–တို့အားလည်း၊ ဒဿထ–လှူကြရကုန်လတ့်၊ မယမ္ပိ–တို့သည်လည်း၊ ကောသိယမိဿကံ သန္ထတံ ကာတုံ, ဣစ္ဆာမ–အလိုရှိကုန်၏၊ ဣတိ–ဤသို့ ပြောကြကုန်ပြီ၊ ။ပေ၊ (၃၅) သုဒ္ဓကာဠကာနံ ဧဠကလောမာနံ သန္ထတံ ကာရာပေန္တဿ–၏၊ ။ပေ၊ ကာရာပေသုံ–ပြုစေကြကုန်ပြီ။

၃၆။ ဩဒါတာနံ–ဖြူသောအဆင်းရှိသော သိုးမွေးတို့၏၊ တုလံ–တစ်ချိန်ကို လည်းကောင်း၊ ဂေါစရိယာနံ–ညိုရွှေရောရောင်, ကြောင်သောအဆင်းရှိသော သိုးမွေး တို့၏၊ တုလံ–ကိုလည်းကောင်း၊ အနာဒိယိတွာ–၍၊ ။ပေ၊ ယောကသော၀–အနည်း ငယ်သာလျှင်ဖြစ်သော၊ ဩဒါတံ–ဖြူသောအဆင်းရှိသော သိုးမွေးကို၊ အန္တေ– အစွန်၌၊ အာဒိယတွာ–ယူပြီး၍၊ တထေ၀–ထိုအတူပင်၊ သုဒ္ဓကာဠကာနံ ။ပေ၊ ကာရာပေသုံ၊ပေ၊ (၃၇) အနုဝဿံ–နှစ်စဉ်၊ သန္ထတံ ။ပေ၊ ကာရာပေန္တိ ဿ ။ပေ။

(၃၈) ပုရာဏသန္ထတဿ ။ပေ၊ သန္ထတာနိ–အခင်းတို့ကို၊ ဥဇ္ဈိတွာ–စွန့်၍၊ အာရညိကင်္ဂ–အာရညကင် ဓုတင်ကိုလည်းကောင်း၊ [တော၌ နေခြင်း အလေ့ရှိသူ၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကိုလည်းကောင်း၊] ပိဏ္ဍပါတိကင်္ဂ–ပိဏ္ဍပါတ် ဓုတင်ကိုလည်းကောင်း၊ [အပေါင်းအာမိသ၏ သပိတ်၌ ကျခြင်းကို ရှာခြင်းအလေ့ ရှိသူ၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကိုလည်းကောင်း၊] ပံသုကူလိကင်္ဂ– ပံသုကူဓုတင်ကိုလည်းကောင်း၊ [မြေပေါ်၌လွှား, မြေမှုန့်များနှယ်, စက်ဆုပ်ဖွယ်သို့ ရောက်သော သင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသူ၏ အကြောင်းအင်္ဂါ သမာဒါန စေတနာကိုလည်းကောင်း၊] သမာဒိယိံသု–ကောင်းစွာယူကြကုန်ပြီ၊ ဝါ–ဆောက် တည်ကြကုန်ပြီ၊ ။ပေ။

၃၉။ ဧဠကလောမာနိ ပဋိဂ္ဂဟေတွာ, တိယောဇနံ–သုံးယူဇနာကို၊ အတိက္ကာ မေန္တဿ–၏၊ ။ပေ၊ အတိက္ကာမေသိ–ကျော်လွန်စေပြီ၊ ။ပေ၊ (၄၀) လွှယ်ပြီ၊ (၄၁) ရူပိယံ–ငွေကို၊ ပဋိဂ္ဂဏှန္တဿ–ခံယူသော ရဟန်း၏၊ ။ပေ၊ ပဋိဂ္ဂဟေသိ– ခံယူပြီ၊ ။ပေ၊ (၄၂) နာနပ္ပကာရကံ ရူပိယသံဝေါဟာရံ, သမာပဇ္ဇန္တဿ– ရောက်သော ရဟန်း၏၊ ။ပေ၊ (၄၃) လွှယ်ပြီ။

ဒုတိယော–သော၊ ကောသိယဝဂ္ဂေါ–တည်း။

● ● ● ● ● ● ● ● ●

## ၃။ ပတ္တဝဂ်

၄၄။ အတိရေကပတ္တံ–ကို၊ ဒသာဟံ–ဆယ်ရက်ကို၊ အတိက္ကာမေန္တဿ– လွန်စေသောရဟန်း၏၊ ။ပေ၊ ဓာရေသုံ–ဆောင်ကြကုန်ပြီ၊ ။ပေ၊ (၄၅) ဦနပဉ္စဗန္ဓနေန ။ပေ၊ စေတာပေန္တဿ–တောင်းသောရဟန်း၏၊ ။ပေ၊ အပ္ပမတ္တကေန–အနည်းငယ် အတိုင်းအရှည်ရှိသော၊ ဘိန္နေနပိ–အကွဲဖြင့်လည်းကောင်း၊ အပ္ပမတ္တကေန–သော၊ ခဏ္ဍေနပိ–အပြတ်ဖြင့်လည်းကောင်း၊(အပဲ့ဖြင့်လည်းကောင်း၊) ဝိလိခိတမတ္တေနပိ– ရေးခြစ်အပ်ကာမျှဖြင့်လည်းကောင်း၊ [ဤပုဒ်တို့ကား ဣတ္ထမ္ဘူတလက္ခဏတို့တည်း။] ဗဟူ, ပတ္တေ–တို့ကို၊ ဝိညာပေသုံ–တောင်းကြကုန်ပြီ၊ ။ပေ၊ (၄၆) ဘေသဇ္ဇာနိ– ဆေးတို့ကို၊ ပဋိဂ္ဂဟေတွာ သတ္တာဟံ, အတိက္ကာမေန္တဿ–လွန်စေသော ရဟန်း၏၊ ။ပေ၊ အတိက္ကာမေသုံ–လွန်စေကြကုန်ပြီ၊ ။ပေ၊ ကထိနကေ–ကထိနကာသမှုဋ္ဌာန်တည်း၊

[ပထမကထိနသိက္ခာပုဒ်နှင့် သမုဋ္ဌာန်ချင်းတူသောကြောင့် "ကထိနကေ"ဟု ဆိုသည်၊ နောက်နောက် သိက္ခာပုဒ်တို့ဝယ် "ဧဠကလောမေ, ပဒသောဓမ္မေ"စသည် ဖြင့် ဆိုရာ၌လည်း နည်းတူ သိပါ။]

၄၇။ ဂိမှာနေ-နွေလသည်၊ အတိရေကမာသေ-တစ်လထက် အလွန်သည်၊ သေသေ-ကြွင်းလသော်၊ ဝါ-ကြွင်းသေးလျက်၊ ဝဿိကသာဋိကစီဝရံ-မိုးရေခံ သင်္ကန်းကို၊ ပရိယေသန္တဿ-ရှာမှီးသောရဟန်း၏၊ ။ပေ။

၄၈။ ဘိက္ခုဿ သာမံ စီဝရံ ဒတွာ, ကုပိတေန (ကုပိတဿ)-စိတ်ဆိုးသည် (ဖြစ်၍)၊ အနတ္တမနေန (အနတ္တမနဿ)-မိမိစိတ်မရှိသည် (ဖြစ်၍)၊ အစ္ဆိန္ဒန္တဿ-လုယူသောရဟန်း၏၊ ။ပေ။ အစ္ဆိန္ဒိ-လုယူပြီ၊ ။ပေ။ (၄၉) သာမံသုတ္တံ ။ပေ။ ဝါယာပေန္တဿ-ယက်စေသော ရဟန်း၏၊ ။ပေ။ ဝါယာပေသုံ-ယက်စေကုန်ပြီ၊ ။ပေ။ (၅၀) ပုဗ္ဗေ-၌ အပ္ပဝါရိတဿ-မဖိတ်အပ်ဖူးပဲ၊ ("အာပဇ္ဇန္တဿ" ၌စပ်၊) အညာတကဿ ဂဟပတိဿ ။ပေ။ အာပဇ္ဇန္တဿ-ရောက်သောရဟန်း၏၊ ။ပေ။

၅၁။ အစ္စေကစီဝရံ ပဋိဂ္ဂဟေတွာ, စီဝရကာလသမယံ-သင်္ကန်းကာလ, သမယကို၊ အတိက္ကာမေန္တဿ-၏၊ ။ပေ။ (၅၂)။ တိဏ္ဏံ စီဝရာနံ ။ပေ။ အတိရေကဆာရတ္တံ-ခြောက်ညဉ့်ထက်အလွန်၊ ဝိပ္ပဝသန္တဿ-ကင်း၍နေသော ရဟန်း၏၊ ။ပေ။ ဝိပ္ပဝသိံသု-ကင်း၍ နေကုန်ပြီ၊ ။ပေ။ (၅၃)။ ဇာနံ-ဇာနန္တဿ-သိလျက်၊ သံဃိကံ ။ပေ။ ပရိဏာမေန္တဿ-ညွတ်စေသော ရဟန်း၏၊ ။ပေ။ ပရိဏာမေသုံ-ညွတ်စေကြကုန်ပြီ၊ ။ပေ။ တတိယော-သော၊ ပတ္တဝဂ္ဂေါ-တည်း။

တိံသ, နိဿဂ္ဂိယာ, ပါစိတ္တိယာ နိဋ္ဌိတာ။

**တဿုဒ္ဒါနံ။** ။တဿ-ထိုနိဿဂ္ဂိယ ပါစိတ်၏၊ ဥဒ္ဒါနံ-ကား၊ ဒသ-ဒသ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော ပထမကထိနသိက္ခာပုဒ်၊ ဧကရတ္တိ-ဧကရတ္တိပုဒ် ဖြင့် မှတ်အပ်သော ဒုတိယကထိန သိက္ခာပုဒ်၊ ဝါ-ဥဒေါသိတ သိက္ခာပုဒ်၊ မာသော-မာသဟူသော ပုဒ်ဖြင့် မှတ်အပ်သော တတိယကထိန သိက္ခာပုဒ်၊

---

**၄၈။ ကုပိတေန (တဿ)။** ။စာအုပ်တို့၌ "ကုပိတေန အနတ္တမနေန"ဟု ရှိသော်လည်း တစ်ဝါကျတည်း၌ အရတူလျှင် ဝိဘတ်တူမြဲ ဖြစ်သောကြောင့်လည်းကောင်း, ဤ၌ "အစ္ဆိန္ဒန္တဿ"နှင့် အရတူသောကြောင့်လည်းကောင်း, "ကုပိတဿ အနတ္တမနဿ"ဟုရှိသင့်၏၊ နောက် ကတာပတ္တိဝါရ (ပဏ္ဏွင်၌) "ကုပိတော အနတ္တမနော အစ္ဆိန္ဒန္တော" ဟု ဝိဘတ်တူပင် ထိုးစံအတိုင်း ရှိပါသည်၊ [ရှေးနိဿယ၌ "ကုပိတေန-အမျက်ထွက်သဖြင့်၊ အတ္တမနေန-သဖြင့်"ဟု ပေးသည်မှာလည်း သဒ္ဒါထုံးစံမကျပါ။] နောက် "ဝိဟာရနိဂ္ဂမန"သော သိက္ခာပုဒ် တို့၌ ဤအတူ စိစစ်ပါ။

ဓောဝနဉ္စ–ပုရာဏစီဝရဓောဝါပနသိက္ခာပုဒ်၊ ပဋိဂ္ဂဟော–စီဝရပဋိဂ္ဂဟဏသိက္ခာပုဒ်၊ အညာတံ–အညာတကဝိညတ္တိသိက္ခာပုဒ်၊ တဉ္စ–"တံ စေ"ဟူသော ပါဌ်၌ တံ ဟူသော ပုဒ်ဖြင့် မှတ်အပ်သော တတုတ္တရိသာဒယနသိက္ခာပုဒ်၊ ဥဒ္ဒိဿ–ဥဒ္ဒိဿ ဟူသောပုဒ်ဖြင့် မှတ်အပ်သော ပဌမ ဥပက္ခဋသိက္ခာပုဒ်၊ ဥဘိန္နံ–ဥဘိန္နံဟူသော ပုဒ်ဖြင့် မှတ်အပ်သော ဒုတိယ ဥပက္ခဋသိက္ခာပုဒ်၊ ဒူတကေန စ–ဒူတေနဟူသော ပုဒ်ဖြင့် မှတ်အပ်သော ရာဇသိက္ခာပုဒ်၊ (ကထိနဝဂ်အတွက်တည်း။)

ကောသိယာ–ကောသိယသိက္ခာပုဒ်၊ သုဒ္ဓ ဒွေဘာဂါ–သုဒ္ဓကာဠကသိက္ခာပုဒ်, ဒွေဘာဂသိက္ခာပုဒ်တို့၊ ဆဗ္ဗဿာနိ–ဆဗ္ဗဿသိက္ခာပုဒ်၊ နိသီဒနံ–နိသီဒနသန္ထတ သိက္ခာပုဒ်၊ ဒွေ–နှ်သော၊ လောမာနိ–ဧဠကလောမ သိက္ခာပုဒ်, ဧဠကလောမ ဓောဝါပန သိက္ခာပုဒ်တို့၊ ဥဂ္ဂဏှေ–ဥဂ္ဂဏှေဟူသောပုဒ်ဖြင့် မှတ်အပ်သော ရူပိယ ပဋိဂ္ဂဟဏသိက္ခာပုဒ်၊ ဥဘော–၂ ပါးကုန်သော၊ နာနပ္ပကာရကာ–ပဌမ နာနပ္ပကာရကသိက္ခာပုဒ်, ဒုတိယနာနပ္ပကာရသိက္ခာပုဒ်တို့၊ ဝါ–နာနပ္ပကာရံဟူသော ပုဒ်ဖြင့် မှတ်အပ်သော ရူပိယသံဝေါဟာရ သိက္ခာပုဒ်, ကယဝိက္ကယ သိက္ခာပုဒ်တို့၊ (ကောသိယဝဂ် အတွက်တည်း။)

ဒွေ–နှ်သော၊ ပတ္တာနိ–ပဌမသတ္တသိက္ခာပုဒ်, ဒုတိယပတ္တသိက္ခာပုဒ်တို့၊ ဝါ–ပတ္တသိက္ခာပုဒ်, ဦနပဉ္စဗန္ဓန သိက္ခာပုဒ်တို့၊ ဘေသဇ္ဇံ–ဘေသဇ္ဇသိက္ခာပုဒ်၊ ဝဿိကာ–ဝဿိကသာဋိကသိက္ခာပုဒ်၊ ပဉ္စမံ–ငါးခုမြောက်ဖြစ်သော၊ အာဒါနံ–လုယူခြင်း ကြိယာဖြင့် မှတ်အပ်သော စီဝရအစ္ဆိန္နနသိက္ခာပုဒ်၊ သာမံ–သာမံဟူသောပုဒ်ဖြင့် မှတ်အပ်သော သုတ္တဝိညတ္တိ သိက္ခာပုဒ်၊ ဝါယာပန–စီဝရဝါယာပန သိက္ခာပုဒ်၊ ဝါ–ဝါယာပနကြိယာဖြင့် မှတ်အပ်သော ပေသကာရသိက္ခာပုဒ်၊ အစ္စေကော–အစ္စေကစီဝရသိက္ခာပုဒ်၊ သာသင်္ကံ–သာသင်္ကသိက္ခာပုဒ်၊ သံဃိကေနစ–သံဃိက သဒ္ဒါဖြင့် မှတ်အပ်သော ပရိဏတသိက္ခာပုဒ်၊ (ပတ္တဝဂ်အတွက်တည်း။) ဣတိ–တသုဒ္ဒါန်, အပြီးသတ်တည်း။

---

## ၅။ ပါစိတ္တိယကဏ္ဍ

[ပါတိမောက်နှင့်တူသော ပုဒ်တို့၏အနက်ကို ထိုနိဿယအတိုင်း ဆိုပါ။]

### ၁။ မုသာဝါဒဝဂ်

**၅၄။** ဓာနတာ ၊ပေ၊ တေန ဘဂဝတာ–သည်၊ သမ္ဗဓာန မုသာဝါဒေ–ကြောင့်၊ ယံ ပါစိတ္တိယံ–ကို၊ (ပညတ္တံ–ပညတ်တော်မူအပ်ပြီ၊ တံ–ထို သမ္ဗဓာန မုသာဝါဒ ပါစိတ်ကို၊ ကတ္ထ–အဘယ်အရပ်၌၊ ပညတ္တံ–ပညတ်တော်မူအပ်သနည်း၊ ဣတိ–ဤပုစ္ဆာ၌၊ သာဝတ္ထိယံ–၌၊ ပညတ္တံ–အပ်ပြီ၊ (ဣတိ–ဤအဖြေသည်၊ ယောတိ–၏၊) ကံ–ကို၊ အာရဗ္ဘ–၍၊ ပညတ္တံ–နည်း၊ ဣတိ–၌ သကျပုတ္တံ–

သာကီဝင်မင်းသားဖြစ်သော၊ ဟတ္ထကံ-အရှင်ဟတ္ထကကို၊ ၊ပေ၊ တိတ္ထိယေဟိ- တိတ္ထိတို့နှင့်၊ သဒ္ဓိံ-အတူ၊ သလ္လပန္တော-စကားပြောလသော်၊ အဝဇာနိတွာ-ပယ် ပြီး၍၊ ပဋိဇာနိ-ဝန်ခံပြီ၊ ပဋိဇာနိတွာ-ဝန်ခံပြီး၍၊ အဝဇာနာတိ-ပယ်ပြန်ပြီ၊ တသ္မိံ ဝတ္ထုသ္မိံ-ထိုဝတ္ထုကြောင့်၊ (ထိုအကြောင်းကြောင့်၊ ပညတ္တံ-အပ်ပြီ၊) ဤသို့ စသည်ဖြင့် "ကေနာဘတန္တိ ပရမ္ပရာဘတံ" တိုင်အောင်ပေး၍ "ပုစ္ဆာတိုင်း၌ "ဉတ္တိ-ဉာ်အဖြေသည်၊ ဟောတိ"ဟု ထည့်ပါ၊ နောက်သိက္ခာပုဒ်တို့၌လည်း နည်းတူပင်တည်း။]

၅၅။ ဩမသဝါဒေ-ကြောင့်၊ ပါစိတ္တိယံ-ကို၊ ကတ္ထ-၌၊ ပညတ္တံ-နည်း။ ၊ပေ၊ ဆဗ္ဗဂ္ဂိယာ ဘိက္ခူ-တို့သည်၊ ပေသလေဟိ-ကုန်သော၊ ဘိက္ခူဟိ-တို့နှင့်၊ သဒ္ဓိံ, ဘဏ္ဍန္တာ-ငြင်းခုံကုန်လသော်၊ ပေသလေ-န်သော၊ ဘိက္ခူ-တို့ကို၊ ဩမသိံသု- နှုတ်သီးတည်းဟူသော လှံဖြင့် ထိုးကြကုန်ပြီ၊ ၊ပေ။

၅၆။ ဘိက္ခုပေသုညေ-ကြောင့်၊ ၊ပေ၊ ဆဗ္ဗဂ္ဂိယာ, ဘိက္ခူ-တို့သည်၊ ဘဏ္ဍန ဇာတာနံ-ဖြစ်သော မိမိတို့ဘက်တွင် တိုင်ပင်ခြင်းရှိကုန်သော၊ ကလဟဇာတာနံ- ဖြစ်သော ခိုက်ရန်ရှိကုန်သော၊ ဝိဝါဒါပန္နာနံ-ဆန့်ကျင်ဖက် ပြောဆိုခြင်းသို့ ရောက် ကုန်သော၊ ဘိက္ခူနံ-တို့၏၊ (အထံသို့)၊ ပေသုညံ-ညီညွတ်သူတို့ကို ကွဲပြားအောင် ချေမွှန်းတတ်သော စကားကို၊ ဝါ-ချောပစ်ကုန်းတိုက်ကြောင်း စကားကို၊ ဥပ သံဟရိံသု-ပို့ဆောင်ကြကုန်ပြီ။ ["ဘဏ္ဍနဇာတာနံ"စသည်တို့၏ အဖွင့်ကို ပါစိတ် ဘာသာဋီကာ, ပေသုညဝိက္ခာပုဒ်၌ ပြထားပြီ။]

၅၇။ အနုပသမ္ပန္နံ-ကို၊ ပဒသော, ဓမ္မံ-ကို၊ ဝါစေန္တဿ-တစ်ပြိုင်နက် ဆိုစေသော ရဟန်း၏၊ ဝါ-တစ်ပြိုင်နက်ပို့ချသော ရဟန်း၏၊ ၊ပေ၊ ဥပါသကေ- ဥပါသကာတို့ကို၊ ပဒသော ဓမ္မံ, ဝါစေသုံ-န်ပြီ၊ ၊ပေ၊ (၅၈)။ အနုပသမ္ပန္နေန၊ ၊ပေ၊ ကပ္ပေန္တဿ-ပြုသော ရဟန်း၏၊ ၊ပေ၊ ကပ္ပေသုံ-ပြုကြကုန်ပြီ၊ ၊ပေ၊ (၅၉)။ မာတုဂါမေန ၊ပေ၊ ကပ္ပေန္တဿ-၏၊ ၊ပေ၊ အာယသ္မာ အနုရုဒ္ဓေ-ကို၊ ၊ပေ၊ ဥက္ကလောမကေ-ဥက္ကလောမ သမုဋ္ဌာန်တည်း၊ ၊ပေ။

၆၀။ မာတုဂါမဿ ၊ပေ၊ ဝါစေန္တဿ-၏၊ ၊ပေ၊ ဒေသေသိ-ဟောတော်မူပြီ၊ ပဒသော ဓမ္မေ-ပဒသောဓမ္မ သမုဋ္ဌာန်တည်း၊ ၊ပေ။ (၆၁)။ အနုပသမ္ပန္နဿ- အား၊ ဘူတံ-ထင်ရှားရှိသော၊ ဥတ္တရိမနုဿဓမ္မံ-ကို၊ အာရောစေန္တဿ-ပြောသော ရဟန်း၏၊ ၊ပေ။ (၆၂)။ ဘိက္ခူဿ ဒုဋ္ဌုလ္လံ၊ ပေ၊ အာရောစေန္တဿ-၏၊ ၊ပေ၊ အာရောစေသုံ-ပြောကြကုန်ပြီ၊ ၊ပေ။ (၆၃)။ ပထဝိံ-မြေကို၊ ခဏန္တဿ- တူသော ရဟန်း၏၊ ၊ပေ၊ ခဏိံသု-န်ပြီ၊ ["အာဠဝကာ"ပုဒ်၏အနက်ကို သညာစိကကုဋိသိက္ခာပုဒ်၌ ရေးခဲ့ပြီ။] ပဌမော-သော၊ မုသာဝါဒဝဂ္ဂေါ-တည်း။

## ၂။ ဘူတဂါမဝဂ်

**၆၄။** ဘူတဂါမပါတဗျတာယ–ကြောင့်၊ ။ပေ၊ ရုက္ခံ–သစ်ပင်ကို၊ ဆိန္ဒိံသု–ဖြတ်ကြကုန်ပြီ၊ ။ပေ။ **(၆၅)။** အညဝါဒကေ–မေးအပ်သော အကြောင်းအရာမှ တစ်ပါးသော အကြောင်းအရာကို ပြောတတ်သော စကားဟူသော ဖုံးကွယ်မှုကြောင့်လည်းကောင်း၊ ဝိဟေသကေ–သံဃာကို ညှင်းဆဲတတ်သော ဆိတ်ဆိတ်နေမှုကြောင့်လည်းကောင်း၊ ။ပေ၊ အာယသ္မန္တံ ဆန္နံ–ကို၊ ။ပေ၊ သံဃမဇ္ဈေ–သံဃာ့အလယ်၌၊ အာပတ္တိယာ–ဖြင့်၊ အနုယုဉ္ဇိယမာနော–စစ်ဆေးမေးမြန်းအပ်သော်၊ အညေန–တစ်ပါးသော စကားဖြင့်၊ အညံ–တစ်ပါးသောစကားကို၊ ပဋိစရိ–ဖုံးကွယ်ပြီ၊ [ဤပုဒ်တို့၏အဖွင့်ကို ပါစိတ်ဘာသာဋီကာ, အညဝါဒကသိက္ခာပုဒ်၌ ပြထားပြီ။]

**၆၆။** ဥဇ္ဈာပနကေ–ကြောင့်လည်းကောင်း၊ ခိယျနကေ–ကြောင့်လည်းကောင်း၊ ။ပေ၊ မလ္လပုတ္တံ–မလ္လမင်း၏သားဖြစ်သော၊ အာယသ္မန္တံ ဒဗ္ဗံ–ကို၊ ဘိက္ခူ–အခြားရဟန်းတို့ကို၊ ဥဇ္ဈာပေသုံ–အောက်တန်းစားဟု, အသိအမှတ်ပြုလျက်, ကြည့်ရှုစေကြကုန်ပြီ၊ ဝါ–ကဲ့ရဲ့စေကြကုန်ပြီ၊ ။ပေ။ **(၆၇)။** သံဃိကံ မဉ္စံ ဝါ၊ ။ပေ၊ ပက္ကမိံသု–ဖဲသွားကြကုန်ပြီ၊ ။ပေ။ **(၆၈)။** သတ္တရသဝဂ္ဂိယေ–သတ္တရသဝဂ္ဂီတို့မည်သော။ ပေ။

**၆၉။** သံဃိကေ ။ပေ၊ ကာပေ့န္တသာ–ပြုသောရဟန်း၏၊ ။ပေ၊ ကာပေသုံ–ကုန်ပြီ၊ ။ပေ။ **(၇၀)။** ဘိက္ခုံ–ကို၊ ကုပိတသာ–သည်၊ အနတ္တမနသာ–သည်၊ (ဟုတွာ) သံဃိကာ ဝိဟာရာ, နိက္ကမန္တသာ–နှင်ထုတ်သော ရဟန်း၏၊ ။ပေ၊ နိကၠမိံသု–န်ပြီ၊ ။ပေ။ **(၇၁)။** သံဃိကေ ။ပေ၊ အဘိနိသီဒန္တသာ–၏၊ ။ပေ၊ အညတရော–အမှတ်မထား, တစ်ပါးပါးသော၊ ဝါ–အမျိုးအမည်အားဖြင့် မထင်ရှားသော၊ ဘိက္ခု–သည်၊ သံဃိကေ ။ပေ၊ မဉ္စ–ကို၊ သဟသာ–အဆောတလျင်၊ အဘိနိသီဒိ–ဖိ၍ထိုင်ပြီ၊ (တစ်နည်း) မဉ္စ–၌၊ သဟသာ, အဘိနိသီဒိ–ထိုင်ပြီ။

**၇၂။** ဒွတ္တိပရိယာယေ–ဝန်းကျင်လှည့်ပတ်, ၂ ထပ် ၃ထပ် မိုးခြင်းတို့ကို၊ အဓိဋ္ဌဟိတွာ–စီမံပြီး၍၊ တတုတ္တရိ–ထို ၂ ထပ် ၃ ထပ်ထက်အလွန်၊ အဓိဋ္ဌဟန္တသာ–စီမံသော ရဟန်း၏၊ ။ပေ၊ အာယသ္မာ ဆန္နော, ကတပရိယောသိတံ–ပြုအပ်, ပြီးဆုံးစေအပ်ပြီးသော၊ ဝိဟာရံ–ကို၊ ပုနပ္ပုနံ–အထပ်ထပ်၊ ဆာဒါပေသိ–မိုးစေပြီ၊ ပုနပ္ပုနံ, လိမ္ပာပေသိ–လိမ်းကျံစေပြီ၊ ဝိဟာရော–သည်၊ အတိဘာရိကော–အလွန်ဝန်လေးသည်၊ (ဟုတွာ၊) ပရိပတိ–ပြိုကျပြီ၊ ။ပေ။

**၇၃။** ဤသိက္ခာပုဒ်၌ ဝိမတိအဖွင့်အတိုင်း ရေးနိုင်သယဉ့် အနက်အမျိုးမျိုး ပေးထားသေး၏၊ ထိုအနက်များသည် အဓိပ္ပာယတ္ထမျှသာဖြစ်၍ ဤနိသယ၌ မပေးတော့ပါ၊ အလိုရှိလျှင် ပါစိတ် ဤသိက္ခာပုဒ်အဖွင့် ဝိမတိ၌ ကြည့်ပါ။

ဒုတိယော, ဘူတဂါမဝဂ္ဂေါ–တည်း။

## ၃။ ဩဝါဒဝဂ်

၇၄။ “အသမ္မတောနု”ဟု ရှိ၏၊ “အသမ္မတဿ”ဟု ရှိမှ ဩဝဒန္တဿနှင့် လိုက်လျောပါသည်၊ “အသမ္မတဿ–မသမုတ်အပ်သည် ဖြစ်လျက်၊ ဝါ–မသမုတ်အပ်ပဲ”ဟု ပေးပါ၊ တဿ, ဘိက္ခုနိယော, ဩဝဒန္တဿ–ဆုံးမသော ရဟန်း၏၊ ပေ၊ ဆမ္ဗဂ္ဂိယာ, ဘိက္ခူ–တို့သည်၊ အသမ္မတာ–မသမုတ်အပ်ကုန်ပဲ၊ ဝါ–သမ္မုတိမရကုန်ပဲ၊ ၊ပေ၊ ဩဝဒိံသု–န်ပြီ၊ ၊ပေ၊ (၇၅)။ အတ္ထင်္ဂတေ သူရိယေ ၊ပေ၊ အာယသ္မန္တံ စူဠပန္ထကံ–အရှင်စူဠပန္ထကကို၊ ၊ပေ။ (၇၆)။ လွယ်ပြီ။ (၇၇)။ အာမိသဟေတု ၊ပေ၊ ဩဝဒန္တိ–န်၏၊ ဣတိ–သို့၊ ဘဏန္တဿ–ပြောသော ရဟန်း၏၊ ၊ပေ၊ ဘဏိံသု–န်ပြီ၊ ၊ပေ။ [နောက်နောက် သိက္ခာပုဒ်တို့၌ “ဒေန္တဿ–ပေးသော ရဟန်း၏၊ အဒါသိ–ပေးပြီ” စသည်ဖြင့် ပေးပါ။ လွယ်ပြီ။]

တတိယော–သော၊ ဩဝါဒဝဂ္ဂေါ–တည်း။

● ● ● ● ● ● ● ● ●

## ၄။ ဘောဇနဝဂ်

၈၄။ တတုတ္တရိ–ထိုတစ်နေ့တာထက် အလွန်၊ အာဝသထပိဏ္ဍံ, ဘုဉ္ဇန္တဿ–စားသော ရဟန်း၏၊ ၊ပေ၊ အနုဝသိတွာ အနုဝသိတွာ–(အာဝသထ၌) နေ့စဉ်နေ့စဉ် နေ၍၊ အာဝသထပိဏ္ဍံ ဘုဉ္ဇိံသု၊ ၊ပေ။ (၈၅)။ ဂဏဘောဇနေ–ကြောင့်၊ ၊ပေ၊ ဒေဝဒတ္တော–သည်၊ သပရိသော–ပရိသတ်နှင့် တကွဖြစ်သည်၊ (ဟုတွာ) ကုလေသု–အမျိုးတို့၌၊ (အမျိုးအိမ်တို့၌၊) ဝိညာပေတွာ ဝိညာပေတွာ–အလိုရှိကြောင်းကို သိစေ၍၊ ဝါ–တောင်း၍၊ ဘုဉ္ဇိ–ပြီ၊ ၊ပေ။

၈၆။ ပရမ္ပရဘောဇနေ–ကြောင့်၊ ၊ပေ၊ အညတြ–အခြားအရပ်၌၊ (အခြားအိမ်၌)၊ နိမန္တိတာ–ပင့်ဖိတ်အပ်ကုန်သည်၊ (သမာနာ–န်လျက်) အညတြ–၌၊ ဘုဉ္ဇန္တိ ၊ပေ၊ (၈၇)။ ဒွတ္တိပတ္တပူရေ–၂ သပိတ်, ၃ သပိတ်တို့၌ ပြည့်ကုန်သော၊ [ဒွေဝါ+တယောဝါ ပတ္တာ ဒွတ္တိပတ္တာ၊ ဒွတ္တိပတ္တေသု+ပူရာ ဒွတ္တိပတ္တပူရာ။] ပူဝေ–မုန့်တို့ကို၊ ပဋိဂ္ဂဟေတွာ–ခံယူပြီး၍၊ တတုတ္တရိ–ထို ၂ သပိတ်ပြည့်, ၃ သပိတ်ပြည့်ထက် အလွန်၊ ပဋိဂ္ဂဏှန္တဿ–၏၊ ၊ပေ၊ ပဋိဂ္ဂဟေသုံ–ခံယူကြကုန်ပြီ၊ ၊ပေ၊ (၈၈)။ “ဘုတ္တာဝိနော–တချို့တစ်ဝက် စားပြီးသည် (ဖြစ်၍)၊ ပဝါရိတဿ–ပဝါရိတ်သင့်သူ ဖြစ်ပါလျက်”ဟု ပါဌ်ရှိပါစေ။ (၈၉)။ ဘိက္ခုံ ဘုတ္တာဝိံ ၊ပေ၊ ပဝါရေန္တဿ–ဖိတ်သောရဟန်း၏၊ ၊ပေ၊ ဗြာ–၌ “အာယသ္မန္တံ ဗေလဋ္ဌသီသံ–အရှင်ဗေလဋ္ဌသီသကို”ဟု ပေးပါ။

စတုတ္ထော–သော၊ ဘောဇနဝဂ္ဂေါ–တည်း။

● ● ● ● ● ● ● ● ●

## ၅။ အစေလကဝဂ်

**၉၄။** အစေလကဿ ဝါ ၊ပေ၊ ဒေန္တဿ–ပေးသောရဟန်း၏၊ ၊ပေ၊ အာယသ္မန္တံ အာနန္ဒံ–ကို၊ ၊ပေ၊ အညတရိဿာ–တစ်ယောက်သော၊ ပရိဗ္ဗာဇိကာယ–ပရိဗ္ဗိုဇ် မအား၊ ဧကံ–တစ်ယုက်ဟူ၍၊ မညမာနော–မှတ်ထင်သည်၊ (ဟုတွာ)၊ ဒွေ–၂ ယုက်ကုန်သော၊ ပူဝေ–မုန့်တို့ကို၊ ၊ပေ၊ **(၉၅)။** လှူယ်ပြီ။

**၉၆။** သဘောဇနေ (သဟ+ဥဘော+ဇနေ)–၂ ယောက်သော ဇနီးခင်ပွန်း ဟူသော လူတို့နှင့်တကွဖြစ်သော၊ (တစ်နည်း) သဘောဇနေ (သဟ+ဘောဇနေ)– သုံးဆောင်စံစားအပ်သော မိန်းမ ယောကျ်ားနှင့်တကွ ဖြစ်သော၊ ကုလေ–၌၊ အနုပခဇ္ဇ နိသဇ္ဇံ, ကပ္ပေန္တဿ–ပြုသောရဟန်း၏၊ ၊ပေ၊ **(၉၇,၉၈)။** အနိယတ သိက္ခာပုဒ်၌ ပေးခဲ့သည့်အတိုင်း ပေးပါ။

**၉၉။** နိမန္တိတဿ–သည်၊ သ ဘတ္တဿ–သည်ဖြစ်၍၊ သန္တံ ၊ပေ၊ အာပစ္ဆန္တဿ– ရောက်သောရဟန်း၏၊ ၊ပေ၊ **(၁၀၀)။** တတုတ္တရိ–ထို ဖိတ်မန်ထားအပ်ရာ အခါ, ဖိတ်မန်ထားအပ်သော ဆေးထက်အလွန်၊ ဘောသဇ္ဇံ ဝိညာပေန္တဿ ၊ပေ၊ မဟာ နာမေန–မဟာနာမ်မည်သော၊ သက္ကေန–သာကီဝင်သည်၊ ဘန္တေ–တို့၊ အဇ္ဇဏှော– ယနေ့တစ်ရက်မျှ၊ အာဂမေထ–ဆိုင်းငံ့ကြပါကုန်၊ ဣတိ–ဤသို့၊ ဝုစ္စမာနာ– ပြောဆိုအပ်ပါကုန်လျက်၊ နာဂမေသုံ (န+အာဂမေသုံ)–မဆိုင်းငံ့ကြကုန်၊ ၊ပေ။

**၁၀၁။** ဥယျုတ္တံ ၊ပေ၊ ဂစ္ဆန္တဿ–၏၊ ၊ပေ၊ အဂမံသု–သွားကြကုန်ပြီ၊ ၊ပေ။ **(၁၀၂)။** အတိရေကဒိရတ္တတိရတ္တံ–၂ ညဥ့် ၃ ညဥ့်ထက် အလွန်၊ သေနာယ– စစ်တပ်၌၊ ဝသန္တဿ–နေသောရဟန်း၏၊ ၊ပေ၊ **(၁၀၃)။** ဥယျောဓိကံ–တက်၍ တက်၍ ထိုးပစ်ရာ စစ်ပွဲသို့၊ ဂစ္ဆန္တဿ ၊ပေ။

ပဉ္စမော–သော၊ အစေလကဝဂ္ဂေါ–တည်း။

• • • • • • • • •

## ၆။ သုရာပါနဝဂ်

**၁၀၄။** သုရာမေရယပါနေ–ကြောင့်၊ ၊ပေ၊ အာယသ္မန္တံ သာဂတံ–အရှင် သာဂတကို၊ ၊ပေ၊ မဇ္ဇံ–သေရည်ကို၊ ပိဝိ–သောက်ပြီ၊ ၊ပေ၊ **(၁၀၅)။** အင်္ဂုလိပတောဒ ကေ–ကြောင့်၊ ၊ပေ၊ ဘိက္ခုံ–ကို၊ အင်္ဂုလိပတောဒကေန–လက်ချောင်းထိုးခြင်း ဟူသော ကစားခြင်းဖြင့်၊ ဟာသေသုံ–ရွှင်စေကြကုန်ပြီ၊ (ရယ်မြူးစေကြကုန်ပြီ၊) **(၁၀၆)။** ဥဒကေ–၌၊ ဟာသဓမ္မေ–ကြောင့်၊ ၊ပေ၊ အစိရဝတိယာ–အစိရဝတီ မည်သော၊ နဒိယာ–၌၊ ဥဒကေ–၌၊ ကီဠိံသု–ကစားကြကုန်ပြီ၊ (တစ်နည်း) ဥဒကေ ကီဠိံသု–ရေကစားကြကုန်ပြီ၊ ၊ပေ။

**၁၀၇။** အနာဒရိယေ–ကြောင့်၊ ။ပေ၊ အနာဒရိယံ–ပုဂ္ဂလ၏မွှ၌ ရိုသေလေးစားခြင်း မရှိသူ၏အဖြစ်ကို၊ အကာ–ပြုပြီ၊ ။ပေ၊ **(၁၀၈)။** ဘိံသာပေသုံ–ခြောက်စေကြကုန်ပြီ၊ ။ပေ၊ **(၁၀၉)။** ဇောတိံ၊ ။ပေ၊ ဝိသိဗ္ဗေတဗ္ဗ သဿ–လှုံသောရဟန်း၏၊ ။ပေ၊ ဘဂ္ဂေသု–ဘဂ္ဂါဟု ဇဟုဝုစ်အမည်ရသောနေပုဒ်တို့၌၊ ။ပေ၊ **(၁၁၀)။** ဩရေနဒ္ဓမာသံ–တစ်လထက်ဝက်, ဆယ့်ငါးရက်၏အတွင်း၌၊ နဟာယန္တ သဿ–ရေချိုးသောရဟန်း၏၊ ။ပေ၊ ရာဇာနံပိ–မင်းကိုသော်မှလည်း၊ ပသိတွာ–မြင်၍၊ (မြင်ပါလျက်) မတ္တံ န ဇာနိတွာ, နဟာယိံသု၊ ။ပေ။

**၁၁၁။** တိဏ္ဍုံ ။ပေ၊ နဝံ စီဝရံ, ပရိဘုဥ္ဇန္တ သဿ–သုံးစွဲသောရဟန်း၏၊ ။ပေ၊ အတ္တနော–မိမိ၏၊ စီဝရံ, န သဉ္ဇာနိံသု–ကောင်းစွာမသိကြကုန်၊ (မမှတ်မိကြကုန်၊) ။ပေ၊ **(၁၁၂)။** လွယ်ပြီ၊ **(၁၁၃)။** အပနိဓေန္တ သဿ–ဝှက်သောရဟန်း၏။

ဆဋ္ဌော–သော၊ သုရာပါနဝဂ္ဂေါ–တည်း။

## ၇။ သပ္ပါဏကဝဂ်

**(၁၁၄ မှ ၁၂၀)** အထိ ပါတိမောက်အတိုင်းပင်တည်း၊ "ဝေါရောပေန္တ သဿ–ခွင်းသောရဟန်း၏၊ ဝေါရောပေသိ–ခွင်းပြီ" စသည်ဖြင့် ပေးပါ၊ **(၁၂၁)။** ပါပိကာယ–ယုတ်မာသော၊ ဒိဋ္ဌိယာ–မိစ္ဆာအယူကို၊ ယာဝတတိယံ–၃ ကြိမ်တိုင်အောင်၊ သမနုဘာသနာယ–ဉတ်, ကမ္မဝါစာဖြင့် အဖန်ဖန်ပြောဆိုခြင်းကြောင့်၊ ဝါ–ပြောဆိုပါလျက်၊ န ပဋိနိဿဇ္ဇန္တ သဿ–မစွန့်သော ရဟန်း၏၊ ။ပေ၊ အရိဋ္ဌ–အရိဋ္ဌမည်သော၊ ဂဒ္ဓဗာဓိပုဗ္ဗ–လင်းတတို့ကို သတ်ဖြတ်ညှင်းဆဲဖူးသော ပုဗ္ဗပုရိသရှိသော၊ (လင်းတသတ်ဖူးသောအမျိုး၌ မွေးဖွားသော)၊ ဘိက္ခုံ–ကို၊ ["ဂဒ္ဓဗ္ဗာဓိပုဗ္ဗ" ပုဒ်၏အဖွင့်ကို ပါစိတ်အဋ္ဌကထာ ဤသိက္ခာပုဒ်၌ ကြည့်ပါ။]

**၁၂၂။** ဇာနံ၊ ။ပေ၊ သမ္ဘုဥ္ဇန္တ သဿ–အာမိသသမ္ဘောဂ, ဓမ္မသမ္ဘောဂကို ပြုသော ရဟန်း၏၊ ။ပေ၊ **(၁၂၃)။** တထာနာသိတံ–ထိုဆိုအပ်ပြီးသော ဒဏ္ဍကမ္မနာသနဖြင့် ဖျက်ဆီးအပ်ပြီးသော၊ ["အဇ္ဇတဂ္ဂေ၊ ။ပေ၊ စရပိတေ ဝိနဿ"ဟု နှင်ဒဏ်ပေးခြင်းအားဖြင့် ဖျက်ဆီးအပ်ပြီးသော–ဟူ လို။] ကဏ္ဍကံ–ကဏ္ဍကမည်သော၊ သမဏုဒ္ဒေသံ–ကို၊ ဥပလာပေသုံ–သွေးဆောင်ကြကုန်ပြီ၊ ။ပေ။

သတ္တမော–သော၊ သပ္ပါဏကဝဂ္ဂေါ–တည်း။

## ၈။ သဟဓမ္မိကဝဂ်

**၁၂၄။** လွယ်ပြီ၊ **(၁၂၅)။** ဝိနယံ–ကို၊ ဝိဝဏ္ဏေန္တ သဿ–ကဲ့ရဲ့သောရဟန်း၏၊ ။ပေ၊ ဝိဝဏ္ဏေသုံ–ကဲ့ရဲ့ကြကုန်ပြီ၊ ။ပေ၊ **(၁၂၆)။** မောဟနကေ–တွေဝေစေခြင်းကြောင့်၊ ဝါ–မသိဟန်ဆောင်ခြင်းကြောင့်၊ ။ပေ၊ မောဟေသုံ–ကုန်ပြီ၊ ။ပေ။

(၁၂၇)။ ဘိက္ခုသ္သ–အား၊ ကုပိတသ္သ အနတ္တမနသ္သ (ဟုတ္វာ) ပဟာရံ့ ဒေန္တသ္သ–၏၊ ။ပေ၊ အဒံသု–ပေးကြကုန်ပြီ၊ ။ပေ၊ (၁၂၈)။ ဥဂ္ဂိရန္တသ္သ–မြှောက်သော ရဟန်း၏၊ ဝါ–မိုးသောရဟန်း၏၊ ။ပေ၊ ဥဂ္ဂိရိံသု–န်ပြီ၊ (၁၂၉)။ လွယ်ပြီ။

(၁၃၀)။ ဘိက္ခုသ္သ ။ပေ၊ ကုက္ကုစ္စံ့ ဥပဒဟန္တသ္သ–ဖြစ်စေသော ရဟန်း၏၊ ။ပေ၊ ဥပဒဟိံသု–ဖြစ်စေကြကုန်ပြီ၊ ။ပေ၊ (၁၃၁)။ ဥပဿုတိံ–တိုင်ပင်သံ၏ အနီး၌၊ ဝါ–တိုင်ပင်သံကို ကြားလောက်ရာ အရပ်၌၊ တိဋ္ဌန္တသ္သ–တည်သော ရဟန်း၏၊ ။ပေ၊ ပတိဋ္ဌဟိံသု–တည်ကြကုန်ပြီ၊ ။ပေ။ (၁၃၂)။ မှစ၍ လွယ်ပြီ။

အဋ္ဌမော–သော၊ သဟဓမ္မိကဝဂ္ဂေါ–တည်း။

## ၉။ ရာဇဝဂ်

၁၃၆။ ပုဗ္ဗေ–မဝင်မီ ရှေး၌၊ အပ္ပဋိသံဝိဒိတော န (အပ္ပဋိသံဝိဒိတသ္သ)–ကြိုတင်၍ သိစေခြင်းမရှိသည်ဖြစ်၍၊ ရညော–၏၊ အန္တေပုရံ–နန်းတော်တွင်းသို့၊ ပဝိသန္တသ္သ–ဝင်သော ရဟန်း၏၊ ။ပေ၊ (၁၃၇)။ ရတနံ–ကို၊ ဥဂ္ဂဏှန္တသ္သ–ကောက်ယူသော ရဟန်း၏၊ ။ပေ၊ ဥဂ္ဂဟေသိ–ကောက်ယူပြီ၊ ။ပေ၊ (၁၃၈)။ လွယ်ပြီ၊ (၁၃၉)။ အဋ္ဌိမယံ ဝါ၊ ။ပေ၊ ကာရာပေန္တသ္သ–ပြုစေသော ရဟန်း၏၊ ။ပေ၊ မတ္တံ နဇာနိတွာ၊ ဗဟူ–န်သော၊ သူစိယရေ–အပ်ကျည်တို့ကို၊ (အပ်ထည့်စရာအိမ်တို့ကို၊ ဝါ–အပ်ဘူး တို့ကို၊) ဝိညာပေသုံ–တောင်းကြကုန်ပြီ၊ ။ပေ။

၁၄၀။ ပမာဏာတိက္ကန္တံ–ပမာဏကိုလွန်သော၊ မဉ္စံဝါ၊ ။ပေ၊ ကာရာပေန္တသ္သ– ။ပေ၊ ဥစ္စေ–မြင့်သော၊ မဉ္စေ–၌၊ သယိ–အိပ်ပြီ၊ ။ပေ၊ (၁၄၂)။ အပ္ပမာဏိကာနိ–အတိုင်းအရှည်မရှိကုန်သော၊ နိသီဒနာနိ–တို့ကို၊ ဓာရေသုံ–ဆောင်ကြကုန်ပြီ၊ ။ပေ၊ (၁၄၅)။ အာယသ္မတော နန္ဒ–အရှင်နန္ဒကို၊ [ကြွင်းသိက္ခာပုဒ်တို့ လွယ်ပြီ။]

နဝမော–သော၊ ရာဇဝဂ္ဂေါ–တည်း။

ဒွေ နဝုတိ ပါစိတ္တိယာ နိဋ္ဌိတာ။

ခုဒ္ဒကံ–ခုဒ္ဒကသိက္ခာပုဒ် အပေါင်းသည်၊ သမတ္တံ–ပြီးပြီ။

## တဿုဒ္ဒါန

တဿ–ထိုပါစိတ်၏၊ ဥဒ္ဒါနံ–ကား၊ မုသာ–မုသာဝါဒသိက္ခာပုဒ်၊ ဩမသ–ဩမသသိက္ခာပုဒ်၊ [ဤသို့စသည်ဖြင့် "သိက္ခာပုဒ်"ကို ထည့်၍ဆိုပါ၊ အကျဉ်းမျှ ရေးပါမည်။] ပေသုည–ပေသုည၊ ပဒ–ပဒသောဓမ္မ၊ သေယျာ စ–ပဌမသဟသေယျ၊ ဣတ္ထိယာ–နှင့်၊ (သေယျာ စ–တကွအိပ်သော ဒုတိယသဟသေယျသိက္ခာပုဒ်)၊

အညတြဝိညူနာ–အညတြဝိညူနာပုဒ်ဖြင့် မှတ်အပ်သော ဓမ္မဒေသနာ၊ ဘူတာ–ဘူတာရောစန၊ ဒုဋ္ဌုလ္လာပတ္တိ–ဒုဋ္ဌုလ္လာပတ္တိပုဒ်ဖြင့် မှတ်အပ်သော ဒုဋ္ဌုလ္လာရောစန၊ ဓဏနာ–ပထဝီခဏနသိက္ခာပုဒ်၊ (မုသာဝါဒဝဂ်အတွက်)။

ဘူတံ–ဘူတဂါမသိက္ခာပုဒ်၊ အညာယ–အညဝါဒက၊ ဥဇ္ဈာယိ–ဥဇ္ဈာပနက၊ မဉ္စော–မဉ္စဟူသောပုဒ်ဖြင့် မှတ်အပ်သော ပဌမသေနာသနသိက္ခာပုဒ်ကိုလည်းကောင်း၊ သေယျာစ–သေယျဟူသောပုဒ်ဖြင့် မှတ်အပ်သော ဒုတိယ သေနာသနသိက္ခာပုဒ်ကိုလည်းကောင်း၊ ဝုစ္စတိ–၏၊ ပုဗ္ဗေ–ပုဗ္ဗုပဂတံပုဒ်ဖြင့် မှတ်အပ်သော အနုပခဇ္ဇ၊ နိက္ကမနာ–နိက္ကမန၊ အာဟစ္စ–အာဟစ္စပါဒက၊ ဝါ–အာဟစ္စပုဒ်ဖြင့် မှတ်အပ်သော ဝေဟာသကုဋိ၊ ဒွါရံ–ဒွါရံပုဒ်ဖြင့် မှတ်အပ်သော မဟလ္လကဝိဟာရ၊ သပ္ပာဏကေနစ–သပ္ပာဏကသိက္ခာပုဒ်၊ (ဘူတဂါမဝဂ်အတွက်)။

အသမ္မတာ–အသမ္မတပုဒ်ဖြင့် မှတ်အပ်သော ဩဝါဒသိက္ခာပုဒ်၊ အတ္ထင်္ဂတေ–ပုဒ်၊ ဥပဿယ–ဘိက္ခုနုပဿယ၊ အာမိသေနစ–အာမိသ၊ ဒဒေ–စီဝရဒါန၊ သိဗ္ဗေ–စီဝရသိဗ္ဗန၊ ဝိဓာနေန–သံဝိဓာန၊ နာဝါ–နာဝါဘိရူဟန၊ ဘုဉ္ဇေယျ–ဘုဉ္ဇေယျပုဒ်ဖြင့် မှတ်အပ်သော ပရိပါစိတ၊ ဧကတော–ဘိက္ခုနီတို့နှင့် အတူတကွနေသော ရဟောနိသဇ္ဇ သိက္ခာပုဒ်၊ (ဩဝါဒဝဂ်အတွက်)။

ပိဏ္ဍံ–အာဝသထပိဏ္ဍ သိက္ခာပုဒ်၊ ဂဏံ–ဂဏဘောဇန၊ ပရံ–ပရမ္ပရဘောဇန၊ ပူဝံ–ပူဝပဝါရဏာ၊ ဝါ–ပူဝံပုဒ်ဖြင့် မှတ်အပ်သော ကာဏမာတာ၊ ပဝါရိတော–ပဌမပဝါရဏာ၊ ပဝါရိတံ–ဒုတိယပဝါရဏာ၊ ဝိကာလံ–ဝိကာလဘောဇန၊ သန္နိဓိ–သန္နိဓိကာရက၊ ခီရံ–ခီရံပုဒ်ဖြင့် မှတ်အပ်သော ပဏီတဘောဇန၊ ဒန္တပေါဏေန–နှင့်တကွ၊ ဓော–ထို (ဘောဇနဝဂ်) သိက္ခာပုဒ်တို့သည်၊ ဒသ–တို့တည်း။

အစေလကံ–အစေလကသိက္ခာပုဒ်၊ ဥယျော–ဥယျောဇန၊ ခဇ္ဇ–အနုပခဇ္ဇပုဒ်ဖြင့် မှတ်အပ်သော သ ဘောဇန၊ ပဋိစ္ဆန္နံ–ရဟောပဋိစ္ဆန္န၊ ရဟောနစ–ရဟောနိသဇ္ဇ၊ နိမန္တိတော–နိမန္တိတောပုဒ်ဖြင့် မှတ်အပ်သော စာရိတ္တ၊ ပစ္စယေဟိ–ပစ္စယပုဒ်ဖြင့် မှတ်အပ်သော မဟာနာမသိက္ခာပုဒ်၊ သေနာ–ဥယျုတ္တသေနာသိက္ခာပုဒ်၊ ဝသန်–သေနာဝါသ သိက္ခာပုဒ်၊ ဥယျောဓိကံ–ဥယျောဓိကသိက္ခာပုဒ်၊ (အစေလကဝဂ် အတွက် သိက္ခာပုဒ်များ)း။

သုရာ–သုရာပါန၊ အင်္ဂုလိ–အင်္ဂုလိပတောဒက၊ ဟာသော စ–ဟသဓမ္မ၊ အနာဒရိယာ–အနာဒရိယ၊ ဘိံသနံ–ဘိံသာပန၊ ဇောတိ–ဇောတိသမာဒဟန၊ နဟာန–နဟာနသိက္ခာပုဒ်၊ ဝါ–ဩရေနဒ္ဓမာသသိက္ခာပုဒ်၊ ဒုဗ္ဗဏ္ဏံ–ဒုဗ္ဗဏ္ဏကရဏ၊ သာမံ–သာမံပုဒ်ဖြင့် မှတ်အပ်သော ဝိကပ္ပနာ၊ အပနိဓေနစ–စီဝရာပနိဓာန၊ (သုရာပါနဝဂ်)။

သဋ္ဌိစ္စ–သဋ္ဌိစ္စပါဏာ သိက္ခာပုဒ်၊ ဥဒကံ–ဥဒကံပုဒ်ဖြင့် မှတ်အပ်သော သပ္ပါဏက၊ ကမ္မာစ–ကမ္မာသပုဒ်ဖြင့် မှတ်အပ်သော ဥက္ကောဋန၊ ဒုဋ္ဌုလ္လံ–ဒုဋ္ဌုလ္လပဋိစ္ဆာဒန၊ ဦနဝီသတိ–ဦနဝီသတိဝဿ၊ ထေယျ–ထေယျသတ္ထ၊ ဣတ္ထိ–မိန်းမနှင့် တိုင်ပင်၍ သွားသော သံဝိဓာန၊ အဝဒေသံ–အယုတ်အားဖြင့် (ဘုရားရှင်ကို) စွပ်စွဲပြောဆိုသော အရိဋ္ဌသိက္ခာပုဒ်၊ [ရှေးနိဿယ၌ "အဝဒေသံ" နေရာဝယ် "အရိဋ္ဌကံ"ဟု တိုက်ရိုက်ရှိ၏။] သံဝါသေ–သံဝသေယျပုဒ်ဖြင့် မှတ်အပ်သော ဥက္ခိတ္တကသမ္ဘောဂ၊ နာသိတော နစ–နာသိတံပုဒ်ဖြင့် မှတ်အပ်သော ကဏ္ဋက။

သဟဓမ္မိက–သဟဓမ္မိက သိက္ခာပုဒ်၊ ဝိလေခါ–ဝိလေခန၊ မောဟော–မောဟန၊ ပဟာရေန–ပဟာရ၊ ဥဂ္ဂိရေ–ဥဂ္ဂိရေယျပုဒ်ဖြင့် မှတ်အပ်သော တလသတ္တိက၊ အမူလကဥ္စ–အမူလက၊ သဉ္စိစ္စ–သဉ္စိစ္စ၊ သောတုံ–သောဿာမိပုဒ်ဖြင့် မှတ်အပ်သော ကမ္မပဋိဗာဟန၊ ပက္ကမေ–ပက္ကမေယျပုဒ်ဖြင့် မှတ်အပ်သော ဆန္ဒံ အဒတွာ ဂမန၊ သံဃေန စီဝရံ ဒတွာ–သံဃေန စီဝရံ ဒတွာပုဒ်တို့ဖြင့် မှတ်အပ်သော ဒုဗ္ဗလ၊ ပရိဏာမေယျ ပုဂ္ဂလေ–ပုဂ္ဂိုလ်၌ ညွတ်စေခြင်းဟူသော ပရိဏာတသိက္ခာပုဒ်၊ (သဟဓမ္မိကဝဂ်အတွက်)။

ရညဥ္စ–ရညောပုဒ်ဖြင့် မှတ်အပ်သော အန္တေပုရ သိက္ခာပုဒ်၊ ရတနံ–ရတန၊ သန္တံ–သန္တံပုဒ်ဖြင့် မှတ်အပ်သော ဝိကာလေ ဂါမပ္ပဝေသန၊ သူစိ–သူစိဃရ၊ မဉ္စောစ–မဉ္စ၊ တူလိကာ–တူလောနဒ္ဓ၊ နိသီဒနံ–နိသီဒနသိက္ခာပုဒ်၊ ကဏ္ဍုဉ္စာဒိ–ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ ဝဿိကာ–ဝဿိကသာဋိကာ၊ သုဂတေနစ–သုဂတစီဝရ၊ ဝါ–နန္ဒတ္ထေရသိက္ခာပုဒ်၊ (ရာဇဝဂ် အတွက်)၊ ဣတိ–တသုဒ္ဒါန စကားရပ်, အပြီးသတ်တည်း။

**မှတ်ချက်။** ။ဝဂ်တို့၏ ဥဒါန်းကား လွယ်ပြီ၊ ဘူတဂါမဝဂ်ကို ပါစိတ်အဋ္ဌကထာ၌ "သေနာသနဝဂ်" ဟု သုံးစွဲ၏၊ [ဩဝါဒဝဂ်ကို ပါစိတ်အဋ္ဌကထာ၌ "ဘိက္ခုနိဝဂ်"ဟု လည်းကောင်း, ပါတိမောက်၌ "ဘိက္ခုနောဝါဒကဝဂ်"ဟု လည်းကောင်း သုံးစွဲ၏၊ သုရာမေရယဝဂ်ကို ပါစိတ်ပါဠိတော်, အဋ္ဌကထာနှင့် ပါတိမောက်တို့၌ "သုရာပါနဝဂ်"ဟု လည်းကောင်း၊ ရာဇဝဂ်ကို ပါစိတ်ပါဠိတော်နှင့် ပါတိမောက်တို့၌ "ရတနဝဂ်"ဟု လည်းကောင်း သုံးစွဲသည်။

## ၆။ ပါဋိဒေသနီယကဏ္ဍ

**၁၄၆။** အာမိသံ–အာမိသကို၊ ပဋိဂ္ဂဟေသိ–ခံယူပြီ၊ [ကြွင်းပုဒ်တို့ကို ပါတိမောက်နိဿယအတိုင်းပေးပါ။] **(၁၄၇)။** ဘိက္ခုနိယာ–သည်၊ ဝေါသာသန္တိယာ–စီမံလသော်၊ ဝါ–စီမံနေပါလျက်၊ န နိဝါရေတွာ–မတားမြစ်မူ၍၊ ဘုဉ္ဇန္တိ–၏၊ ။ပေ၊ န နိဝါရေသုံ–မတားမြစ်ကြကုန်၊ ။ပေ။ **(၁၄၈)။** လွယ်ပြီ။

၁၄၉။ အာရညကောသု သေနာသနေသု-တို့၌၊ ပုဗ္ဗေ အပ္ပဋိသံဝိဒိတံ၊ ။ပေ။ ပဋ္ဋဂ္ဂဟေတွာ ဘုဉ္ဇန္တဿ-၏၊ [ပါတိမောက်အတိုင်း ပေးပါ။] သက္ကေသု-သက္ကာ ဟု ဗဟုဝုစ်အမည်သော ဇနပုဒ်တို့၌၊ ။ပေ။ အာရာမေ-အာရာမ်၌၊ စောရေ-ခိုးပြ သူပုန်တို့ကို၊ ပဋိဝသန္တေ-ရောက်နေသည်တို့ကို၊ နာရောစေသုံ-(ဒါယကာတို့အား) မပြောကြကုန်၊ ။ပေ။

ဥဒ္ဒါန်း၌-"အညာတိကာယ-အညာတိကာယပုဒ်ဖြင့် မှတ်အပ်သော ပထမ ပါဋိဒေသနီယသိက္ခာပုဒ်၊ ။ပေ။ အာရညကေနစ-အရညကပုဒ်ဖြင့် မှတ်အပ်သော စတုတ္ထပါဋိဒေသနီယ သိက္ခာပုဒ်၊ (ဣတိ-သို့) စတ္တာရော, ပါဋိဒေသနီယာ-တို့ကို၊ သမ္ဗုဒ္ဓေန-သည်၊ ပကာသိတာ-ထင်ရှား ပြတော်မူအပ်ကုန်ပြီ"။

## ၇။ သေခိယကဏ္ဍ

### ၁။ ပရိမဏ္ဍလဝဂ်

၁၅၀။ တေနသမယေန ။ပေ။ တေန ဘဂဝတာ-သည်၊ အနာဒရိယံ-ရိုသေလေးစား ခြင်း မရှိသူ၏အဖြစ်ကို၊ ပဋိစ္စ-စွဲ၍၊ ပုရတောပိ-ရှေ့၌သော်လည်းကောင်း၊ ဝါ-ရှေ့ကသော်လည်းကောင်း၊ ပစ္ဆတောပိ-နောက်၌သော်လည်းကောင်း၊ ဝါ-နောက်က သော်လည်းကောင်း၊ ဩလမ္ဗေန္တဿ-တွဲလျားကျစေလျက်၊ နိဝါသေန္တဿ-သင်းပိုင် ကို ဝတ်သောရဟန်း၏၊ ယံ ဒုက္ကဋံ-ကို၊ (ပညတ္တံ၊ တံ-ကို)၊ ကတ္ထ, ပညတ္တံ-နည်း၊ ဣတိ-ဤပုစ္ဆာ၌၊ သာဝတ္ထိယံ-၌၊ ပညတ္တံ-အပ်ပြီ၊ ။ပေ။ ဩလမ္ဗေန္တာ-တွဲလျားကျစေကုန်လျက်၊ နိဝါသေသုံ-သင်းပိုင်ကို ဝတ်ကြကုန်ပြီ၊ ။ပေ။ ပါရုပေန္တဿ-ကိုယ်ဝတ်သင်္ကန်းကို ရုံသော (ရမ်းသော)ရဟန်း၏၊ ။ပေ။ ["ဩလမ္ဗေန္တေန"ဟု ရှိသော်လည်း "နိဝါသေန္တဿ"စသည်တို့နှင့် အတူရသောကြောင့် "ဩလမ္ဗေန္တဿ"ဟု ရှိမှ သဒ္ဒါသွားမှန်သည်၊ နောက်၌လည်း နည်းတူ။]

ကာယံ-ကိုယ်ကို၊ ဝိဝရိတွာ-ဖွင့်၍၊ အန္တရဃရေ-၌၊ ဂစ္ဆန္တဿ-၏၊ ။ပေ။ ဟတ္ထမ္ပိ-လက်ကိုသော်လည်းကောင်း၊ ပါဒမ္ပိ-ခြေကိုသော်လည်းကောင်း၊ ကီဠာပေန္တဿ-ကစားစေလျက်၊ ။ပေ။ ဂစ္ဆန္တဿ၊ တဟံ တဟံ-ထိုထို အရပ်၌၊ ဝါ-ထိုထို အရပ်ကို၊ ဩလောကေန္တဿ-လျက်၊ ဂစ္ဆန္တဿ ။ပေ။ နိသီဒန္တဿ-ထိုင် သော ရဟန်း၏၊ ။ပေ။ ဥက္ခိတ္တကာယ-သင်္ကန်းကို မြှောက်ပင့်ခြင်းဖြင့်၊ ။ပေ။ [အန္တရေ+ဃရာနိ ဧတ္ထ ဧတဿာတိပိ အန္တရဃရံ-ရွာစည်း၏ အလယ်ကြား၌ အိမ်အများရှိသောရွာ၊ (သာသက်သိက္ခာပုဒ်၊ -သာရတ္ထ)၊ အန္တရန္တရာ+ဃရံ ဧတ္ထာတိ အန္တရဃရံ-လမ်းတို့၏ အကြားအကြား၌ အိမ်ရှိသောရွာ၊ (ဝိမတိ)။

ပဌမော-သော၊ ပရိမဏ္ဍလဝဂ္ဂေါ-တည်း။

**၂။ ဥစ္စဂ္ဃိကဝဂ်။ ။၁၅၁။** ဥစ္စဂ္ဃိကာယ–ဖြင့်၊ ။ပေ၊ မဟာဟသိတံ–ကျယ်စွာသော ရယ်ခြင်းကို၊ ဟသန္တာ–ရယ်ကုန်လျက်၊ အန္တရဃရေ, ဂစ္ဆိံသု–သွားကြကုန်ပြီ၊ ။ပေ၊ ဥစ္စာသဒ္ဒံ–အထက်သို့မြင့်တက်သော အသံကိုလည်းကောင်း၊ မဟာသဒ္ဒံ–ဆောသို့ ပြန့်ကျယ်သော အသံကိုလည်းကောင်း၊ ကရောန္တ သဿ–လျက်၊ ။ပေ၊ ဂစ္ဆန္တ သဿ၊ ။ပေ၊ [ကြွင်းသိက္ခာပုဒ်တို့၌ အနက်လွယ်ပြီ။] ဥစ္စဂ္ဃိကဝဂ္ဂေါ–တည်း။

**၃။ ခမ္ဘကတဝဂ်။ ။၁၅၂။** အနာဒရိယံ ပဋိစ္စ, ခမ္ဘကတ သဿ–ပြုအပ်သော ခါးထောက်မှုရှိလျက်၊ အန္တရဃရေ ဂစ္ဆန္တ သဿ ။ပေ၊ သြဂုဏ္ဌိတ သဿ–ခြုံအပ်သော ဦးခေါင်းရှိသည်ဖြစ်၍၊ သသီသံ–ဦးခေါင်းနှင့်တကွဖြစ်သော ကိုယ်ကို၊ ပါရုပိတွာ–ခြုံ၍၊ အန္တရဃရေ ဂစ္ဆိံသု။ ဥက္ကုဋိကာယ–ဖြင့်၊ ။ပေ၊ အသက္ကစ္စံ–လေးလေးစားစား, သတိမထားမူ၍၊ ပိဏ္ဍပါတံ–ကို၊ ပဋိဂ္ဂဏှန္တ သဿ–ခံယူသော ရဟန်း၏၊ ။ပေ၊ သူပဉ္စေဝ–ပဲဟင်းကိုသာ၊ ဗဟုံ–များစွာ၊ ပဋိဂ္ဂဏှန္တ သဿ–၏၊ ။ပေ၊ ထူပီကတံ–မို့မောက်အောင် ပြုအပ်သည်မည်သောက်အောင်၊ ပိဏ္ဍပါတံ ပဋိဂ္ဂဏှန္တ သဿ–၏၊ ။ပေ၊ တတိယော–သော၊ ခမ္ဘကတဝဂ္ဂေါ–တည်း။

**၄။ ပိဏ္ဍပါတဝဂ်။ ။၁၅၃။** တဟံ တဟံ–ထိုထိုအရပ်၌၊ ဝါ–ကို၊ သြလောကေန္တ သဿ–ကြည့်သည်ဖြစ်၍၊ ပိဏ္ဍပါတံ–ကို၊ ဘုဉ္ဇန္တ သဿ–စားသော ရဟန်း၏၊ ။ပေ၊ တဟံ တဟံ–၌၊ သြမသိတွာ–သုံးသပ်၍၊ ဝါ–နှိုက်၍၊ ။ပေ၊ ဒီဃံ–ရှည်လျားသော ၊ အာလောပံ–ဆွမ်းလုပ်ကို၊ ကရောန္တ သဿ–၏၊ ။ပေ၊ ဥစ္စာနသညိနော–ရှိသည်ဖြစ်၍၊ ပရေသံ ပတ္တံ သြလောကန္တ သဿ၊ ။ပေ။ စတုတ္ထော–သော၊ ပိဏ္ဍပါတဝဂ္ဂေါ–တည်း။

**၅။ ကဗဠဝဂ်။ ။၁၅၄။** ကဗဠေ အနာဟဋေ, မုခဒွါရံ–ကို၊ ဝိဝရန္တ သဿ–ဖွင့်သောရဟန်း၏၊ ။ပေ၊ ဗျာဟရိံသု–စကားပြောကြကုန်ပြီ၊ ။ပေ၊ [ကြွင်းသိက္ခာပုဒ် တို့ကား ပါဠိမောက်နှင့် တူပြီ။] ကဗဠဝဂ္ဂေါ ပဉ္စမော။

**၆။ သုရုသုရုဝဂ်။ ။၁၅၅။** သုရုသုရုကာရကံ–၍၊ ဝါ–အောင်၊ ခီရံ–နို့ရည်ကို၊ ပိဝိံသု–သောက်ကုန်ပြီ၊ ။ပေ၊ ဆတ္တပါဏိဿ–လက်၌ ထီးရှိသူအား၊ ဓမ္မံ, ဒေသေန္တ သဿ–ဟောသော ရဟန်း၏၊ ။ပေ၊ ဒေသေသုံ–ဟောကြကုန်ပြီ၊ ။ပေ၊ [ကြွင်းသိက္ခာပုဒ်တို့ လွယ်ပြီ။] သုရုသုရုဝဂ္ဂေါ ဆဋ္ဌော။

**၇။ ပါဒုကဝဂ်။ ။၁၅၆။** "ဌိတေန (ဌိတသဿ)–ရပ်လျက်၊ နိသိန္နဿ–ထိုင်နေသူအား၊ ဓမ္မံ, ဒေသေန္တ သဿ–၏" စသည်ဖြင့် ပေးပါ၊ ပစ္ဆတော ဂစ္ဆန္တေန ၌လည်း ဂစ္ဆန္တ သဿ–"ဟု ပြင်ပါ။ ပါဒုကဝဂ္ဂေါ သတ္တမော။

ပဉ္စသတ္တတိ–ခုနစ်ဆယ့်ငါးပါးသော၊ သေခိယာ–တို့သည်၊ နိဋ္ဌိတာ–န်ပြီ။

## တဿုဒ္ဒါနံ

တဿ–ထို သေခိယ၏၊ ဥဒ္ဒါနံ–ကား၊ ပရိမဏ္ဍလံ–ပရိမဏ္ဍလ သိက္ခာပုဒ် ၂ ပါး၊ ပဋိစ္ဆန္နံ–သုပ္ပဋိစ္ဆန္န သိက္ခာပုဒ် ၂ ပါး၊ သုသံဝုတော၊ ။ပေ၊ ဥက္ခိတ္တကာ (လွယ်ပြီ)၊ သန္ဒေါ–အပ္ပသဒ္ဒသိက္ခာပုဒ် ၂ ပါး၊ တယော–ကုန်သော၊ ပစလနာစေဝ–ကာယပ္ပစာလက, ဗာဟုပ္ပစာလက, သီသပ္ပစာလက သိက္ခာပုဒ်တို့၊ ခမ္ဘံ–ခမ္ဘကတ သိက္ခာပုဒ် ၂ ပါး၊ ဩဂုဏ္ဌိတောစေဝ–ဩဂုဏ္ဌိတသိက္ခာပုဒ် ၂ ပါး၊ ဥက္ကုဋိ–ဥက္ကုဋိ သိက္ခာပုဒ်၊ ပလ္လတ္ထိကာယစ–ပလ္လတ္ထိကသိက္ခာပုဒ်၊ သက္ကစ္စံ–သက္ကစ္စ ပဋိဂ္ဂဟဏ၊ ပတ္တသညီ–ပတ္တသညီ ပဋိဂ္ဂဟဏ၊ သမသူပံ–သမသူပက၊ သမတိတ္တိကံ–က သိက္ခာပုဒ်။

သက္ကစ္စံ–သက္ကစ္စ ဘုဉ္ဇန၊ ပတ္တသညီ၊ ။ပေ၊ ပဋိစ္ဆန္နံ–(လွယ်ပြီ)၊ ဝိညတ္တိ–သူပေါဒန ဝိညတ္တိ၊ ဥဇ္ဈာနသညီနာ–ဥဇ္ဈာနသညီ၊ နမဟန္တံ–နာတိမဟန္တ ပုဒ်ဖြင့် မှတ်အပ်သော အတိမဟန္တ၊ မဏ္ဍလံ–ပရိမဏ္ဍလ၊ ဒွါရံ–ဒွါရပုဒ်ဖြင့် မှတ်အပ်သော အနာဟဋ၊ သဗ္ဗံ ဟတ္ထံ–သဗ္ဗ ဟတ္ထံပုဒ်ဖြင့် မှတ်အပ်သော ဘုဉ္ဇနသိက္ခာပုဒ်၊ န ဗျာဟရေ–စကားမပြောရ ဟုပြသော သကဗဠ၊ ဥက္ခေပေါ–ပိဏ္ဍုက္ခေပက၊ ဆေဒနာ–ကဗဠာဝစ္ဆေဒက၊ ဂဏ္ဍော–အဝဂဏ္ဍကာရက၊ ဓုန–ဟတ္ထနိဒ္ဓုနက၊ သိတ္ထာဝကာရကံ၊ ။ပေ၊ သုရုသုရု၊ (လွယ်ပြီ)။

ဟတ္ထော–ဟတ္ထနိလ္လေဟက၊ ပတ္တောစ–ပတ္တနိလ္လေဟက၊ ဩဋ္ဌောစ–ဩဋ္ဌနိလ္လေဟက၊ သာမိသံ–သာမိသပုဒ်ဖြင့် မှတ်အပ်သော ပါနီ ယထာလကက၊ သိတ္ထကေန–သသိတ္ထကသိက္ခာပုဒ်၊ ဆတ္တပါဏိဿ–အား၊ သဒ္ဓမ္မံ–သူတော်ကောင်း တရားကို၊ တထာဂတာ–တို့သည်၊ န ဒေသေန္တိ ယထာ–ဟောတော်မမူကုန်သကဲ့သို့၊ ဧဝမေဝ–ဤအတူပင်၊ ဒဏ္ဍပါဏိဿ–အားလည်းကောင်း၊ သတ္ထ အာဝုဓပါဏိနံ–လက်၌ ဓားစသော လက်နက်ရှိသူ, လေးရှိသူတို့အားလည်းကောင်း၊ (သဒ္ဓမ္မံ န ဒေသေန္တိ)။

ပါဒုကာ–ပါဒုကာရုဠှသိက္ခာပုဒ်၊ ဥပါဟနာစေဝ–ဥပါဟနာရုဠှ၊ ယာန–ယာနဂတ၊ သေယျာဂတဿစ–သေယျာဂတ၊ ပလ္လတ္ထိကာနိသိန္နဿ–ပလ္လတ္ထိကာနိသိန္န၊ ဝေဌိတ–ဝေဌိတသီသ၊ ဩဂုဏ္ဌိတဿစ–ဩဂုဏ္ဌိတသီသ၊ ဆမာ–ဆမာသိက္ခာပုဒ်၊ နီစာသနေ–နီစာသန၊ ဌာနေ–ဌိတနိသိန္နသိက္ခာပုဒ်၊ ပစ္ဆတော–ပစ္ဆတော ဂစ္ဆန္တ၊ ဥပ္ပထေနစ–ဥပ္ပထေန ဂစ္ဆန္တ၊ ဌိတကေနစ–ရပ်သော ရဟန်းသည်လည်းကောင်း၊ ဟရိတေ–၌လည်းကောင်း၊ ဥဒကမှိစ–၌လည်းကောင်း၊ န ကာရဗ္ဗံ–ကျင်ကြီးစသည်ကို မပြုထိုက်၊ ဣတိ–တဿုဒ္ဒါနစကားရပ်, အပြီးသတ်တည်း။ [ဝဂ်တို့၏ ဥဒါန်းကား ထင်ရှားပြီ။]

မဟာဝိဘင်္ဂေ–ဘိက္ခုမဟာဝိဘင်း၌၊ ကတ္တပညတ္တိဝါရော, နိဋ္ဌိတော။

---

## ၂။ ကတာပတ္တိဝါရ

### ၁။ ပါရာဇိကကဏ္ဍ

**၁၅၇။** မေထုနံ ဓမ္မံ–မေထုန်အကျင့်ကို၊ ပဋိသေဝန္တော–မှီဝဲသောရဟန်းသည်၊ ကတိ–အဘယ်မျှလောက်ကုန်သော၊ အာပတ္တိယော–တို့သို့၊ အာပဇ္ဇတိ–ရောက်သနည်း၊ မေထုနံ၊ ။ပေ၊ တိဿော အာပတ္တိယော အာပဇ္ဇတိ၊ (ယော–အကြင်ရဟန်းသည်၊) အက္ခာယိတေ–ခွေး, မြေခွေး စသည်တို့ မခဲစားအပ်သေးသော၊ သရီရေ–အလောင်းကောင်၌၊ မေထုံ ဓမ္မံ–ကို၊ ပဋိသေဝတိ–၏၊ (တဿ–ထိုရဟန်း၏၊) ပါရာဇိကဿ–ပါရာဇိကအာပတ်သို့၊ အာပတ္တိ–ရောက်ခြင်းသည်၊ (ဟောတိ)၊ တစ်နည်း၊ (တဿ–၏) ပါရာဇိကာ–ပါရာဇိကမည်သော၊ အာပတ္တိ–အာပတ်သည်၊ အဿ–ဖြစ်၏၊ (သော–သည်၊) ယေဘုယျေန–များသောအားဖြင့်၊ ခါယိတေ–ခွေး, မြေခွေး စသည်တို့ ခဲစားအပ်ပြီးသော၊ သရီရေ–၌၊ မေထုနံ ။ပေ၊ ပဋိသေဝတိ–၏၊ (တဿ–၏၊) ထုလ္လစ္စယဿ–သို့၊ အာပတ္တိ–သည်၊ (ဟောတိ)၊ [တစ်နည်းလည်း ပေးပါ။] (ယော–သည်၊) ဝဋ္ဋကတေ–ယုံးအောင်ပြုအပ်သော၊ (ပွင့်နေသော)၊ မုခေ–ခံတွင်း၌၊ အစ္ဆုပန္တံ–မထိအောင်၊ အင်္ဂဇာတံ–အင်္ဂါဇာတ်ကို၊ ပဝေသေတိ–ဝင်စေ၏၊ (သွင်း၏၊ တဿ–၏၊) ဒုက္ကဋဿ–သို့၊ အာပတ္တိ–သည်၊ (ဟောတိ)၊ [တစ်နည်းလည်း ပေးပါ။] မေထုနံ ဓမ္မံ, ပဋိသေဝန္တော–သည်၊ တိဿော–ကုန်သော၊ ဣမာ အာပတ္တိယော–တို့သို့၊ အာပဇ္ဇတိ။

**၁၅၈။** အဒိန္နံ–ဥစ္စာရှင်သည် ကိုယ်နှုတ် ၂ ပါး တစ်ပါးပါးဖြင့် မပေးအပ်သောသူ့ဥစ္စာကို၊ အာဒိယန္တော–ယူသောရဟန်းသည်၊ ။ပေ၊ ပဉ္စမာသကံဝါ–ငါးပဲကိုသော်လည်းကောင်း၊ အတိရေက ပဉ္စမာသကံဝါ–ငါးပဲထက် အပိုအလွန်ကိုသော်လည်းကောင်း၊ အဂ္ဃနကံ–ထိုက်တန်သော၊ အဒိန္နံ–ကို၊ ထေယျသင်္ခါတံ–ခိုးသူ၏ဖြစ်ကြောင်းဖြစ်ရာ စိတ်အစုဖြင့်၊ အာဒိယတိ–ယူအံ့၊ ပါရာဇိကဿ–သို့၊ အာပတ္တိ–သည်၊ (ဟောတိ)၊ အတိရေကမာသကံဝါ–တစ်ပဲထက် အပိုအလွန်ကိုသော်လည်းကောင်း၊ ဦနပဉ္စမာသကံဝါ–တစ်ပဲအောက် ယုတ်လျော့သော အသပြာကိုသော်လည်းကောင်း၊ အဂ္ဃနကံ–သော၊ အဒိန္နံ၊ ။ပေ၊ အာဒိယတိ–အံ့၊ ။ပေ၊ မာသကံဝါ–တစ်ပဲကိုသော်လည်းကောင်း၊ ဦနမာသကံဝါ–တစ်ပဲအောက် ယုတ်လျော့သော အသပြာကိုသော်လည်းကောင်း၊ အဂ္ဃနကံ၊ ။ပေ၊ အာဒိယတိ–အံ့၊ ။ပေ။

---

**အာပတ္တိ ပါရာဇိကဿ။** ။“အာပတ္တိ ပါရာဇိကဿ” အဖွင့်ကို ပါရာဇိကဏ်ဘာသာဋီကာ ဒုတိယအုပ်ဝယ် “ပါရာဇိကဿဝ္ဒ် အဿအနက်”ဟု ခေါင်းတပ်၍ ပြထားပြီ၊ အာပတ္တိ ထုလ္လစ္စယဿ”စသည်တို့၌လည်း ၂ နည်းစီပင်တည်း၊ ဤဝါကျမျိုး၌ ပြခဲ့သည့်အတိုင်း ယ–တ သဒ္ဒါထည့်၍ အနက်ပေး၏၊ သို့သော် နောက်နောက်သိက္ခာပုဒ်တို့၌ကား လွယ်ကူအောင် ယ–တ သဒ္ဒါ မထည့်ပဲ ပေးပါမည်။

၁၅၉။ သဉ္စိစ္စ–သဉ္စေတနိကာဟူသော သညာနှင့်တကွ သေစေလိုသော စေတနာဖြင့် စေ့ဆော်၍၊ မနုဿဝိဂ္ဂဟံ–လူ့ကောင်ရှိသူ၏ ကိုယ်ကို၊ ဇီဝိတာ ဝေါရောပေယျာ–ခွင်းသောရဟန်းသည်၊ ပေ၊ ပပတိတွာ–လိမ့်ကျ၍၊ မရိဿတိ–သေလိမ့်မည်၊ ဣတိ–ဤသို့၊ မနုဿံ–လူကို၊ ဥဒ္ဒိဿ–ရည်စူး၍၊ သြပါတံ–တွင်းကို၊ ခဏတိ–တူးအံ့၊ ပေ၊ (မနုဿော–သည်၊) ပတိတေ–ကျပြီးလသော်၊ ဒုက္ခာ–ဆင်းရဲကြောင်း ဖြစ်သော ဝေဒနာသည်၊ ဥပ္ပဇ္ဇတိ–အံ့၊ ပေ၊ မရတိ–သေအံ့၊ ပေ။

၈။ အဒ္ဓါနသမုဋ္ဌာန။ ။၂၆၅။ အဒ္ဓါန–အဒ္ဓါန သိက္ခာပုဒ်၊ ဝါ–အဒ္ဓါန ပုဒ်ဖြင့် မှတ်အပ်သော ဘိက္ခုနီ သံဝိဓာန၊ နာဝံ–နာဝါဘိရူဟန၊ ပဏီတံ–ပဏီတဘောဇနေ၊ မာတုဂါမေန–မာတုဂါမ သံဝိဓာန၊ သံဟရေ–လောမသံဟရ၊ ဓညံ–အာမကဓည၊ နိမန္တိတာစေဝ–နိမန္တိတာပုဒ်ဖြင့် မှတ်အပ်သော အညတြဘုဉ္ဇန၊ အဋ္ဌ–နှစ်သော၊, ပါဋိဒေသနီစ–ပါဋိဒေသနီ သိက္ခာပုဒ်တို့။ ပန္နရသ–ကုန်သော၊ ဧတေ သိက္ခာ–ဤ သိက္ခာပုဒ်တို့သည်၊ ကာယာ–ကိုယ်ကြောင့်၊ ဇာယန္တိ၊ ဝါစာ–ကြောင့်၊ န (ဇာယန္တိ)၊ မနာ–ကြောင့်၊ န (ဇာယန္တိ)၊ ကာယဝါစာဟိ–တို့ကြောင့်။ ဇာယန္တိ၊ တေ–ထိုသိက္ခာပုဒ်တို့သည်၊ စိတ္တေန–ကြောင့်၊ န ဇာယရေ၊ ကာယစိတ္တေန–ကြောင့်၊ ဇာယန္တိ၊ တေ–တို့သည်၊ ဝါစတော–ကြောင့်၊ န ဇာယန္တိ၊ ကာယဝါစာဟိ–တို့ကြောင့်လည်းကောင်း၊ စိတ္တေန–ကြောင့်လည်းကောင်း၊ (ဇာယန္တိ)၊ အဒ္ဓါနေန–အဒ္ဓါနသိက္ခာပုဒ်နှင့်၊ သဟာ–ကွ၊ သမာ–နှ်သော၊ စတုဗ္ဗိဓာ–၄ ပါးအပြားရှိကုန်သော၊ သမုဋ္ဌာနာ–တို့ကို၊ ဗုဒ္ဓဉာဏေန–ထိုးထွင်း၍ သိတော်မူသော သဗ္ဗညုတဉာဏ်တော်ဖြင့်၊ ပညတ္တာ–ပညတ်တော်မူအပ်ကုန်ပြီ၊ [ပါဠိ၌ယံ ဗုဒ္ဓဉာဏေနာတိ ပဋိဝိဒ္ဓ သဗ္ဗညုတဉာဏေန–ဝိမတိ။]

၉။ ထေယျသတ္ထသမုဋ္ဌာန။ ။၂၆၆။ ထေယျသတ္ထံ–ထေယျသတ္ထ သိက္ခာပုဒ်၊ ဥပဿုတိ–ဥပဿုတိ၊ သူပဝိညာပနေနစ–သူပေါဒနဝိညတ္တိ၊ ရတ္တိ–ရတ္တန္ဓကာရ၊ ဆန္နဥ္စ–ပဋိစ္ဆန္န၊ ဩကာသံ–အဇ္ဈောကာသ၊ သတ္တမာ–၇ ပါးမြောက်သော၊ ဗျူဟေန–ဗျူဟသိက္ခာပုဒ်၊ ဧတေ–ဤသိက္ခာပုဒ်တို့သည်၊ ကာယစိတ္တေန–ကြောင့်၊ ဇာယန္တိ၊ တေ–တို့သည်၊ ဝါစတော န ဇာယန္တိ၊ တိဟိ–နှ်သော၊ ဒွါရေဟ်–တို့ကြောင့်၊ ဇာယန္တိ၊ ဒွိသမုဋ္ဌာနိကာ–၂ ပါးသော သမုဋ္ဌာန်ရှိကုန်သော၊ ဣမေ–တို့ကို၊ ထေယျသတ္ထသမုဋ္ဌာနာ–ထေယျသတ္ထ သမုဋ္ဌာန်ရှိကုန်၏ဟူ၍၊ အာဒိစ္စ ဗန္ဓုနာ–နေမျိုးထွက်တင်, ဘုရားရှင်သည်၊ ဒေသိတာ–ဟောတော်မူအပ်ကုန်ပြီ။

**၁၀။ ဓမ္မဒေသနာသမုဋ္ဌာန။ ။၂၆၇။** ဆတ္တပါဏိဿ ၊ပေ၊ သတ္ထအာဝုဓ ပါဏိနံ၊ [ကြာဂါထာကို ဘိက္ခု ကတ္တပညတ္တိဝါရ၊ သေခိယ တသုဒ္ဒါနှ၌ အနက်ပေး ခဲ့ပြီ။] ပါဒုက–ပါဒုကာရုဠှသိက္ခာပုဒ်၊ ဥပါဟနာ–ဥပါဟနာရုဠှ၊ ယာနံ–ယာနဂတ၊ သေယျ–သယနဂတ၊ ပလ္လတ္ထိကာယစ–ပလ္လတ္ထိကနိသိန္န၊ ဝေဌိတ–ဝေဌိတသီသ၊ ဩဂုဏ္ဌိ တောစေဝ–ဩဂုဏ္ဌိတသီသ၊ အနူနကာ–မယုတ်မလျော့ကုန်သော၊ ဧကာဒသ–တစ်ဆယ့် တစ်ပါးသော သိက္ခာပုဒ်တို့သည်၊ ဝါစာစိတ္တေန–ကြောင့်၊ ဇာယန္တိ၊ တေ–တို့သည်၊ ကာယတော န ဇာယန္တိ၊ သဗ္ဗေ–တို့သည်၊ ဧက သမုဋ္ဌာနာ–တစ်ခုတည်းသော သမုဋ္ဌာန်ရှိကုန်သည်၊ (ဟုတ္ဝာ) ဓမ္မဒေသနေ (ဓမ္မ ဒေသနေန)–ဆတ္တပါဏိ ဓမ္မဒေသနာသိက္ခာပုဒ်နှင့်၊ သမကာ–တူကုန်၏။

**၁၁။ ဘူတာရောစနသမုဋ္ဌာန။ ။၂၆၈။** ။ဘူတံ–ဘူတာရောစန သိက္ခာ ပုဒ်သည်၊ ကာယေန–ကြောင့်၊ ဇာယတိ ၊ပေ၊ ဘူတာရောစနကာ နာမ–ဘူတာ ရောစန သိက္ခာပုဒ် မည်သည်၊ ဝါ–အာပတ်မည်သည်၊ တိဟိ–ကုန်သော၊ ဌာနေဟိ– အကြောင်းတို့ကြောင့်၊ ဇာယတိ။

**၁၂။ စောရိဝုဋ္ဌာပန။ ၂၆၉။**စောရိ–စောရိဝုဋ္ဌာပနသိက္ခာပုဒ်သည်၊ ဝါစာယ– ကြောင့်လည်းကောင်း၊ စိတ္တေန–ကြောင့်လည်းကောင်း၊ ဇာယတိ ၊ပေ၊ ဣဒံ စောရိ ဝုဋ္ဌာပနံ–ကို၊ အကတံ–အခြားသိက္ခာပုဒ်တို့နှင့် မပြုအပ်သော ရောနှောမှုရှိသော၊ ဝါ–ရှေး၌ မပြုအပ်သေးသော၊ (ရှေး၌ မလာသေးသော)၊ ဒွိသမုဋ္ဌာနံ–၂ ပါးသော သမုဋ္ဌာန်ရှိ၏ဟူ၍၊ ဓမ္မရာဇေန–တရားမင်းဘုရားသည်၊ ဘာသိတံ–အပ်ပြီ။ [အကတန္တိ အညေဟိ အမိဿီကတံ, အကတန္တိဝါ ပုဗ္ဗေ အနာဂတံ၊–ဝိမတိ။]

**၁၃။ အနနုညာတသမုဋ္ဌာန။ ၂၇၀။** ။အနနုညာတံ–အနနုညာတ သိက္ခာပုဒ် သည်၊ ၊ပေ၊ အကတံ, စတုဋ္ဌာနိကံ–၄ ပါးသော အကြောင်းရှိသော သမုဋ္ဌာန်တည်း။

**ဤအခန်းကို သင်ယူရကျိုး**

ဟိ–အကျိုးကား၊ ဒသ–ဆယ်ပါးလည်း ဖြစ်ကုန်သော၊ တီဏိ– ၃ ပါးလည်းဖြစ်ကုန်သော၊ (တစ်ဆယ့်သုံးပါး–ဟူလို၊) သခ်ေပံ– အကျဉ်းဖြစ်သော၊ သမုဋ္ဌာနံ–ဦးခေါင်းပမာ, စဈာ ညွှန်ပြ, ပဓာနဖြစ်သော သမုဋ္ဌာန်ကို၊ သုဒေသိတံ–ကောင်းစွာ ဟောပြတော်မူအပ်ပြီ၊ အသမ္မောဟကရံ–မတွေဝေခြင်းကို ပြုတတ်သော၊ နေတ္တိဓမ္မာနုလောမိကံ–ဝိနည်း ပါဠိတော်တရားအား လျော်စွာဖြစ်သော၊ ဣမံ ဌာနံ–ဤ ပါဠိရပ်ကို၊ ဓာရယန္တော– အငုံ့နှုတ်တက်, ဆောင်ရွက်မှတ်သားသော၊ ဝိညူ–ပညာရှိသည်၊ ဝါ–လိမ္မာသူမွန်, ပညဝန် ပုဂ္ဂိုလ်သည်၊ သမုဋ္ဌာနေ–သမုဋ္ဌာန်အရာ၌၊ န မုယှတိ–မတွေဝေတော့၊ ဣတိ–အပြီးတည်း။

သမုဋ္ဌာနသီသသခ်ေပေါ–တူသော သမုဋ္ဌာန်ရှိသော သိက္ခာပုဒ်တို့ကို ချုံး၍ ယူအပ်ရာဖြစ်သော သမုဋ္ဌာနသီသသည်၊ နိဋ္ဌိတော–ပြီ။

◆◆◆◆◆◆◆◆◆◆◆◆◆

## အန္တရပေယျာလ

**ကတိပုစ္ဆာဝါရ။** ။၂၇၁။ အာပတ္တိယော–အာပတ်တို့သည်၊ ကတိ–အဘယ်မျှလောက်တို့နည်း၊ ။ပေ၊ ဝိနီတဝတ္ထူနိ–အဝိပ္ပဋိသာရ ပါမောဇ္ဇ စသည်တို့၏ အကြောင်းဖြစ်သော အာပတ်မှ ရှောင်ကြဉ်ခြင်းတို့သည်၊ ။ပေ၊ အဂါရဝါ–မရှိသော မလေးစားခြင်းတို့သည်၊ ။ပေ၊ ဝိနီတဝတ္ထူနိ–အဂါရဝမှ ရှောင်ကြဉ်ခြင်းတို့သည်၊ ။ပေ၊ ဝိဝါဒမူလာနိ–ဆန့်ကျင်ဘက် ပြောဆိုခြင်း၏မူလတို့သည်၊ ။ပေ၊ အနုဝါဒ မူလာနိ–စွပ်စွဲခြင်း၏ မူလတို့သည်၊ ။ပေ၊ သာရဏီယာ–မပြတ် မလပ်, အမှတ် ရထိုက်ကုန်သော၊ ဓမ္မာ–တို့သည်၊ ။ပေ။ [အဖြေ၌ လွယ်ပြီ။]

အာပတ္တိနိဒ္ဒေသ၌ "တတ္ထ–ထို ပဉ္စ အာပတ္တိယော အစရှိသော စကားရပ်၌၊ ပဉ္စ အာပတ္တိယော–တို့သည်၊ ကတမာ–အဘယ်တို့နည်း"စသည် ပေးပါ။

**ဝိနီတဝတ္ထုနိဒ္ဒေသ။** ။ပဉ္စဟိ–န်သော၊ အာပတ္တိက္ခန္ဓေဟိ–အာပတ်အစုတို့မှ၊ အာရတိ–ဝေးစွာ မွေ့လျော်ခြင်းသည်၊ ဝါ–ဝေးစွာ မွေ့လျော်ကြောင်းသဘောသည်၊ ဝိရတိ–ကင်း၍မွေ့လျော်ခြင်းသည်၊ ဝါ–ကင်း၍ မွေ့လျော်ကြောင်းသဘောသည်၊ ပဋိဝိရတိ–အသီးအသီး ကင်း၍ မွေ့လျော်ခြင်းသည်၊ ဝါ–သည်၊ ဝေရမဏီ–ရာဂစသော အကုသိုလ်ရန်ကို ဖျက်ဆီးခြင်းသည်၊ ဝါ–သည်၊ အကိရိယာ–အာပတ်အစုကို မပြုခြင်းသည်၊ ဝါ–အာပတ်အစုကို မပြုကြောင်းသဘောသည်၊ အကရဏံ–သည်၊ ဝါ–သည်၊ အနဇ္ဈာပတ္တိ–အာပတ်အစုသို့ မရောက်ခြင်းသည်၊ ဝါ–အာပတ်အစုသို့ မရောက်ကြောင်း သဘောသည်၊ ဝေလာ–အာပတ်အစုကို လှုပ်ရှားစေတတ်, ဖျက်ဆီးတတ်သော သဘောသည်၊ ဝါ–အာပတ်အစုသို့ရောက်ကြောင်း အကုသိုလ်ကို လှုပ်ရှားစေတတ်, ဖျက်ဆီးတတ်သော သဘောသည်၊ အနတိက္ကမော–အာပတ်အစုကို မလွန်ကျူးခြင်းသည်၊ ဝါ–မလွန်ကျူးကြောင်း သဘောသည်၊ သေတုဃာတော–နိဗ္ဗာန်သို့ သွားကြောင်းလမ်းကို ဖွဲ့နှောင်တားမြစ်ဟတ်သော အာပတ်အစုကို ဖျက်ဆီးတတ်သော သဘောသည်၊ ဝါ–ဖျက်ဆီးကြောင်း သဘောသည်၊(အတ္ထိ)၊ ဣမာနိ–ဤသဘောတို့သည်၊ ပဉ္စ–န်သော၊ ဝိနီတဝတ္ထူနိ–တို့တည်း။

---

**အန္တရပေယျာလ၊** ။အကြားအကြား၌ အထူးအပြားတို့ကို မရှင့် (မဖော်ပြ) မူ၍ ပေယျာလမြှုပ်ထားရာအခန်းကို "အန္တရပေယျာလ"ဟု ခေါ်၏၊ ဥပမာ—"ကတိ အာပတ္တိယော" ဟူသော ပုစ္ဆာ၏အဖြေ၌ "ပဉ္စ အာပတ္တိယော"ဟု ဖြေ၏၊ အကြား၌ မေထုနဓမ္မ, အဒိန္နာဒါန–စသော အပြားကို မဖော်ပြတော့ပဲ မြှုပ်ထားသကဲ့သို့တည်း၊ ထို့ကြောင့် မဟာဝဂ္ဂ၏ ဥဒ္ဒါန်း၌ "ပေယျာလ အန္တရာဘေဒါ–အကြားအကြား၌ အထူးအပြားတို့ကို ပေယျာလမြှုပ်ရာ နယ"ဟု ဆိုသည်။ [ဝိမတိ၌ သာဓကကိုလည်း "မေထုနာဒိန္နဒါနာဒိ အန္တရဘေဒေါ အနပေက္ခိတွာ"ဟု ဤအဓိပ္ပာယ်ကိုပင် ဆိုသည်၊ ဘာသာဋီကာ၌ ထိုသာဓကကို ပြထားပြီ။]

**အဂါရဝနိဒ္ဒေသ။** ။ဗုဒ္ဓေ-မြတ်စွာဘုရား၌၊ အဂါရဝေါ-မရှိသော မလေးစားခြင်းလည်းကောင်း၊ ။ပေ။ သိက္ခာယ-သိက္ခာ ၃ ပါး၌၊ ။ပေ။ အပ္ပမာဒေ-အပ္ပမာဒ တရား၌၊ ။ပေ။ ပဋိသန္ထာရေ-အာမိသပဋိသန္ထာရ, ဓမ္မပဋိသန္ထာရ၌၊ အဂါရဝေါ-လည်းကောင်းတည်း၊ အဂါရဝါ-တို့သည်၊ ဣမေ ဆ-ဤ ခြောက်ပါးတို့တည်း။ [အဂါရဝ ဝိနိတဝတ္ထု၌ "အကရဏံ-အဂါရဝကို မပြုခြင်းသည်"စသည် ပေးပါ၊ ပဋိသန္ထာရပုဒ်တို့၏ အဖွင့်ကို အင်္ဂုတ္တရ ဘာသာဋီကာ၌ ပြထားပြီ။]

**အာပတ္တိသမုဋ္ဌာနနိဒ္ဒေသ။** ။(ယာ အာပတ္တိ-သည်၊) ကာယတော-ကိုယ်ကြောင့်၊ သမုဋ္ဌာတိ-ဖြစ်၏၊ ဝါစတော-နှုတ်ကြောင့်၊ န (သမုဋ္ဌာတိ-မဖြစ်)၊ စိတ္တတော-ကြောင့်၊ န (သမုဋ္ဌာတိ)၊ (သာ) အာပတ္တိ-သည်၊ အတ္ထိ-၏၊ ဤသို့ စသည် ပေးပါ။

**၂၇၂။** ဝိဝါဒမူလနိဒ္ဒေသ, **၂၇၃။** အနုဝါဒမူလနိဒ္ဒေသတို့ကို စူဠဝဂ္ဂပါဠိတော် နိဿယ, သမထက္ခန္ဓက, အဓိကရဏကထာ၌ အနက်ပေးခဲ့ပြီ။

**၂၇၄။ သာရဏီယဓမ္မနိဒ္ဒေသ။** ။ဣဓ-ဤသာသနာတော်၌၊ ဘိက္ခုနော-၏၊ ("မေတ္တံ ကာယကမ္မံ"၌ စပ်၊) သဗြဟ္မစာရီသု-သီတင်းသုံးဖော်တို့၌၊ (သီတင်းသုံးဖော်တို့အပေါ်၌)၊ အာဝီစေဝ-မျက်မှောက်၌လည်းကောင်း၊ ရဟောစ-မျက်ကွယ်၌ လည်းကောင်း၊ မေတ္တံ-မေတ္တာရှိသော၊ ဝါ-မေတ္တာကြောင့် ကောင်းစွာဖြစ်သော၊ ကာယကမ္မံ-ကာယကံသည်၊ ပစ္စုပဋ္ဌိတံ-ရှေ့ရှုကပ်၍ တည်သည်၊ ဟောတိ၊ အယမ္ပိ ဓမ္မော-ဤ မေတ္တာကာယကံဟူသော တရားသည်လည်း၊ သာရဏီယော-မပြတ်မလတ်, အမှတ်ရထိုက်သည်၊ ပိယကရဏော-ချစ်ခြင်းကို ပြုတတ်သည်၊ ဝါ-ချစ်ထိုက်သူ၏အဖြစ်ကို ပြုတတ်သည်၊ ဂရုကရဏော-လေးစားခြင်းကို ပြုတတ်သည်၊ ဝါ-လေးစားထိုက်သူ၏အဖြစ်ကို ပြုတတ်သည်၊ (ဟုတွာ)၊ သင်္ဂဟာယ-သီတင်းသုံးဖော်တို့ကို သိမ်းသွင်းခြင်း ချီးမြှောက်ခြင်းငှာ၊ [သင်္ဂဟာဝတ္ထု ဝိသေသဘာဝတော သဗြဟ္မစာရီနံ သင်္ဂဟဏတ္ထာယ၊-ဋီကာ။] ဝါ-သီတင်းသုံးဖော်တို့ကို သည် ချီးမြှောက်ထိုက်သူ၏ အဖြစ်အကျိုးငှာ၊ [သဗြဟ္မစာရီဟိ သင်္ဂဟေတဗ္ဗဘာဝါယ၊-အင်္ဂကထာ။] အဝိဝါဒါယ-(သီတင်းသုံးဖော်တို့နှင့်) ဆန့်ကျင်ဘက် မပြောဆိုရခြင်းအကျိုးငှာ၊ သာမဂ္ဂိယာ-ညီညွတ်သည်၏ အဖြစ်အကျိုးငှာ၊ ဧကီ ဘာဝါယ-တစ်ယောက်တည်း မဟုတ်သော်လည်း တစ်ယောက်တည်းကဲ့သို့ ဖြစ်ခြင်းငှာ၊ ဝါ-မကွဲမပြား, တစ်သားတည်းဖြစ်ခြင်းငှာ၊ သံဝတ္တတိ-ဖြစ်၏၊ [နောက်နောက်ဝါကျတို့၌ ဤသို့ အပြည့်အစုံပေးပါ။]

ပုနစ-တစ်ဖန်လည်း၊ အပရံ-တစ်မျိုးကား၊ (တစ်မျိုးသော သာရဏီယဓမ္မကား)၊ ပေ၊ မေတ္တံ-သော၊ ဝစီကမ္မံ-သည်၊ ။ပေ။ အယမ္ပိဓမ္မော-ဤမေတ္တာဝစီကံဟူသော တရားသည်လည်း၊ ။ပေ။ သံဝတ္တတိ၊ [မနောကံ၌ လွယ်ပြီ။] ပုနစ ။ပေ။ ယေတေ

လာဘာ–အကြင် လာဘ်တို့သည်၊ မမ္ဂိကာ–တရားသဖြင့် ဖြစ်ကုန်၏၊ [ဓမ္မေန သမေန ဘိက္ခာစရိယဝတ္တေန+ဉပ္ပန္နာ၊–ဋီကာ။] ဓမ္မလဒ္ဓါ–တရားသဖြင့် ရအပ်ကုန် ၏၊ အန္တမသော–အောက်ဆုံး၌ဖြစ်သော အဆုံးအပိုင်းအခြားဖြင့်၊ ပတ္တပရိယာပန္နမတ္တမ္ပိ– သပိတ်၌ အကျုံးဝင်သော ဆွမ်းမျှသည်လည်း၊ (ယောတိ–ရှိအံ့၊) တထာရူပေဟိ– ထိုသို့ သဘောရှိကုန်သော၊ လာဘေဟိ–လာဘ်တို့ဖြင့်၊ အပ္ပဋိဝိဘတ္တဘောဂီ– အသီးအသီးခွဲခြားအပ်သော သုံးဆောင်ခြင်းမရှိသည်၊ (မခွဲခြားမူ၍ သုံးဆောင် တတ်သည်၊) သီလဝန္တေဟိ–သီလရှိကုန်သော၊ သ ဗြဟ္မစာရီဟိ–တို့နှင့်၊ သာဓာ ရဏဘောဂီ–ဆက်ဆံသော သုံးဆောင်ခြင်းရှိသည်၊ ယောတိ၊ ["အပ္ပဋိဝိဘတ္တ ဘောဂီ"ကို "သီလဝန္တေဟိ ၊ပေ၊ ဘောဂီ"ဟု ထပ်ဖွင့်သည်။] အယမ္ပိဓမ္မော– ဤလာဘ အပ္ပဋိဝိဘတ္တဘောဂီဟူသောတရားသည်လည်း၊ ၊ပေ။

ပုနစ ၊ပေ၊ ဘိက္ခု–သည်၊ ("ဝိဟရတိ"၌ လှမ်းစပ်၊) ယာနိ တာနိ သီလာနိ– အကြင်သီလတို့သည်၊ အခဏ္ဍာနိ–ကျိုးပျက်သော သိက္ခာပုဒ်မရှိကုန်သည်၊ အစ္ဆိဒ္ဒါ နိ–ပေါက်သော သိက္ခာပုဒ် မရှိကုန်သည်၊ အသဗလာနိ–ပြောက်သော သိက္ခာပုဒ် မရှိကုန်သည်၊ အကမ္မာသာနိ–ကျားကွက်သော သိက္ခာပုဒ် မရှိကုန်သည်၊ ဘုဇိဿာ နိ–တဏှာ့ကျွန်အဖြစ်မှ ကင်းလွတ်ကုန်သည်၊ ဝါ–ကင်းလွတ်သည်၏ အဖြစ်ကို ပြုတတ်ကုန်သည်၊ ဝိညုပသတ္ထာနိ–ပညာရှိတို့ ချီးမွမ်းအပ်ကုန်သည်၊ အပရာမဋ္ဌာနိ– တဏှာဒိဋ္ဌိတို့သည် မှားသောအားဖြင့် မသုံးသပ်အပ်ကုန်သည်၊ သမာဓိသံဝတ္တနိကာ နိ–ဉပစာရသမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေတတ်ကုန်သည်၊ (ယောန္တိ)၊ တထာ ရူပေသု–ထိုသို့ သဘောရှိကုန်သော၊ သီလေသု–တို့၌၊ အာဝိစေဝ–၌လည်းကောင်း၊ ရဟောစ–၌လည်းကောင်း၊ သဗြဟ္မစာရီဟိ–တို့နှင့်၊ သီလသာမညဂတော–သီလ အားဖြင့် တူသည်၏အဖြစ်သို့ ရောက်သည်၊ [သမာနဿ+ဘာဝေါ သာမညံ၊ သီလေန+သာမညံ သီလသာမညံ၊ သီလသာမညံ+ဂတော သီလသာမညဂတော။] (တစ်နည်း) သီလ သာမညဂတော–တူသော သီလရှိသူ၏ အဖြစ်သို့ရောက်သည်၊ ["သီလံ+သမာနံ ယဿာတိ သီလသမာနော၊ သီလသမာနဿ+ဘာဝေါ သီလ သာမညံ၊ တံ+ဂတော"ဟု ဆက်ပါ။] (ဟုတွာ)၊ ဝိဟရတိ–၏၊ အယမ္ပိဓမ္မော– ဤ အခဏ္ဍသီလဟူသော တရားသည်လည်း၊ ၊ပေ။

ပုနစ ၊ပေ၊ ဘိက္ခု–သည်၊ ယာယံ (ယာ+အယံ) ဒိဋ္ဌိ–အကြင် မဂ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိသည်၊ အရိယာ–ကိလေသာတို့မှ ဝေးကွာသည်၊ ဝါ–အပြစ်မရှိသည်၊ နိယျာနိကာ–ဝဋ်ဒုက္ခမှ ထွက်မြောက်တတ်သည်၊ (ဟုတ္ဘာ)၊ တက္ကရဿ–ထို ဘုရားရှင်၏ အဆုံးအမတော်ကို ပြုကျင့် လိုက်နာသူ၏၊ သမ္မာ–ကောင်းစွာ၊ ဒုက္ခက္ခယာယ–ဝဋ်ဒုက္ခ၏ ကုန်ခြင်းအကျိုးငှာ၊ နိယျာတိ–ဖြစ်၏၊ [နိယျာတီတိ ပဝတ္တတိ၊ သမ္မာ ဒုက္ခက္ခယာယ သံဝတ္တတီတိ အတ္ထော၊–ဝိမတိ။] တထာရူပါယ– သော၊ ဒိဋ္ဌိယာ–မဂ်နှင့်ယှဉ်သော သမ္မာဒိဋ္ဌိ၌၊ အာဝိစေဝ၊ ၊ပေ၊ သ ဗြဟ္မစာရီဟိ–

တို့နှင့်၊ ဒိဋ္ဌိ သာမညဂတော–သမ္မာဒိဋ္ဌိအားဖြင့် တူသည်၏အဖြစ်သို့ ရောက်သည်၊ ဝါ–တူသော သမ္မာဒိဋ္ဌိရှိသူ၏ အဖြစ်သို့ ရောက်သည်၊ (ဟုတ္ဝာ)၊ ဝိဟရတိ–၏၊ အယမ္ပိ ဓမ္မော–ဤ အရိယနိယျာနိကဒိဋ္ဌိဟူသော တရားသည်လည်း၊ ။ပေ၊ သံဝတ္တတိ၊ သာရဏီယာ, ဓမ္မာ–တို့သည်၊ ဣမေ ဆ–ဤခြောက်ပါးတို့တည်း။

**(၂၇၅) ဘေဒကရဝတ္ထု နိဋ္ဌိတံ။** ။ဣဓ ဘိက္ခု, အဓမ္မံ–အဓမ္မကို၊ ဓမ္မောတိ–ဟူ၍၊ ဒီပေတိ–၏၊ [ဤသို့စသည် ပေးပါ၊ ကြွင်းနိဋ္ဌိတတို့ လွယ်ပြီ။]

**မှတ်ချက်။** [တသုဒ္ဒါနှင့် လွယ်ပြီ၊] စာအုပ်တို့၌ "ဝိနီတာဂါရဝါစေဝ, ဂါရဝါမူလမေဝစ"ဟု ပါဌ်ရှိ၏၊ သို့သော် ထိုမူလတို့ကား အာပတ္တိသမုဋ္ဌာန်၏ အခြားမဲ့၌သာ လာ၏၊ ထို ဝိဝါဒမူလ, အနုဝါဒမူလတို့ကိုလည်း "သမုဋ္ဌာနာ ဝိဝါဒနာ, အနုဝါဒါ သာရဏီယံ"ဟု ပြလတ္တံ့၊ ထို့ကြောင့် "ဂါရဝါမူလမေဝစ"ဟု ပါဌ်မရှိသင့်၊ "ဂါရဝါပိ တထေဝစ"ဟု ပါဌ်ရှိသင့်ကြောင်းကိုလည်းကောင်း, "တထေဝစ–ထိုမှတစ်ပါး၊ ဂါရဝါ–ဂါရဝတို့"ဟု အနက်ပေးသင့်ကြောင်းကိုလည်း ကောင်း ရှေးနိဿယ၌ မှာထားပါသည်။

ကတိပုစ္ဆာဝါရော နိဋ္ဌိတော။

---

**၁။ ဆအာပတ္တိသမုဋ္ဌာနဝါရ။ (၂၇၆)** ပဌမေန–ပထမဖြစ်သော၊ အာပတ္တိသမုဋ္ဌာနေန–အာပတ္တိ သမုဋ္ဌာန်ကြောင့်၊ ပါရာဇိကံ–ပါရာဇိကအာပတ်သို့၊ အာပဇ္ဇေယျ–ရောက်ရာသလော၊ ဣတိ–ဤသို့မေးအံ့၊ န ဟီတိ–န ဟီဟူ၍၊ (မရောက်ရာဟူ၍)၊ ဝတ္တဗ္ဗံ–ဖြေဆိုရာ၏၊ (တစ်နည်း) နဟိ (အာပဇ္ဇေယျ)–မရောက်ရာ၊ ဣတိ–ဤသို့၊ ဝတ္တဗ္ဗံ–ဖြေဆိုရာ၏၊ သံဃာဒိသေသံ–သို့၊ အာပဇ္ဇေယျ–လော၊ ဣတိ–ဤသို့မေးအံ့၊ သိယာ–ဖြစ်ရာ၏၊ (ရောက်ရာ၏)၊ ဣတိ–သို့၊ ဝတ္တဗ္ဗံ–ရာ၏၊ (တစ်နည်း)အာပဇ္ဇနံ–ရောက်ခြင်းသည်၊ သိယာ–ဖြစ်ရာ၏၊ ဣတိ–သို့၊ ဝတ္တဗ္ဗံ–ရာ၏၊ [အာပဇ္ဇနံ သိယာ, ဘဝေယျာတိ အတ္ထော–ဝိမတိ။] ဤသို့ စသည်ဖြင့် ဆဋ္ဌသမုဋ္ဌာန်တိုင်အောင် ပေးပါ။

ပဌမော–သော၊ ဆ အာပတ္တိသမုဋ္ဌာနဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

---

**ပထမဝါရစသည် သတ်မှတ်ပုံ။** ။ကတိပုစ္ဆာဝါရမှစ၍ အဓိကရဏပစ္စယဝါရ တိုင်အောင်သော ဝါရတို့သည် အဋ္ဌကထာ၌ ပါဝင်သောကြောင့် ကတိပုစ္ဆာဝါရကို "ပထမဝါရ" ဟု သတ်မှတ်သင့်ပါသည်၊ သို့သော် ဝိမတိဝယ် နောက်၌ပြမည့် ကတာပတ္တိဝါရ (ကတိဝါရ) မှစ၍ "ဒုတိယေ ပန ကတိဝါရေ"စသည်ဖြင့် သတ်မှတ်ထားပါသည်၊ ထို သတ်မှတ်ပုံကို ကြည့်၍ ဤဝါရကို ပထမဝါရ, ကတာပတ္တိဝါရကို ဒုတိယဝါရစသည်ဖြင့် သမထဘေဒ အဆုံးအထိ သတ်မှတ်ပါလိမ့်မည်။

**၂။ ကတာပတ္တိဝါရ။ ။(၂၇၇)** ပဌမေန–သော၊ အာပတ္တိသမုဋ္ဌာနေန–ကြောင့်၊ ကတိ–အဘယ်မျှလောက်ကုန်သော၊ အာပတ္တိယော–တို့သို့၊ အာပဇ္ဇတိ–ရောက်သနည်း၊ ။ပေ၊ ပဥ္စ အာပတ္တိယော အာပဇ္ဇတိ–၏၊ ဘိက္ခု–သည်၊ ကပ္ပိယသညီ–အပ်၏ဟု ဖြစ်သောသညာရှိသည်၊ (ဟုတွာ)၊ သညာဝိကာယ–ကိုယ်တိုင်ဖြစ်စေအပ်သော တောင်းခြင်းဖြင့်၊ အဒေသိတဝတ္ထုကံ–ညွှန်ပြအပ်သော ကုဋိရာမရှိသော၊ ပမာဏာတိက္ကန္တံ–ပမာဏကိုလွန်သော၊ သာရမ္ဘံ–သော၊ အပရိက္ကမနံ–သော၊ [ပါတိမောက်နိဿယအတိုင်း ဆိုပါ။] ကုဋိံ–ကျောင်းငယ်ကို၊ ကရောတိ–ပြုအံ့၊ ပယောဂေ–ပယောဂကြောင့်၊ ဒုက္ကဋံ (ဟောတိ)၊ ဧကံ ပိဏ္ဍံ အနာဂတေ ။ပေ၊ တဿိံ ပိဏ္ဍေ အာဂတေ၊ ။ပေ၊ [ဘိက္ခုဝိဘင်း, ကတာပတ္တိဝါရ, သညာဝိက သိက္ခာပုဒ်၌ အနက်ရေးခဲ့ပြီ၊ "ဝိကာလေ ဘောဇနံ ဘုဉ္ဇတိ"စသော ကြွင်းပုဒ်တို့၌ အနက်လွယ်ပြီ။]

**၂၇၈။** [ထူးရာကိုသာ ရေးပါမည်။] ဘိက္ခု ကပ္ပိယသညီ (ဟုတွာ) သမာဒိသတိ–ညွှန်ပြ၏၊ (ကိံ)၊ မေ–၏၊ (အတွက်)၊ ကုဋိံ–ကို၊ ကရောထ–န်လော၊ ဣတိ–ဤသို့ ညွှန်ပြ၏၊ တဿ–ထိုရဟန်း၏အတွက်၊ အဒေသိတဝတ္ထုကံ၊ ။ပေ၊ ကုဋိံ ကရောန္တိ ။ပေ၊ **(၂၇၉)** ဘိက္ခု ။ပေ၊ သံဝိဒဟိတွာ–၍၊ ။ပေ၊ ကရောတိ၊ [နှုတ်ဖြင့် စီစဉ်၍, ကိုယ်ဖြင့်လည်း ပြုလုပ်သည်–ဟူလို။ **(၂၈၀)** လွယ်ပြီ။

**၂၈၀။** ဘိက္ခု ပါပိဋ္ဌော ဣဏ္ဍာပကတော ။ပေ၊ ဥလ္လပတိ၊ [ဘိက္ခု ကတာပတ္တိဝါရ, ပါရာဇိကကဏ္ဍ၌ အနက်ပေးခဲ့ပြီ။] န ခုံသေတုကာမော–ဆဲရေးခြင်းငှာ အလိုမရှိသည်၊ န ဝမ္ဘေတုကာမော–ရှုတ်ချခြင်းငှာ အလိုမရှိသည်၊ န မင်္ကုကတ္တုကာမော–မျက်နှာ မသာမယာဖြစ်အောင် ပြုခြင်းငှာ အလိုမရှိသည်၊ (အရှိန်အဝါမရှိအောင် ပြုခြင်းငှာ အလိုမရှိသည်၊) (ဟုတွာ)၊ ဒဝကမျတာ–ရယ်မြူးခြင်းကို အလိုရှိသူ၏ အဖြစ်ဖြင့်၊ (ရယ်မြူးလိုသဖြင့်၊) ဟီနေန–ယုတ်ညံ့သော ဇာတ် အစရှိသောစကားဖြင့်၊ ဟီနံ–ယုတ်ညံ့သူကို၊ (ယုတ်ညံ့သော ဇာတ်ရှိသော ရဟန်းကို)၊ ဝဒေတိ–ပြောအံ့၊ ဒုဗ္ဘာသိတဿ–ဒုဗ္ဘာသိတအာပတ်သို့၊ အာပတ္တိ–

---

**ကပ္ပိယသညီ ။ပေ၊ ကုဋိံ ကရောတိ။** ။ကပ္ပိယသညီတိ ဣမိနာ အစိတ္တကတ္တံ ဒဿေတိ၊ ကုဋိံကရောတိတိ ဣမိနာ ဝစီပယောဂါဘာဝံ၊ ဥဘယေနာပိ ကောဝလံ ကာယေနေဝ ဒုက္ကဋာဒီနံ သမုဋ္ဌံ ဒဿေတိ၊ ဧဝံ ဥပရိပိ ယထာနုရူပံ ကာတဗ္ဗံ၊–ဝိမတိ။

**ကုဋိကာရ သေသည်ကိုသာ ထုတ်ပြပုံ။** ။ဒုတိယေ ပန ကတိဝါရေ ပဌမသမုဋ္ဌာနေန အာပဇ္ဇိတဗ္ဗာနံ လဟု ဒဿနသုခတ္ထံ ကုဋိကာရာဒီနိ ဧဝ သမုဒ္ဓဋာနိ, န အညေသံ အဘာဝါ (ကုဋိကာရသေသည်မှ တစ်ပါးသော အခြားသိက္ခာပုဒ်တို့၏ ပဌမသမုဋ္ဌာန်ကြောင့် ဖြစ်ခြင်း၏ မရှိခြင်းကြောင့် ကုဋိကာရသေသည်ကိုသာ ထုတ်ပြအပ်ကုန်သည် မဟုတ်ပါ၊) သဉ္စရိတ္တာဒီနမ္ပိ ဝိဇ္ဇမာနတ္တာ၊ ဧဝံ ဒုတိယသမုဋ္ဌာနာဒီသုပိ၊–ဝိမတိ။

ရောက်ခြင်းသည်၊ (ဟောတိ)၊ ။ပေ၊ (၂၈၂) သံဝိဒဟိတွာ–၍၊ (တိုင်ပင် ၍)၊ ဘဏ္ဍံ–ဘဏ္ဍာကို၊ အဝဟရတိ–ခိုးဆောင်အံ့၊ ။ပေ။ ဆနံ့ အာပတ္တိသမုဋ္ဌာနာနံ–တို့၏၊ ဒုတိယော–သော၊ ကတာပတ္တိဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

---

၃။ **အာပတ္တိသမုဋ္ဌာနဂါထာ။** ။(၂၈၃) အနန္တဒဿိနာ–အဆုံးမရှိသော သိသင့်သိထိုက်သောတရားကို သိမြင်တော်မူထသော၊ ဝိဝေကဒဿိနာ–နိဗ္ဗာန်တို့မှ ကင်းခြင်းကို မြင်တော်မူထသော၊ ဝါ–သင်္ခတတရားတို့၏ကင်းရာ နိဗ္ဗာန်ကို မြင်တော်မူထသော၊ လောကဟိတေန–သတ္တလောက၏ စီးပွားဖြစ်တော်မူသော ဘုရားရှင်သည်၊ ကာယိကာ(ကာယိကော)–ကိုယ်ဟူသော၊ သမုဋ္ဌာနာ (သမုဋ္ဌာနံ)– သမုဋ္ဌာန်ကို၊ (တစ်နည်း) ကာယိကာသမုဋ္ဌာနာ–ကာယသမုဋ္ဌာန်ကို၊ အက္ခာတာ (အက္ခာတံ)–ဟောတော်မူအပ်ပြီ၊ တေန–ထိုကာယသမုဋ္ဌာန်ကြောင့်၊ သမုဋ္ဌိတာ–ဖြစ်ကုန်သော၊ အာပတ္တိယော–တို့သည်၊ ကတိ–အဘယ်မျှလောက်တို့ပါနည်း၊ ဝိဘင်္ဂကောဝိဒ–ဝိဘင်း ၂ ပါး၌ ကျွမ်းကျင်တော်မူသော အရှင်ဘုရား၊ [သို့မဟုတ်, ကျွမ်းကျင်သော ငါ့ရှင်၊] ပုစ္ဆာမိ–လျှောက်ပါ၏၊ (မေးပါ၏)၊ တံ–ထိုအကြောင်းကို၊ ဗြူဟိ–ဖြေဆိုတော်မူပါ၊ (ဖြေဆိုပါ)။

အနန္တဒဿိနာ–သော၊ ။ပေ၊ အက္ခာတာ–ပြီ၊ တေန–ကြောင့်၊ သမုဋ္ဌိတာ–န်သော၊ အာပတ္တိယော–တို့သည်၊ ပဉ္စ–တို့တည်း၊ (ငါးပါးတို့ပါတည်း)၊ ဝိဘင်္ဂကောဝိဒ–ဝိဘင်း ၂ ပါး၌ ကျွမ်းကျင်သော ငါ့ရှင်၊ (သို့မဟုတ်, အရှင်ဘုရား)၊ တေ–ဤအကြောင်းကို၊ တေ–သင့်အား၊ (သို့မဟုတ်, အရှင်ဘုရားအား၊) အက္ခာမိ–

---

**အနန္တဒဿိနာ, ဝိဝေကဒဿိနာ။** ။အနန္တဒဿိတိ အနန္တဿ ဉေယျဿ အနဝသေသတော ဒဿီ၊ သဂါထာဝဂ္ဂ, ဗြဟ္မသံယုတ်, ဖကဗြဟ္မသုတ်ဋီကာ၊ ဝိဝေက ဒဿိနာတိ သဗ္ဗသင်္ခတ ဝိဝိတ္တတ္တာ, တတော ဝိဝိတ္တဘာဝတ္တာစ နိဗ္ဗာနံ ဝိဝေကန္တိ နိဗ္ဗာနဥ္စ ဒဿနသီလေန၊–ဝိမတိ။ [အဋ္ဌကထာ အပရဒုတိယ ဂါထာသင်္ဂဏိက, အဝန္ဓနိယ ပုဂ္ဂလာဒိ ဝဏ္ဏနာ, "အနန္တဓိနေန တာဒိနာ ဝိဝေကဒဿိနာ"အဖွင့်၌ကား ဝိဝေကအရ တဒင်္ဂဝိဝေကစသော ဝိဝေက ၅ ပါးကို ဖွင့်သည်။]

**ကာယိကာ သမုဋ္ဌာနာ။** ။ကာယော၀+ကာယိကောတိ ဝတ္တဗ္ဗေ ဝစနဝိပလ္လာသေန "ကာယိကာ"တိ ဝုတ္တံ၊ တေနာဟ "တေန သမုဋ္ဌိတာ"တိ၊ ကာယော သမုဋ္ဌာနံ အက္ခာတောတိ အတ္ထော၊–ဝိမတိ။ [ကျော်ဂါထာတို့ဖြင့် ရှေ့ဝါရ၌ ဆိုအပ်ပြီးသော အနက်အဓိပ္ပာယ်ကိုပင် သိမ်းယူ အပ်သည်။]

**ဝိဘင်္ဂကောဝိဒ။** ။ဝိဘင်္ဂကောဝိဒါတိ ဥဘတောဝိဘင်္ဂ ကုသလာတိ အာလပနံ၊ ဣမ ပနေဝံ အညော ပုစ္ဆန္တော နာမ နတ္ထိ၊ ဥပါလိတ္ထေရော သယမေဝ အတ္တံ ပါကဋံ ကာတုံ ပုစ္ဆိတ ဝိသဇ္ဇနဥ္စ အကာသီတိ ဣမိနာ နယေန သဗ္ဗတ္ထ (အလုံးစုံသော ဂါထာတို့၌) အတ္ထော ဝေဒိတဗ္ဗော၊–ဝိမတိ။

ဖြေဆိုပါ၏၊ [ကြွင်းဂါထာများ၌ "ဝါစသိကာ-နှုတ်ဟူသော၊ ကာယိကာ-ကိုယ်ဟူသော၊ မာနသိကာ-စိတ်ဟူသော၊ ကာယိကာ ဝါစသိကာ မာနသိကာ-ကိုယ် နှုတ် စိတ်ဟူသော"ဟု ပေးပါ။

တတိယာ အာပတ္တိသမုဋ္ဌာနဂါထာ နိဋ္ဌိတာ။

**၄။ ဝိပတ္တိပစ္စယဝါရ။** ။၂၈၄။ သီလဝိပတ္တိပစ္စယာ-သီလဝိပတ္တိဟူသော အကြောင်းကြောင့်၊ ဝါ-သီလဝိပတ္တိကို ဖုံးထားခြင်းဟူသော အကြောင်းကြောင့်၊ [သီလဝိပတ္တိ ပဋိစ္ဆာဒန ပစ္စယာ၊-ဝိမတိ။] ကတိ ။ပေ၊ အာပဇ္ဇတိ၊ ။ပေ၊ ဘိက္ခုနီ-သည်၊ ဇာနံ (ဇာနန္တီ)-လျက်၊ ပါရာဇိကံ ဓမ္မံ, ပဋိစ္ဆာဒေတိ-ဖုံးထားအံ့၊ ။ပေ။

**၂၈၅။** အာစာရဝိပတ္တိပစ္စယာ-ကြောင့်၊ ဝါ-ကြောင့်၊ ။ပေ။ **(၂၈၆)။** ဒိဋ္ဌိဝိပတ္တိပစ္စယာ-ဒိဋ္ဌိဝိပတ္တိဟူသော အကြောင်းကြောင့်၊ ဝါ-ပျက်စီးသော မိစ္ဆာအယူကို မစွန့်ခြင်းဟူသော အကြောင်းကြောင့်၊ [ဒိဋ္ဌိဝိပတ္တိယာ အပ္ပဋိနိဿဇ္ဇန ပစ္စယာ၊-ဝိမတိ။] ။ပေ။ **(၂၈၇)။** အာပတ္တိပစ္စယာ-ကြောင့်၊ ဝါ-ပျက်စီးသော အသက်မွေးဝမ်းကျောင်းဟူသော အကြောင်းကြောင့်၊ ။ပေ။

စတုတ္ထော-သော၊ ဝိပတ္တိပစ္စယဝါရော-သည်၊ နိဋ္ဌိတော-ပြီ။

**၅။ အဓိကရဏပစ္စယဝါရ။** ။၂၈၈။ ဝိဝါဒါဓိကရဏပစ္စယာ-ဝိဝါဒါဓိကရုဏ်းဟူသောအကြောင်းကြောင့်၊ ။ပေ၊ ဥပသမ္ပန္နံ ဩမသတိ၊ ။ပေ၊ အနုပသမ္ပန္နံ ဩမသတိ၊ [ဘိက္ခုဝိဘင်း, ကတာပတ္တိဝါရ, ဩမသသိက္ခာပုဒ်၌ အနက်ပေးခဲ့ပြီ။

**၂၈၉။** အနုဝါဒါဓိကရဏပစ္စယာ-ကြောင့်၊ ။ပေ၊ ဘိက္ခုံ-ကို၊ အမူလကေန-အခြေအမြစ်မရှိသော၊ ပါရာဇိကေန ဓမ္မေန-ပါရာဇိကအာပတ်ဖြင့်၊ အနုဒ္ဓံသေတိ၊ ။ပေ၊ အာစာရဝိပတ္တိယာ-ဖြင့်၊ အနုဒ္ဓံသေတိ-စွပ်စွဲအံ့၊ ။ပေ။

**၂၉၀။** အာပတ္တာဓိကရဏပစ္စယာ-ကြောင့်၊ [ဤ၌ပါသော သိက္ခာပုဒ်တို့၏ အနက်ကို ဤအဋ္ဌရုပယောဇနာ, ဝိပတ္တိပစ္စယဝါရပုဒ်ရေ (၂၈၄)၌ ရေးခဲ့ပြီ။] **(၂၉၁)။** ကိစ္စာဓိကရဏပစ္စယာ-ကြောင့်၊ [ဤ၌ပါသော သိက္ခာပုဒ်တို့၏ အနက်ကိုလည်း ရှေး၌ ရေးခဲ့ပြီး ဖြစ်သည်။]

သတ္တ-န်သော၊ အာပတ္တိယော-တို့ကိုလည်းကောင်း၊ သတ္တ, အာပတ္တိက္ခန္ဓေ-တို့ကိုလည်းကောင်း၊ ထပေတွာ-ထား၍၊ အဝသေသာ-န်သော၊ အာပတ္တိယော-သောတာပတ္တိဖလသမာပတ်စသော အာပတ်တို့သည်၊ [အဝသေသာ အာပတ္တိယော တိ သောတာပတ္တိ ဖလသမာပတ္တိ အာဒယော၊-ဝိမတိ။] စတုန္နံ, ဝိပတ္တီနံ-တို့တွင်၊ ကတိ-န်သော၊ ဝိပတ္တိယော-တို့သို့၊ ဘဇန္တိ-ကပ်ဝင်ကုန်သနည်း၊ ။ပေ၊ ကတမံ အဓိကရဏံ-အဘယ်အဓိကရုဏ်းနည်း၊ ။ပေ၊ သမ္မန္တိ-ငြိမ်းကုန်သနည်း။

သတ္တ အာပတ္တိယော ။ပေ၊ ကတမံ ဝိပတ္တိံ-မည်သည့်ဝိပတ္တိသို့မျှ၊ န ဘဇန္တိ-န်၊ ။ပေ၊ န ကတမံ အဓိကရဏံ-မည်သည့်, အဓိကရုဏ်းမျှ မဟုတ်၊ ။ပေ၊ ကတမေန သမထေန-မည်သည့် သမထကြောင့်၊ န သမ္မန္တိ-န်၊ တံ-ထိုသို့ဖြစ်ခြင်းသည်၊ ကိဿဟေတု-အဘယ်အကြောင်းကြောင့်နည်း၊ သတ္တ ။ပေ၊ ထပေတွာ-၍၊ အညာ-အာပတ်, အာပတ်အစု ၇ ပါးတို့မှ တစ်ပါး, အခြားကုန်သော၊ အာပတ္တိယော-ဝိပတ္တိအာဒိဘာဂိနိယ, သာဝဇ္ဇအာပတ်တို့သည်၊ နတ္ထိ-မရှိကုန်၊ ဣတိ-ထို့ကြောင့်တည်း။ (ဝိပတ္တိ အာဒိ ဘာဂိနိယ-ဝိပတ္တိအစရှိသော အဖို့ရှိသော)၊ [တသ္မာ၊ န လွယ်ပြီ။].....

ပဥ္စမော-သော၊ အဓိကရဏပစ္စယဝါရော-သည်၊ နိဋ္ဌိတော-ပြီ။

---

**နတ္ထညာ အာပတ္တိယော။** ။၇ ပါးသော အာပတ်, အာပတ္တိက္ခန္ဓတို့သည်သာ သာဝဇ္ဇ (အပြစ်နှင့် ကျွဖြစ်သော) အာပတ်များဖြစ်၍ ဝိပတ္တိ ၄ ပါး စသည်တို့ဖြင့် ဝေဖန်ထိုက်ရကား ဝိပတ္တိ ၄ ပါးတို့သို့ ကပ်ရောက်ကြ၏၊ အဓိကရုဏ်းဖြစ်၍လည်း သမထတို့ဖြင့် ငြိမ်းစေကြရ၏၊ သောတာပတ္တိဖလသမာပတ်စသည်တို့ကား အနဝဇ္ဇ (အပြစ်မရှိသော) အာပတ်များဖြစ်၍ ဝိပတ္တိ ၄ ပါး စသည်တို့ဖြင့် မဝေဖန်ထိုက်၊ ထို့ကြောင့် ဝိပတ္တိ ၄ ပါး စသည်တို့သို့ မကပ်ရောက်ကြ၊ အဓိကရုဏ်း မဟုတ်သောကြောင့် သမထတို့ဖြင့် ငြိမ်းစေဖွယ်လည်း မလို၊ ၇ ပါးသော အာပတ်, အာပတ္တိက္ခန္ဓာတို့မှ အခြားသော သာဝဇ္ဇအာပတ်များလည်း မရှိရတော့ကား "ထပေတွာ သတ္တ ။ပေ၊ န သမ္မန္တိ"ဟု ဖြေတော်မူပြီးလျှင် "တံ ကိဿဟေတု၊ ။ပေ၊ နတ္ထညာ အာပတ္တိယော"ဟု အကြောင်းပြတော်မူသည်။

အန္တရပေယျာလံ-သည်၊ နိဋ္ဌိတံ-ပြီ။

---

**သမထဘေဒ**

**၆။ အဓိကရဏပရိယာယဝါရ။ ၃၉၂။** ဝိဝါဒါဓိကရဏဿ-၏၊ ပုဗ္ဗင်္ဂမံ-ရှေ့သွား တရားသည်၊ ကိံ-အဘယ်နည်း၊ ဌာနာနိ-အကြောင်းတို့သည်၊ ကတိ-အဘယ်မျှလောက်တို့နည်း၊ ဝတ္ထူနိ-တည်ရာ ဝတ္ထုတို့သည်၊ ။ပေ၊ ဘူမိယော-ဖြစ်ရာဘုံတို့သည်၊ ။ပေ၊ ဟေတူ-ဟိတ်တို့သည်၊ ။ပေ၊ မူလာနိ-မူလတို့သည်၊ ။ပေ၊ ကတိဟိ-ကုန်သော၊ အာကာရေဟိ-အကြောင်းတို့ကြောင့်၊ ဝိဝဒတိ-ဆန့်ကျင်ဘက် ပြောရသနည်း၊ ဝိဝါဒါဓိကရဏံ ။ပေ၊ သမ္မတိ-ငြိမ်းသနည်း။

**၃၉၃။** ဝိဝါဒါဓိကရဏဿ ကိံ ပုဗ္ဗင်္ဂမန္တိ-ဝိဝါဒါဓိကရဏဿ ကိံ ပုဗ္ဗင်္ဂမံ ဟူသော ပုစ္ဆာ၌၊ လောဘော-လောဘသည်၊ ပုဗ္ဗင်္ဂမော-ရှေ့သွားတရားတည်း၊ ။ပေ၊ အလောဘော-သည်၊ ပုဗ္ဗင်္ဂမော-တည်း၊ ဣတိ-ဤ အဖြေဖြစ်၏၊ [သာသနာတော်၏ တည်ခြင်းအကျိုးငှာ မှန်ကန်သောအားဖြင့် ဓမ္မဝါဒီ၏ ငြင်းခုံမှုကို ရည်ရွယ်၍ "အလောဘ အဒေါသ အမောဟတို့ကို ပုဗ္ဗင်္ဂမ"ဟု ဆိုသည်။ [။ပေ၊

ကတိဌာနာနိတိ–ဟူသောပုဒ်၌၊ အဋ္ဌာရသ–နှင့်သော၊ ဘေဒကရဝတ္ထူနိ–တို့သည်၊ (ကွဲပြားခြင်းကိုပြုတတ်သော အကြောင်းတို့သည်၊) ဌာနာနိ–တို့တည်း၊ ဣတိ–ဤအဖြေ ဖြစ်၏၊ ။ပေ၊ ဟောတူ–တို့သည်၊ နဝ–၉ ပါးတို့တည်း၊ တယော–၃ ပါးကုန်သော၊ ကုသလာဟေတူ–ကုသိုလ်ဟိတ်တို့လည်းကောင်း၊ တယော, အကုသလဟေတူ–တို့လည်းကောင်း၊ တယော, အဗျာကတဟေတူ–တို့လည်းကောင်းတည်း၊ [ရဟန္တာပုဂ္ဂိုလ်တို့၏ ဝိဝါဒကို ရည်ရွယ်၍ "တယော–အဗျာကတ ဟေတူ"ဟု ဆိုသည်။] ။ပေ၊ မူလာနိ–တို့သည်၊ ဒွါဒသ–တို့တည်း၊ ။ပေ၊ ဒွိဟိ–နှင့်သော၊ အာကာရေဟိ–တို့ကြောင့်၊ ဓမ္မဒိဋ္ဌိ–ဓမ္မဟုဖြစ်သော အယူရှိသည်၊ (ဟုတွာ) ဝါ–ဖြစ်၍သော်လည်းကောင်း၊ ဝါ–ဖြစ်ခြင်းကြောင့်သော်လည်းကောင်း၊ အဓမ္မဒိဋ္ဌိ, (ဟုတွာ)ဝါ–သော်လည်းကောင်း၊ ဝါ–ကြောင့်သော်လည်းကောင်း၊ ဝိဝဒတိ–၏၊ ဝိဝါဒါဓိကရဏံ ။ပေ၊ သမ္မတီတိ–ဝိဝါဒါဓိကရဏံ ။ပေ၊ သမ္မတိဟူသော ပုဒ်၌၊ ဝိဝါဒါဓိကရဏံ–သည်၊ ဒွီဟိ–နှင့်သော၊ သမထေဟိ–တို့ဖြင့်၊ သမ္မုခါဝိနယေနစ–သမ္မုခါဝိနယ သမထဖြင့်လည်းကောင်း၊ ယေဘုယျသိကာယစ–ဖြင့်လည်းကောင်း၊ သမ္မတိ–၏၊ (ဣတိ–ဤအဖြေသည်၊ ဟောတိ)။

၂၉၄။ အနက်ကို ရှေးနည်းမှီ၍ ပေးပါ၊ ပြအပ်ပြီးသော မူလ(၁၂)ပါးတွင် ကိုယ်, နှုတ် ၂ ပါးထည့်၍ "စုဒ္ဒသ မူလာနိ"ဖြစ်သည်။ (၂၉၅)။ "သတ္တ အာပတ္တိက္ခန္ဓာ ဌာနာနိ"စသည်၌ အာပတ်ကို ဖုံးထားမှုကြောင့် နောက်ထပ် အာပတ်သင့်ရကား ရှေးရှေးအာပတ်သည် နောက်နောက် အာပတ်၏ တည်ရာ အကြောင်းဖြစ်၍ "ဌာနာနိ"စသည်ကို ဆိုသည်၊ ဆဟိ–ကုန်သော၊ အာကာရေဟိ–တို့ကြောင့်၊ အာပတ္တိံ–သို့၊ အာပဇ္ဇတိ–၏၊ အလဇ္ဇိတာ–မကောင်းမှုမှ ရှက်ခြင်း မရှိသူ၏ အဖြစ်လည်းကောင်း၊ အညာဏတာ–မသိသူ၏အဖြစ်လည်းကောင်း၊ ကုက္ကုစ္စပကတတာ–သံသယကုက္ကုစ္စသည် ပင်ကိုယ်သဘောမှ ကင်း အောင်ပြုအပ် သူ၏ အဖြစ်လည်းကောင်း၊ ["အပ်လေသလား, မအပ်လေသလား"ဟု သံသယ

---

**ဌာန, ဝတ္ထု, ဘူမိ။** ။အဋ္ဌာရသ ဘေဒကရဝတ္ထူနိ ဌာနာနီတိ ဓမ္မာဒီသု အဓမ္မောတိ အာဒိနာ ဂဟေတွာ ဒီပနာနိ ဣဒမေဝ (ဤပါဠိတော် အဋ္ဌရသယှာလ, ကတိပုစ္ဆာ ဝါရ၌ပင်) ဘေဒကရဝတ္ထူနိ (သန္တိ)၊ တာနိဝေ ကာယကလဟာဒီ ဝိဝါဒဿ ကာရဏတ္တာ ဌာနာနိ, ဩကာသတ္တာ ဝတ္ထူနိ, အာဓာရတ္တာ ဘူမိယောတိစ ဝုတ္တာနိ၊–ဝိမတိ။ [တိဋ္ဌန္တိ ဧတ္ထာတိ ဌာနာနိ–ဝိဝါဒ စသည်တို့၏ တည်ရာအကြောင်းတို့၊ ဝသန္တိ ဧတ္ထာတိ ဝတ္ထူနိ၊ ဘဝန္တိ ဧတ္ထာတိ ဘူမိယော။]

**ဒွါဒသ မူလာနိ။** ။ဒွါဒသ မူလာနီတိ ကောဓနော ဥပနာဟော, မက္ခော ပဠာသော, ဣဿုကော မစ္ဆရီယံ, မာယာ သာဌေယျံ, ပါပိစ္ဆတာ မဟိစ္ဆတာ, သန္ဒိဋ္ဌိပရာမာသိတာ အာဓာနဂ္ဂါဟိ ဒုပ္ပဋိနိဿဂ္ဂိတာတိ ဣမေသံ ဆန္နံ ယုဂဠာနံ ဝသေန ဆ ဓမ္မာစေဝ လောဘာဒယော ဆဟေတုစာတိ ဒွါဒသ ဓမ္မာ ဝိဝါဒါဓိကရဏဿ မူလာနိ၊– ဝိမတိ။ [အကျယ်ကို သမထက္ခန္ဓက အဓိကရဏကထာ၌ ကြည့်ပါ။]

ဖြစ်နေခြင်းသည် "ကုက္ကုစ္စပကတတာ"တည်း၊ ထိုသို့ သံသယဖြစ်လျက် ပြုလုပ်လျှင် အပ်သောအရာပင် ဖြစ်စေကာမူ အာပတ်သင့်သည်။] အကပ္ပိယေ-မအပ်သော အရာ၌၊ ကပ္ပိယသညိတာ-အပ်၏ဟု အမှတ်ရှိသူ၏ အဖြစ်လည်းကောင်း၊ ကပ္ပိယေ-အပ်သောအရာ၌၊ အကပ္ပိယသညိတာ-မအပ်ဟု အမှတ်ရှိသူ၏ အဖြစ်လည်းကောင်း၊ သတိသမ္မောသာ-သတိပျောက်ကင်း, မေ့လျော့ခြင်းလည်းကောင်း တည်း၊ [တစ်နည်း, အလဇ္ဇိတာ-လည်းကောင်း၊ ။ပေ၊ သတိသမ္မောသာ-လည်းကောင်း၊ ဣတိ-သို့၊ ဆဟိ အာကာရေဟိ-အကြောင်းတို့ကြောင့်၊ အာပတ္တိံ-သို့၊ အာပဇ္ဇတိ-၏၊ ဤသို့လည်း ပေးနိုင်၏။]

၂၉၆။ ကိစ္စာဓိကရဏဿ-၏၊ ။ပေ၊ စတ္တာရိ-ကုန်သော၊ ကမ္မာနိ-အပလောကနကံ စသော ကံတို့သည်၊ ဌာနာနိ-တို့တည်း၊ ။ပေ၊ မူလံ-ကား၊ ဧကံ-တစ်ပါးတည်း၊ သံဃော-သံဃာတည်း၊ [ဤစကားကို များသောအားဖြင့် ဆိုအပ်သည်၊ ဂဏဉတ်ထားရသောကံ, အပလောကနကံတို့၌ကား "ဂဏ"လည်း မူလပင် ဖြစ်၏။] ဒွီဟိ-န်သော၊ အာကာရေဟိ-တို့ကြောင့်၊ ဉတ္တိတောဝါ-ဉတ်ကြောင့် သော်လည်းကောင်း၊ အပလောကနတောဝါ-ပန်ပြောခြင်းကြောင့်သော်လည်း ကောင်း၊ ကစ္စံ-သည်၊ ဇာယတိ-၏၊ ။ပေ။

**သမထ ၇ ပါး (တစ်နည်း) ၁၀ ပါးဖြစ်နိုင်ပုံ။** ။[ကတိ သမထာစသော ဝါကျ လွယ်ပြီ။] ဝတ္ထုဝသေန-စတုဗ္ဗိဓာဓိကရဏဟူသော ဝတ္ထု၏အစွမ်းဖြင့်လည်း ကောင်း၊ ပရိယာယေန-ဒေသနာက္ကမ ဟူသော ပရိယာယ်အားဖြင့်လည်းကောင်း၊ သတ္တ-န်သော၊ ဣမေသမထာ-တို့သည်၊ ဒသ-န်သော၊ သမထာ-တို့သည်၊ ဟောန္တိ-

---

**စတ္တာရိ ကမ္မာနိ ဌာနာနိ။** ။စတ္တာရိ ကမ္မာနိ ဌာနာနီတိအာဒီသု အပလောကနဝါစာ ဉတ္တိအာဒိဝါစာယော စ ကမ္မာနီတိ ဝုတ္တာ၊ တာ ဧဝ ဟိ ကေသိဉ္စာယ သာမဂ္ဂိမုပဂတာနံ ကမ္မပ္ပတ္တာနံ အနုမတိယာ သာဝနကိရိယာနိပ္ဖတ္တိသင်္ခါတဿ သံဃဂဏကိစ္စသဘာဝဿ ကိစ္စာ ဓိကရဏဿ အဓိဋ္ဌာနဘာဝေန "ဌာန ဝတ္ထု ဘူမိယော"တိ ဝုစ္စန္တိ၊-ဝိမတိ။

**ဉတ္တိတောဝါ။** ။ဤ၌ "ဉတ္တိကံ"ဟု ခေါ်သော ဉတ်တစ်မျိုးသာတည်းသာမက, ဉတ္တိ ဒုတိယ ကမ္မဝါစာ, ဉတ္တိစတုတ္ထကမ္မဝါစာတို့ကိုလည်း "ဉတ္တိတောဝါ"ဟုပင် ဆိုထားသည်၊ ဘာကြောင့်နည်း-ထိုကံတို့ကိုလည်း ဉတ်သဘောရှိသောကြောင့်လည်းကောင်း, ဉတ်ရှေ့သွား ရှိသောကြောင့် လည်းကောင်းတည်း၊ [ဉတ်နှင့်စပ်၍ မှတ်ဖွယ်ကို ဤအဋ္ဌကထာ ဥပါလိပဉ္စက, ဝေါဟာရဝဂ်အဖွင့်၌ တွေ့ရလိမ့်မည်။]

**ဝတ္ထုဝသေန, ပရိယာယေန။** ။ဝတ္ထုဝသေနာတိ ဧတ္ထ "သတ္တ သမထာ ဒသ သမထာ ဟောန္တီ"တိ ဣမဿ ကာရဏဝစနံ၊ ပရိယာယေနာတိ ဧတ္ထ "ဒသ သမထာ သတ္တ သမထာ ဟောန္တီ"တိ ဣမဿ ကာရဏဝစနံ၊ စတုဗ္ဗိဓာဓိကရဏသင်္ခါတဝတ္ထုဝသေန စ ဒေသနာက္ကမသင်္ခါတပရိယာယဝသေန စာတိ အတ္ထော၊-ဝိမတိ။

ဖြစ်နိုင်ကုန်သလော၊ ဒသ–န်သော၊ သမထာ–တို့သည်၊ သတ္တ–န်သော၊ သမထာ–တို့သည်၊ ဟောန္တိ–န်သလော၊ (ဣတိ–ဤကား အမေးတည်း၊) သိယာ–ဖြစ်နိုင်ကုန်၏၊ ဣတိ–ဤကား အဖြေတည်း။

ကထဥ္စ–အဘယ်သို့လျှင်၊ ဝါ–အဘယ်နည်းအားဖြင့်၊ သိယာ–န်သနည်း၊ ဝိဝါဒါဓိကရဏဿ–၏၊ (အတွက်)၊ သမထာ–တို့သည်၊ ဒွေ–၂ ပါးတို့တည်း၊ [အနုဝါဒါဓိကရဏ်းအတွက် ၄ ပါး, အာပတ္တာဓိကရဏ်းအတွက် ၃ ပါး, ကိစ္စာဓိကရဏ်းအတွက် ၁ ပါး။] စေ–လျှင်၊ ဝတ္တုံဝသေန၊ ။ပေ၊ ဟောန္တိ–ကုန်၏။

---

**ဣမေ သတ္တ သမထာဓောည်း** ။ဤပုစ္ဆာ၏အစ၌ စာအုပ်များဝယ် "သိယာ ဣမေ သတ္တ သမထာ"ဟု "သိယာ"ပုဒ် ပါနေ၏၊ ထိုပုဒ် မပါသင့်ကြောင်းမှာ အောက်ပါ ဝိမတိစကားဖြင့် ထင်ရှားပါသည်၊ ဣမေ သတ္တ သမထာ ။ပေ၊ ပရိယာယေနာတိ ဣဒံ ပုစ္ဆာဝစနံ၊ "သိယာ"တိ ဣဒံ ဝိသဇ္ဇနံ၊ "ကထဥ္စ သိယာ"တိ ဣဒံ ပုန ပုစ္ဆာ၊ "ဝိဝါဒါဓိ ကရဏဿ ဒွေ သမထာ"တိ အာဒိ ပုန ဝိသဇ္ဇနံ။

ဆဋ္ဌော–သော၊ ပရိယာယဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

---

**၇။ သာဓာရဏဝါရ။** ။(၂၉၇) ကတိ–အဘယ်မျှလောက်ကုန်သော၊ သမထာ–တို့သည်၊ ဝိဝါဒါဓိကရဏဿ–၏၊ ဝါ–နှင့်၊ သာဓာရဏာ–ငြိမ်းစေခြင်းကိစ္စအားဖြင့် ဆက်ဆံကုန်သနည်း၊ (အဖြေ၌) ဒွေ, သမထာ–တို့သည်၊ ဝိဝါဒါဓိကရဏဿ–၏၊ ဝါ–နှင့်၊ သာဓာရဏာ–န်၏၊ သမ္မုခါဝိနယော–လည်းကောင်း၊ ယေဘုယျသိကာ–လည်းကောင်းတည်း၊ [ကြွင်းဝါရကျတို့၌ နည်းမှီပေးပါ။]

သတ္တမော–သော၊ သာဓာရဏဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

**၈။ တဗ္ဘာဂိယဝါရ။** ။(၂၉၈) ကတိ–န်သော၊ သမထာ–တို့သည်၊ ဝိဝါဒါဓိကရဏဿ–၏၊ တဗ္ဘာဂိယာ–တဗ္ဘာဂိယသမထတို့နည်း၊ ဝါ–ငြိမ်းစေခြင်း ကိစ္စအားဖြင့် ထို ဝိဝါဒါဓိကရဏ်း၏အဖို့၌ ဖြစ်ကုန်သနည်း၊ အညဘာဂိယာ–တို့နည်း၊ ဝါ–အခြားသော အဓိကရဏ်း၏ အဖို့၌ ဖြစ်ကုန်သနည်း၊ [လွယ်ပြီ။]

အဋ္ဌမော–သော၊ တဗ္ဘာဂိယဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

---

**ဤ ၂ ဝါရ၌ အရှုပ်မှတ်ဖွယ်ကား–**

"သမ္မုခါ ယေဘုယျသိကာ, ဝိဝါဒေ ဒွိဟိ သမ္မတိ၊
"သမ္မုခါ သတိ အမူဠှ–ပါဝိကာယ နဝါဒကော၊
"သမ္မုခါ ပဋိညာတိကာ, အာပတ္တိ ကိစ္စ–မေကတော"

ဂါထာနှင့်အညီ သမ္မုခါဝိနယ ယေဘုယျသိကာသမထ ၂ ပါးသည်၊ ဝိဝါဒါဓိကရဏ်း၏ သာဓာရဏ, တဗ္ဘာဂိယသမထ၊ ကြွင်း သမထ ၅ ပါးသည် ဝိဝါဒါဓိကရဏ်း၏ အသာဓာရဏ, အညဘာဂိယသမထ၊ ဤသို့ စသည်ဖြင့် ပါဠိတော် ကြည့်၍ သိပါ။

**၉။ သမထာသမထဿ သာဓာရဏဝါရ။ ။(၂၉၉)** သမထာ–တို့သည်၊ သမထဿ–၏၊ ဝါ–နှင့်၊ သာဓာရဏာ–ဆက်ဆံကုန်သလော၊ ။ပေ၊ အသာဓာရဏာ–မဆက်ဆံကုန်သလော၊ [သမထတို့သည် အဓိကရုဏ်းကို ငြိမ်းစေရာ၌ တပေါင်းတည်း ငြိမ်းစေကြသလော, သို့မဟုတ် အသီးအခြား တစ်ပါးစီ ငြိမ်းစေကြသလော"ဟု မေးတော်မူလိုရ်၍ ဤဝါရကို မိန့်တော်မူသည်။] သိယာ–ရံခါ၊ ဝါ–အချို့ကုန်သော၊ သမထာ–တို့သည်၊ သမထဿ–၏၊ ဝါ–နှင့်၊ သာဓာရဏာ–နံ၏၊ သိယာ ။ပေ၊ အသာဓာရဏာ–နံ၏၊ ။ပေ။

ယေဘုယျသိကာ–သည်၊ သမ္မုခါဝိနယဿ–၏၊ ဝါ–နှင့်၊ သာဓာရဏာ–၏၊ သတိဝိနယဿ-၏လည်းကောင်း၊ အမူဠ္ဟဝိနယဿ–၏လည်းကောင်း၊ ။ပေ၊ တိဏဝတ္ထာရကဿ–၏လည်းကောင်း၊ အသာဓာရဏာ–ကုန်၊ [ဤသို့စသည်ဖြင့် ပေးပါ။] နဝမော–သော၊ သမထာသမထဿသာဓာရဏဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

**၁၀။ တဗ္ဘာဂိယဝါရ။ ။(၃၀၀)** သမထာ–တို့သည်၊ သမထဿ–၏၊ တဗ္ဘာဂိယာ–ထို သမထ၏ အဖို့၌ ဖြစ်ကုန်သလော၊ ။ပေ၊ အညဘာဂိယာ–တစ်ပါးသော သမထ၏ အဖို့၌ ဖြစ်ကုန်သလော၊ [လွယ်ပြီ။] ဒသမော–သော၊ သမထာသမထဿ တဗ္ဘာဂိယဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

---

**သမထ ။ပေ၊ သာဓာရဏ**
**တဗ္ဘာဂိယ ၂ ဝါရ**

**အချုပ်မှတ်ဖွယ်။** ။ဤ ၂ ဝါရ၌ အချုပ်မှတ်ဖွယ်ကား–ယေဘုယျသိကာသည် သမ္မုခါဝိနယ၏ သာဓာရဏ, တဗ္ဘာဂိယ၊ ကြွင်းသမထ ၅ ပါးတို့၏ အသာဓာရဏ, အညဘာဂိယ၊ သတိဝိနယသည် သမ္မုခါဝိနယ၏ သာဓာရဏ တဗ္ဘာဂိယ၊ ကြွင်းသမထ ၅ ပါးတို့၏ အသာဓာရဏ အညဘာဂိယ၊ ဤသို့စသည်ဖြင့် သမထအစဉ်အတိုင်း သမ္မုခါဝိနယမှတစ်ပါး သမထ ၆ ပါးတို့သည် သမ္မုခါဝိနယ၏ သာဓာရဏ တဗ္ဘာဂိယ ဖြစ်ကြ၍, မိမိတို့ အချင်းချင်းကား အသာဓာရဏ, အညဘာဂိယ ဖြစ်ကြသည် ဟု မှတ်ပါ။

**ဝိမတိ။** ။သမ္မုခါဝိနယ် ဝိနာ ကဿစိ သမထဿ အသမ္ဘဝါ သေသာ ဆပိ သမထာ သမ္မုခါဝိနယဿ သာဓာရဏာ ဝုတ္တာ၊ တေသံ ပန ဆန္နံ အညမညာပေက္ခာဘာဝတော တေ အညမညံ အသာဓာရဏာ ဝုတ္တာ၊ တဗ္ဘာဂိယဝါရေပိ ဧသေဝနယော။

**မှတ်ချက်။** ။[ပါဠိတော်ကြည့်ပါ။] အနုဝါဒါဓိကရုဏ်း အာပတ္တာဓိကရုဏ်းကို ငြိမ်းစေနိုင်သော သမထတို့သည် (၄)ပါး (၃)ပါး တပေါင်းတည်း ငြိမ်းသက်စေကြသည် မဟုတ်၊ သမ္မုခါဝိနယ တစ်ပါ.တည်းလည်းကောင်း, သမ္မုခါဝိနယနှင့် တွဲဖက်၍ ၂ ပါးစီ ၂ ပါးစီသာ လည် ကောင်. ငြိမ်းစေနိုင်ပုံကို သမထက္ခန္ဓက, အဓိကရဏ ဝူပသမနကထာ ပါဠိတော်၌ ကြည်ပါ၊ ထိုကြောင် ဤဝါရ၌ သမ္မုခါဝိနယ၏ သာဓာရဏ တဗ္ဘာဂိယသမထကို ပြရာဝယ် [illegible] ပါသည်။

**၁၁။ သမထသမ္မုခါဝိနယပါဠိ။** ။(၃၀၁) သမထော–သမထမည်၏၊ သမ္မုခါဝိနယော–သမ္မုခါဝိနယမည်သလော၊ သမ္မုခါဝိနယော–မည်၏၊ သမထော–မည်၊ ။ပေ၊ (အဖြေ၌) ယော့ပုယျသိကာ–သည်လည်းကောင်း၊ ။ပေ၊ တိဏဝတ္ထာရကော–သည်လည်းကောင်း၊ ဣမေ သမထာ–တို့သည်၊ သမထာ–သမထတို့မည်ကုန်၏၊ နော သမ္မုခါဝိနယော–သမ္မုခါဝိနယ မမည်၊ သမ္မုခါဝိနယော–သည်၊ သမထော စေဝ–သမထလည်း မည်၏၊ သမ္မုခါဝိနယောစ–လည်း မည်၏၊ ။ပေ၊ ဧကာဒသ မော သမထသမ္မုခါဝိနယပါဠိရော နိဋ္ဌိတော။

**၁၂။ ဝိနယပါဠိ။** ။(၃၀၂) ဝိနယော–ဝိနယမည်၏၊ သမ္မုခါဝိနယော–သမ္မုခါဝိနယမည်သလော၊ သမ္မုခါဝိနယော–မည်၏၊ ဝိနယော–မည်သလော၊ ။ပေ၊ (အဖြေ၌) ဝိနယော–ဝိနယသည်၊ သိယာ–ရံခါ၊ သမ္မုခါဝိနယော–မည်၏၊ သိယာ–ရံခါ၊ န သမ္မုခါဝိနယော–မမည်၊ သမ္မုခါဝိနယော–သည်၊ ဝိနယောစေဝ–မည်၏၊ သမ္မုခါဝိနယောစ–မည်၏၊ ။ပေ။ ဒွါဒသမော ဝိနယပါဠိရော နိဋ္ဌိတော။

**၁၃။ ကုသလပါဠိ။** ။(၃၀၃) သမ္မုခါဝိနယော–သည်၊ ကုသလော–ကုသိုလ်လော၊ အကုသလော–အကုသိုလ်လော၊ အဗျာကတော–လော၊ ။ပေ၊ (အဖြေ၌) သမ္မုခါဝိနယော–သည်၊ သိယာ–ရံခါ၊ ကုသလော–ကုသိုလ်တည်း၊ ။ပေ၊ သမ္မုခါဝိနယော– သည်၊ အကုသလော–သည်၊ နတ္ထိ၊ [ကြွင်းပါဠိတို့ လွယ်ပြီ။]…. တေရသမော ကုသလပါဠိရော နိဋ္ဌိတော။

**သမ္မုခါဝိနယော သိယာ ကုသလော စသည်။** ။ထိုထို ဝိနယ (သမထ) ကံကို ပြုရာအခါ၌လည်းကောင်း, အဓိကရုဏ်းကို ဖြစ်စေရာ၌လည်းကောင်း ပါဝင်သောပုဂ္ဂိုလ်တို့က ကုသိုလ်စိတ်ဖြင့် ပြုလုပ်လျှင် ထိုကံ, ထိုအဓိကရုဏ်းသည် ကုသိုလ်ဖြစ်၏၊ အကုသိုလ်စိတ်ဖြင့် ပြုလျှင် ထိုကံ, ထို အဓိကရုဏ်းသည် အကုသိုလ်ဖြစ်၏၊ ရဟန္တာအရှင်မြတ်တို့ ပြုလုပ်လျှင် အဗျာကတဖြစ်၏၊ ဤသို့လျှင် ပြုလုပ်သော ပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော အကြောင်း ကုသိုလ် အကုသိုလ် အဗျာကတ အမည်ကို အကျိုးဖြစ်သော သမထ အဓိကရုဏ်းတို့အပေါ်၌ တင်စား၍ အကျိုးဖြစ်သော သမထ, အဓိကရုဏ်းတို့ကို ကာရဏူပစာရအားဖြင့် "သမ္မုခါဝိနယော သိယာ ကုသလော"စသည်ဖြင့် ဆိုထားသည်၊–ဝိမတိ။

---

**နတ္ထိ သမ္မုခါဝိနယော အကုသလော။** ။ယသ္မာ ပနေတသ္မိံ သမ္မုခါဝိနယော နာမ သံဃသမ္မုခတာဒယော ယောဂ္ဂိ၊ တေသဥ္စ အနဝဇ္ဇ သဘာဝတ္တာ အကုသလေ ဝိဇ္ဇမာနေပိ အကုသလတ္တူပစာရော (အကုသိုလ်အဖြစ်၌ တင်စားခြင်းသည်) န ယုတ္တော၊ အာပတ္တာဓိကရဏဿ အကုသလတ္တူပစာရောဝိယ၊ တသ္မာ "နတ္ထိ သမ္မုခါ ဝိနယော အကုသလော"တိ အတ္ထော၊–ဝိမတိ။

**မှတ်ချက်။** ။သမ္မုခါဝိနယနှင့် အာပတ္တာဓိကရဏ၌ အကုသိုလ်မရ၊ ကြွင်းသမထနှင့် အဓိကရဏတို့၌ ၃ ပါးလုံးရသည်၊ အာပတ္တာဓိကရဏ၏ အကုသိုလ် မဖြစ်နိုင်ပုံကို စူဠဝဂ္ဂ ဘာသာဋီကာ သမထက္ခန္ဓက အဓိကရဏကထာ၌ အကျယ်ပြထားပြီ။

**၁၄။ ယတ္ထဝါရ (ပုစ္ဆာဝါရ)။ ။(၁၀၄)** ယတ္ထ–အကြင် အဓိကရုဏ်း၌၊ ယေဘုယျသိကာ–ယေဘုယျသိကာသမထကို၊ လဗ္ဘတိ–ရအပ်၏၊ တတ္ထ–ထို အဓိကရုဏ်း၌၊ သမ္မုခါဝိနယော–သမ္မုခါဝိနယသမထကို၊ လဗ္ဘတိ–ရအပ်သလော၊ ယတ္ထ–၌၊ သမ္မုခါဝိနယော–ကို၊ လဗ္ဘတိ–၏၊ တတ္ထ–၌၊ ယေဘုယျသိကာ–ကို၊ လဗ္ဘတိ–လော၊ [အပြန်အလှန်မေးသည်၊ ထို့နောက် "ထိုသမထ ၂ ပါး ရအပ်ရာ အဓိကရုဏ်း၌ အခြားသမထများလည်း မရအပ်သလော"ဟု မေးလို၍ "န တတ္ထ" စသည်ကို မိန့်သည်။] တတ္ထ–ထိုအဓိကရုဏ်း၌၊ သတိဝိနယော–ကို၊ န လဗ္ဘတိ–မရအပ်သလော၊ ။ပေ၊ တိဏဝတ္ထာရကော–ကို၊ န လဗ္ဘတိ–လော၊ [ကြွင်းဝါကျတို့၌ ဤနည်းအတိုင်း ယေးပါ။] စက္ကပေယျာလံ–စက္ကပေယျာလတည်း၊ စုဒ္ဒသမော ယတ္ထဝါရော နိဋ္ဌိတော–ပြီ။

---

**ဋီကာ** ။"ယတ္ထ ယေဘုယျသိကာ လဗ္ဘတိ, တတ္ထ သမ္မုခါဝိနယော လဗ္ဘတီ"တိ အာဒိပုစ္ဆာ၊ "ယသ္မိံ သမယေ သမ္မုခါဝိနယေနစာ"တိ အာဒိ တဿာ ဝိသဇ္ဇနံ၊ "ယသ္မိံ သမယေ သမ္မုခါဝိနယေန စ ယေဘုယျသိကာယစ အဓိကရဏံ ဝူပသမ္မတိ၊ တသ္မိံ သမယေ ယတ္ထ ယေဘုယျသိကာ လဗ္ဘတိ, တတ္ထ သမ္မုခါဝိနယော လဗ္ဘတီ"တိ ဧဝံ သမ္ဗန္ဓော သမ္ဗန္ဓော၊–သာရတ္ထ။ [ပဋိညာတကရဏရအပ်ရာ အဓိကရုဏ်း၌ သမ္မုခါဝိနယ ရအပ်ပုံကို ဤဋီကာ၌ ကြည့်ပါ။]

---

**၁၅။ သမထဝါရ(ဝိသဇ္ဇနဝါရ)။ ။(၁၀၅)** ယသ္မိံသမယေ–အကြင်အခါ၌၊ သမ္မုခါဝိနယေနစ–ဖြင့်လည်းကောင်း၊ ယေဘုယျသိကာယစ–ဖြင့်လည်းကောင်း၊ အဓိကရဏံ–သည်၊ ဝူပသမ္မတိ–ငြိမ်း၏၊ (တသ္မိံ သမယေ–၌)၊ ယတ္ထ–အကြင် အဓိကရုဏ်း၌၊ ယေဘုယျသိကာ–ကို၊ လဗ္ဘတိ–၏၊ တတ္ထ–၌၊ သမ္မုခါဝိနယော–ကို၊ လဗ္ဘတိ–၏၊ ယတ္ထ သမ္မုခါဝိနယော လဗ္ဘတိ၊ တတ္ထ ယေဘုယျသိကာ, လဗ္ဘတိ–၏၊ တတ္ထ–၌၊ သတိဝိနယော–ကို၊ န လဗ္ဘတိ–မရအပ်၊ ။ပေ၊ တိဏဝတ္ထာရကော–ကို၊ န လဗ္ဘတိ–အပ်၊ ။ပေ။ ပန္နရသမော သမထဝါရော နိဋ္ဌိတော–ပြီ။

**၁၆။ သံသဋ္ဌဝါရ။ ။(၁၀၆)** အဓိကရဏန္တိ ဝါ–အဓိကရဏဟူသည် လည်း ဖြစ်သော၊ သမထာတိ ဝါ–သမထတို့ဟူသည်လည်း ဖြစ်သော၊ ဣမေ ဓမ္မာ–ဤတရားတို့သည်၊ သံသဋ္ဌာ–ရောနှောကုန်သလော၊ ဥဒါဟု–သို့မဟုတ်၊ ဝိသံသဋ္ဌာ–မရောနှောကုန်သလော၊ ဣမေသံ ဓမ္မာနံ–တို့၏၊ ဝိနိဗ္ဘုဇိတွာ ဝိနိဗ္ဘုဇိတွာ–အသီးအခြားခွဲ၍ အသီးအခြားခွဲ၍၊ [ဋီကာတို့၌ကား တစ်ပုဒ်သာရှိ၏။] နာနာကရဏံ–အသီးအခြားပြုကြောင်း အထူးကို၊ ပညပေတုံစ–ပညတ်ခြင်းငှာလည်း၊ လဗ္ဘာ–ရအပ်သလော၊ ဣတိ–ဤကား အမေးတည်း။ [သမထတို့၏ အဓိကရုဏ်းတို့၌သာ ထိုက်သည့်အားလျော်စွာ ဖြစ်ပုံကိုလည်းကောင်း, အဓိကရုဏ်းတို့နှင့် ကင်း၍ သီးခြားမတည်နိုင်ပုံကိုလည်းကောင်း ပြခြင်းငှာ ဤသို့မေးတော်မူသည်၊–ဝိမတိ။]

အဓိကရဏန္တိ ဝါ–သော၊ သမထော ဝါ–သော၊ ဣမေ ဧမှာ–တို့သည်၊ ဝိသံသဋ္ဌာ–မရောနှောကုန်၊ သံသဋ္ဌာ–ရောနှောကုန်သည်၊ နော–မဟုတ်ကုန်၊ ဣမေသံ ဧမှာနံ–တို့၏၊ ။ပေ၊ ပညပေတုံ–ငှာလည်း၊ လဗ္ဘာ–အပ်၏၊ ဣတိ–သို့၊ ယော–အကြင်ပုဂ္ဂိုလ်သည်၊ ဝဒတိ–ပြောဆို၏၊ ["ယော ဝဒတိ"ဟု ဝိမတိ၌ ထည့်သည်။] သော–ထိုပုဂ္ဂိုလ်သည်၊ ဝါ–ကို၊ မာ ဟောဝန္တိ–မာဟောဝံ ဟူ၍၊ ဝါ–ဤသို့ မပြောပါနှင့်ဟူ၍၊ ဝစနီယော–ပြောဆိုထိုက်သည်၊ အဿ–ဖြစ်၏၊ [သော–သည်၊ ဝါ–ကို၊ ဧဝံ–သို့၊ မာ(ဝဒ)–မပြောပါနှင့်၊ ဣတိ–သို့၊ ဝစနီယော အဿ၊ ဤသို့လည်း ပေးနိုင်၏၊ "ဝဒတိ" ဟူသော ကိရိယာနှင့် လိုက်အောင် "မာဝဒ" ဟု ဝိမတိ၌ ထည့်သည်။]

အဓိကရဏန္တိ ဝါ ။ပေ၊ န လဗ္ဘာ–အပ်၊ တံ–ထိုသို့ဖြစ်ခြင်းသည်၊ (ထိုသို့ ခွဲခြား၍ မရနိုင်ခြင်းသည်၊) ကိဿဟေတု–အဘယ် အကြောင်းကြောင့်နည်း၊ ဘိက္ခဝေ–တို့၊ အဓိကရဏာနိ–တို့သည်၊ ဣမာနိ စတ္တာရိ–တို့တည်း၊ သမထာ–တို့သည်၊ သတ္တ–တို့တည်း၊ ဣတိ–သို့၊ ဘဂဝတာ–သည်၊ ဝုတ္တံ နနု–ဟောတော်မူအပ်သည် မဟုတ်ပါလော၊ [သမထက္ခန္ဓကဌ ဟောတော်မူအပ်သည် မဟုတ်ပါလော။] အဓိကရဏာ–တို့သည်၊ သမထေဟိ–တို့ဖြင့်၊ သမ္မန္တိ–ငြိမ်းကုန်၏၊ (တသ္မာ–ထို့ကြောင့်တည်း)၊ ဧဝံ–လျှင်၊ ဣမေ ဧမှာ သံသဋ္ဌာ ။ပေ၊ နော လဗ္ဘာ–အပ်၊ ဣတိ–ဤကား အဖြေတည်း။

သောဠသမော–သော၊ သံသဋ္ဌဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

---

**သမထာ အဓိကရဏေဟိ သမ္မန္တိ။** ။သမထာ အဓိကရဏေဟိ သမ္မန္တီတိ အပလောကနာဒီဟိ စတူဟိ ကိစ္စာဓိကရဏေဟိ သမ္မေပိ သမထာ နိဋ္ဌာနံ (ပြီးဆုံးခြင်းသို့) ဂစ္ဆန္တိ။ န အညေဟိ–(အခြား အဓိကရဏ်းတို့ဖြင့်ကား ပြီးဆုံးခြင်းသို့ မရောက်ကုန်)၊ ဣတိ ဣမမတ္ထံ သန္ဓာယ ဝုတ္တံ၊ တေနေဝ ဝက္ခတိ "သမ္မုခါဝိနယော ဝိဝါဒါဓိကရဏေန န သမ္မတိ၊ အနုဝါဒါဓိကရဏေန ။ပေ၊ အာပတ္တာဓိကရဏေန န သမ္မတိ၊ ကိစ္စာဓိကရဏေန သမ္မတီ"တိ အာဒိ၊ [သမထာဓိကရဏဝါရ၊ "ကထံ သိယာ သမထာ အဓိကရဏေဟိ သမ္မတိ၊ ။ပေ၊ န သမ္မန္တိ" ဟူသော ပုစ္ဆာ၏ အဖြေ၌ မိန့်တော်မူလတ္တံ့။]

---

**၁၇။ သမ္မတိဝါရ။** ။ဝိဝါဒါဓိကရဏ်းသည် အဘယ်သမထဖြင့် ငြိမ်းနိုင်သနည်း" စသည်ဖြင့် မေးသည်၊ အမေး အဖြေအားလုံး၌ အနက်လွယ်ပြီ။

သတ္တရသမော–သော၊ သမ္မတိဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆

**၁၈။ သမ္ဗုတ္တိ န သမ္ဗုတ္တိဝါရ။ ၂၀၈။** "ဝိဝါဒါဓိကရုဏ်းသည် အဘယ် သမထ တို့ဖြင့် ငြိမ်းသနည်း၊ အဘယ် သမထတို့ဖြင့် မငြိမ်းသနည်း" စသည်ဖြင့် မေးသည်၊ ဤဝါရ၌လည်း အနက်ထူးမရှိပါ။ [သံသဋ္ဌဝါရနှင့် ဆက်သွယ်၍ အဓိကရုဏ်း တို့နှင့် သမထဝါရတို့၏ ရောနှောသည်၏ အဖြစ်ကိုလည်းကောင်း, မရောနှောသည် ၏အဖြစ်ကိုလည်းကောင်း ပြခြင်းငှာ ဤဝါရ (၂)ပါးကို မိန့်တော်မူသည်။]

အဋ္ဌာရသမော–သော၊ သမ္ဗုတ္တိ န သမ္ဗုတ္တိဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

---

**၁၉။ သမထာဓိကရဏဝါရ။ ၃၀၉။** သမထာ–တို့သည်၊ သမထေဟိ–တို့ဖြင့်၊ သမ္ဗုတ္တိ–ငြိမ်းစီးကုန်သလော၊ သမထာ–တို့သည်၊ အဓိကရဏေဟိ–တို့ဖြင့်၊ သမ္ဗုတ္တိ–ငြိမ်းကုန်သလော၊ အဓိကရဏာ–တို့သည်၊ သမထေဟိ–တို့ဖြင့်၊ သမ္ဗုတ္တိ–ငြိမ်းကုန်သလော၊ အဓိကရဏာ–တို့သည်၊ အဓိကရဏေဟိ–တို့ဖြင့်၊ သမ္ဗုတ္တိ–လော။ ။သိယာ–ရံခါ၊ ဝါ–အချို့ကုန်သော၊ သမထာ–တို့သည်၊ သမထေဟိ–တို့ဖြင့်၊ သမ္ဗုတ္တိ–ငြိမ်းစီးကုန်၏၊ ။ပေ၊ န သမ္ဗုတ္တိ–န်၊ [အမေးအတိုင်း ကြည့်၍ ပေးပါ။]

**၃၁၀။** ကထံ–လျှင်၊ ဝါ–အဘယ်နည်းဖြင့်၊ သိယာ, သမထာ သမထေဟိ, သမ္ဗုတ္တိ–န်သနည်း၊ ။ပေ၊ န သမ္ဗုတ္တိ–ကုန်သနည်း။ ။ယေဘုယျသိကာ–သည်၊ သမ္မုခါဝိနယေန–နှင့်၊ (သဒ္ဓိံ–တကွ)၊ သမ္ဗုတ္တိ–ငြိမ်းစီး၏၊ သတိဝိနယေန–နှင့်၊ (သဒ္ဓိံ) န သမ္မတိ–စီး၊ [ကြွင်းဝါကျတို့၌ ဤနည်းမှီ၍ ပေးပါ။]

**၃၁၁။** ကထံ–လျှင်၊ သိယာ–န်သော၊ သမထာ–တို့သည်၊ အဓိကရဏေဟိ–တို့ဖြင့်၊ သမ္ဗုတ္တိ–န်သနည်း၊ ။ပေ၊ နသမ္ဗုတ္တိ–န်သနည်း။ ။သမ္မုခါဝိနယော–သည်၊ ဝိဝါဒါဓိကရဏေန–ဖြင့်၊ န သမ္ဗုတ္တိ–မငြိမ်းကုန် (ပြီးဆုံးခြင်းသို့မရောက်ကုန်)၊ ။ပေ၊

---

**သမထာ သမထေဟိ သမ္ဗုတ္တိ။** ။သမထာ သမထေဟိ သမ္ဗုတ္တိတိ အာဒိ ပုစ္ဆာ၊ သိယာ သမထာ သမထေဟိ သမ္ဗုတ္တိတိ အာဒိ ဝိသဇ္ဇနံ၊ တတ္ထ "သမထာ သမထေဟိ သမ္ဗုတ္တိ"တိ ဧတ္ထ သမ္ဗုတ္တိတိ သမ္ဗုဇ္ဈန္တိ၊ အဓိကရဏာဝါ ပန သမ္ဗုတ္တိ ဝူပသမံ ဂစ္ဆန္တိ၊ [အဓိကရုဏ်းက ကတ္တားဖြစ်ရာ၌၊ "သမ္ဗုတ္တိ–ငြိမ်းကုန်သလော"ဟု အနက်သတ်မှတ်ပါ–ဟူလို၊ ရှေးနိဿယ၌ "သမ္ဗုဇ္ဈန္တိ–ပြည့်စုံသလော" ဟု အနက်ပေး၏၊ သို့သော် "ပြည့်စုံ" ဟူသောအနက်သည် "မည်သည့်အရာနှင့်+ပြည့်စုံ"ဟု သပဟာဒိယောဂရှိ၏၊ ဤနေရာ၌ ထို သပဟာဒိယောဂ မရှိပါ၊ အခြားနေရာ၌လည်း "သမ္ဗုတ္တိ–နိပ္ဖတ္တိ"ဟု ဖွင့်လေ့ရှိပါသည်။]

**ယေဘုယျသိကာ သမ္မုခါဝိနယေန သမ္မတိ။** ။(တသ္မာ) "ယေဘုယျသိကာ သမ္မုခါဝိနယေန သမ္မတိ"တိ ဧတ္ထ သမ္မုခါဝိနယေန သဒ္ဓိံ ယေဘုယျသိကာ သမ္ဗုတ္တိ၊ န သတိဝိနယာဒီဟိ သဒ္ဓိံ, တေသံ တဿာ အနုပကာရတ္တာ) ထိုသတိ ဝိနယစသည်တို့က ထို ယေဘုယျသိကာအား လျော်သောကျေးဇူးကို မပြုသောကြောင့်တည်း။) ဣတိ ဧဝမတ္ထော ဒဋ္ဌဗ္ဗော၊–သာရတ္ထ။

ကိစ္စာဓိကရဏေ–အပလောကနကံစသော ကိစ္စာဓိကရဏ်းဖြင့်၊ သမ္မတိ–ငြိမ်း၏၊ (ပြီးဆုံးခြင်းသို့ ရောက်၏)။ [ကြွင်းဝါကျတို့၌ ဤနည်းမှီ၍ ပေးပါ၊ ဤအဖြေများကို ရည်ရွယ်၍ သံသဋ္ဌဝါရ "သမထာ အဓိကရဏေဟိ သမ္မန္တိ"အဖွင့်၊ ဝိမတိ၌ "အပလောကနာဒီဟိ စတူဟိ ကိစ္စာဓိကရဏေဟိ သမ္ဗေပိ သမထာ နိဋ္ဌာနံ ဂစ္ဆန္တိ"စသည်ဖြင့် ဆိုခဲ့သည်။]

**၃၁၂။** ကထံ–လျှင်၊ အဓိကရဏာ–တို့သည်၊ သမထေဟိ–ဖြင့် သမ္မန္တိ–ငြိမ်းကုန်သနည်း၊ ၊ပေ၊ န သမ္မန္တိ–ကုန်သနည်း၊ [အဖြေ၌ အနက်လွယ်ပြီ၊ အဓိကရဏ်းတစ်ပါးပါးကို မှတည်၍ ငြိမ်းစေနိုင်သော သမထ, မငြိမ်းစေနိုင်သော သမထတို့ကို ပြတော်မူသည်။]

**၃၁၃။** ကထံ–လျှင်၊ အဓိကရဏာ အဓိကရဏေဟိ, သမ္မန္တိ–ပြီးစီးကုန်သနည်း။ ဝါ–ငြိမ်းကုန်သနည်း၊ ဝိဝါဒါဓိကရဏံ–သည်၊ ဝိဝါဒါဓိကရဏေန–ဖြင့်၊ န သမ္မတိ–မငြိမ်း၊ ၊ပေ၊ ကိစ္စာဓိကရဏေန–ဖြင့်၊ သမ္မတိ–ပြီးစီး၏၊ ဝါ–ငြိမ်း၏၊ [ကြွင်းဝါကျတို့၌ ဤနည်းမှီ၍ ပေးပါ။] ဆ–ခြောက်ပါးလည်း ဖြစ်ကုန်သော၊ သမထာ–တို့သည်လည်းကောင်း၊ စတ္တာရောပိ–ကုန်သော၊ အဓိကရဏာ–တို့သည်လည်းကောင်း၊ သမ္မုခါဝိနယေန–ဖြင့်၊ သမ္မန္တိ–ငြိမ်းကုန်၏၊ ဝါ–ပြီးစီးကုန်၏၊ [အဓိကရဏ်းဖြစ်လျှင် သမထ တစ်ပါးပါးပါရ၏၊ ထို သမထသည် သမ္မုခါဝိနယနှင့် ကင်း၍ မဖြစ်နိုင်သောကြောင့် ဤသို့မိန့်သည်။] သမ္မုခါဝိနယော–သည်၊ ကေနစိ–တစ်စုံတစ်ယောက်သော သမထ, တစ်စုံတစ်ယောက်သော အဓိကရဏ်းဖြင့်မှ၊ န သမ္မတိ။ ကေူန ဝိသတိသမာ–တစ်ပါးယုတ် နှစ်ဆယ်မြောက်သော၊ သမထာဓိကရဏဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

---

**သမ္မုခါဝိနယော န ကေနစိ သမ္မတိ။** ။သမ္မုခါဝိနယသည် သံဃဓမ္မ ဝိနယ ပုဂ္ဂလတို့၏ သမ္မုခတော (မျက်မှောက်၏ အဖြစ်မျှ)ဖြစ်၍ အခြားသမထ, အဓိကရဏတို့ဖြင့် သီးခြား ငြိမ်းစေထိုက် (ပြီးစေထိုက်)သော တရားမဟုတ်၊ ဤအနက်အဓိပ္ပာယ်ကို ရည်ရွယ်တော်မူ၍ "သမ္မုခါဝိနယော န ကေနစိ သမ္မတိ"ဟု မိန့်သည်။ [သမ္မုခါဝိနယော န ကေနစိ သမ္မတိတိ ဟိ အဝသာနေ ဝုတ္တတ္တာ သမ္မုခါဝိနယော သယံ သမထေနဝါ အဓိကရဏေနဝါ သမေတဗ္ဗော န ဟောတိ၊–"ကထံ သီယာ သမထာ အဓိကရဏေဟိ သမ္မန္တိ"၏ အဖြေဝါကျအဖွင့် သာရတ္ထ။]

**"သမ္မုခါဝိနယော ကိစ္စာဓိကရဏေန သမ္မတိ" ဟု မိန့်ခဲ့ရပုံ။** ။သို့သော် သမ္မုခါဝိနယ ပြီးမြောက် (ဖြစ်မြောက်) ဖို့ရန် အပလောကနကံ စသော ကိစ္စာဓိကရဏ ပါရသေး၏၊ [သမထက္ခန္ဓက ဥဗ္ဗာဟိကာယ ဝူပသမနကထာ၌ သမ္မုခါဝိနယဖြင့် အဓိကရဏ်းကို ငြိမ်းစေရာဝယ် ဥဗ္ဗာဟိကကမ္မဝါစာပါပုံကို ကြည့်ပါ။] ဤအနက်အဓိပ္ပာယ်ကိုရည်ရွယ်၍ ရှေ့ပုဒ်ရေ (၃၁၁)၌ "သမ္မုခါဝိနယော ကိစ္စာဓိကရဏေန သမ္မတိ"ဟု မိန့်တော်မူခဲ့ဟန်တူပါသည်။

**၂၀။ သမုဋ္ဌာပနဝါရ။ ခေ၁၄။** ဝိဝါဒါဓိကရဏံ-သည်၊ စတုန္နံ-ကုန်သော၊ အဓိကရဏာနံ-တို့တွင်၊ ကတမံ-အဘယ်မည်သော၊ အဓိကရဏံ-ကို၊ သမုဋ္ဌာပေတိ-ဖြစ်စေသနည်း၊၊ ဝိဝါဒါဓိကရဏံ ၊ပေ၊ ကတမံ အဓိကရဏံ-အဘယ် အဓိကရဏ်းကိုမှ၊ န သမုဋ္ဌာပေတိ-ချက်ခြင်း မဖြစ်စေ၊ အပိစ-သို့သော်လည်း၊ ဝိဝါဒါဓိကရဏပစ္စယာ-ကြောင့်၊ စတ္တာရော, အဓိကရဏာ-တို့သည်၊ ဇာယန္တိ-နောက်ထပ် ဖြစ်နိုင်ကုန်၏၊ ယထာကထံ ဝိယ-အဘယ်ကဲ့သို့နည်း၊ [ဣဓ ဘိက္ခူ ဝိဝဒန္တိမှ စ၍ ဣဒံ ဝုစ္စတိ ဝိဝါဒါဓိကရဏံတိုင်အောင် သမထက္ခန္ဓကပါဠိတော် နိဿယ, အဓိကရဏကထာ၌ ရေးခဲ့ပြီ။]

ဝိဝါဒါဓိကရဏေ-သည်၊ (ဇာယမာနေ-ဖြစ်လသော်၊) သံဃော-သည်၊ ဝိဝဒတိ-ဆန့်ကျင်ဘက်ပြော၏၊ ဝါ-ငြင်းခုံ၏၊ ဝိဝါဒါဓိကရဏံ-သည်၊ (ဟောတိ-ဖြစ်တော့၏၊) ဝိဝဒမာနော-လသော်၊ အနုဝဒတိ-စွပ်စွဲ၏၊ အနုဝါဒါဓိကရဏံ-သည်၊ (ဟောတိ)၊ အနုဝဒမာနော-လသော်၊ အာပတ္တိံ-သို့၊ အာပဇ္ဇတိ-၏၊ အာပတ္တာဓိကရဏံ (ဟောတိ)၊ တာယ အာပတ္တိယာ-ကြောင့်၊ သံဃော--သည်၊ ကမ္မံ-ကံကို၊ ကရောတိ--အံ့၊ ကိစ္စာဓိကရဏံ (ဟောတိ)၊ ဧဝံ-လျှင်၊ ဝိဝါဒါဓိကရဏပစ္စယာ-ကြောင့်၊ စတ္တာရော အဓိကရဏာ ဇာယန္တိ။

---

**န ကတမံ အဓိကရဏံ။** ။[အဓိကရဏ်းတို့ကြောင့် အဓိကရဏ်းတို့၏ ဖြစ်ပုံအပြားကို ပြခြင်းဖြစ် ဤဝါရကို မိန့်တော်မူသည်။] န ကတမံ အဓိကရဏန္တိ အတ္တနော သမ္ဘဝမတ္တေန (ဖြစ်ရုံမျှဖြင့်) ဧကမ္ပိ အဓိကရဏံ န သမုဋ္ဌာပေတီတိ အတ္ထော၊ ကထဉ္စရဟိ သမုဋ္ဌာပေတီတိ အာဟ "အပိစာ"တိ အာဒိ၊ တတ္ထ ဇာယန္တီတိ အနန္တရမေဝ အနုပ္ပန္နိတ္တွာ (အခြားမဲ့၌သာ မဖြစ်ပဲ) ပရမ္ပရပစ္စယာ ဇာယန္တီတိ အတ္ထော၊--ဝိမတိ။

**သံဃော ဝိဝဒတိ ဝိဝါဒါဓိကရဏံ။** ။[ဝိဝါဒါဓိကရဏ်းကြောင့် အဓိကရဏ်းများ အဆက်ဆက်ဖြစ်ပုံကို ဝိမတိ၌ ကြည့်ပါ။] သံဃဿ ဝိဝဒတော ယော ဝိဝါဒေါ, တံ ဝိဝါဒါဓိကရဏံ ဟောတီတိ အတ္ထော၊ ဧသ နယော သေသေသုပိ (ဝိဝဒမာနော အနုဝဒတိ အနုဝါဒါဓိကရဏံ စသော ပုဒ်တို့၌လည်း ဤနည်းတည်း)၊ ဝိမတိ။

**အနက်ကျယ်ပေးပုံ။** ။ဤဝိမတိအလို "သံဃော-သည်၊ ဝိဝဒတိ-၏၊ ဝိဝဒတော-ငြင်းခုံသော၊ သံဃဿ-၏၊ ယော ဝိဝါဒေါ-အကြင်ငြင်းခုံခြင်းသည်၊ အတ္ထိ-၏၊ တံ-ထို ငြင်းခုံသည်၊ ဝိဝါဒါဓိကရဏံ-သည်၊ ဟောတိ-ဖြစ်၏၊ ဝိဝဒမာနော-လသော်၊ အနုဝဒတိ-၏၊ အနုဝဒတော-စွပ်စွဲသော၊ သံဃဿ-၏၊ ယော အနုဝါဒေါ-ခြင်းသည်၊ အတ္ထိ၊ တံ-ထိုစွပ်စွဲခြင်းသည်၊ အနုဝါဒါဓိကရဏံ-သည်၊ ဟောတိ၊ အနုဝဒမာနော-လသော်၊ အာပတ္တိံ၊ အာပဇ္ဇတိ-၏၊ အာပတ္တိံ-သို့၊ အာပဇ္ဇန္တဿ-ရောက်သော၊ သံဃဿ-၏၊ ယံ အာပတ္တိ အာပဇ္ဇနံ-အကြင်အာပတ်သို့ ရောက်ခြင်းသည်၊ အတ္ထိ၊ တံ-ထိုအာပတ်သို့ ရောက်ခြင်းသည်၊ အာပတ္တာဓိကရဏံ-သည်၊ ဟောတိ၊ တာယ ၊ပေ၊ ကရောတိ၊ ကမ္မံ-ကို၊ ကရောန္တဿ-ပြုသော၊ သံဃဿ-၏၊ ယံ ကမ္မကရဏံ-အကြင်ကံကို ပြုခြင်းသည်၊ အတ္ထိ၊ တံ-ထိုကံကို ပြုခြင်းသည်၊ ကိစ္စာဓိကရဏံ ဟောတိ။

**၃၁၅။** ။"ဣမ ဘိက္ခု ဘိက္ခုံ အနုဝဒန္တိ"မှစ၍ "ဣဒံ ဝုစ္စတိ အနုဝါဒါဓိကရဏံ"တိုင်အောင် သမထက္ခန္ဓက ပါဠိတော်နိဿယ, အဓိကရဏကထာ၌ ရေးခဲ့ပြီ၊ "သံဃော ဝိဝဒတိ"စသည်ကို အထက်ပါအတိုင်း ပေးပါ။

**၃၁၆။** ။လွယ်ပြီ။ **(၃၁၇)** ယာ သံဃဿ ကိစ္စယတာ၊ ၊ပေ၊ ဣဒံ ဝုစ္စတိ ကိစ္စာဓိကရဏံ၊ အဓိကရဏကထာ၌ ရေးခဲ့ပြီ။ ဝိသတိမော–၂၀ မြောက်ဖြစ်သော၊ သမုဋ္ဌာပနဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

**၂၁။ ဘဇတိဝါရ။** **။(၃၁၈)** ဝိဝါဒါဓိကရဏံ–သည်၊ စတုန္နံ–န်သော၊ အဓိကရဏာနံ–တို့တွင်၊ ကတမံ–သော၊ အဓိကရဏံ–သို့၊ ဘဇတိ–ကပ်ဝင်သနည်း၊ (ပါဝင်သနည်း)၊ ကတမံ အဓိကရဏံ–ကို၊ ဥပနိဿိတံ–မှီသနည်း၊ ကတမံ အဓိကရဏံ–၌၊ ပရိယာပန္နံ–အကျုံးဝင်သနည်း၊ [ကတမံ အဓိကရဏံ ပရိယာပန္နံတိ ကတမေ အဓိကရဏေ ပရိယာပန္နံ၊ အယမေဝ ပါဌော၊ သာရတ္ထ။ [ကတမေန, အဓိကရဏေန–ဖြင့်၊ သင်္ဂဟိတံ–သိမ်းယူအပ်သနည်း၊ ၊ပေ။

(အဖြေ၌) ဝိဝါဒါဓိကရဏံ–သည်၊ စတုန္နံ အဓိကရဏာနံ, ဝိဝါဒါဓိကရဏံ–ဝိဝါဒါဓိကရဏ်း၏ အဖြစ်သို့၊ ဘဇတိ–ကပ်ဝင်၏၊ ဝိဝါဒါဓိကရဏံ–ဝိဝါဒါဓိကရဏ်း၏ အဖြစ်ကို၊ ဥပနိဿိတံ–၏၊ ဝိဝါဒါဓိကရဏံ–ဝိဝါဒါဓိကရဏ်းသို့၊ ပရိယာပန္နံ–ထက်ဝန်းကျင်ရောက်၏၊ ဝိဝါဒါဓိကရဏေန–ဝိဝါဒါဓိကရဏ်း၏ အဖြစ်ဖြင့်၊ သင်္ဂဟိတံ–အပ်၏။ [ကြွင်းဝါကျတို့၌ ဤအတိုင်းပေးပါ။]

**၃၁၉။** ဝိဝါဒါဓိကရဏံ–သည်၊ သတ္တန္နံ–န်သော၊ သမထာနံ–တို့တွင်၊ ကတိ–အဘယ်မျှလောက်ကုန်သော၊ သမထေ–တို့သို့၊ ဘဇတိ–ကပ်ရောက်သနည်း၊ (တစ်နည်း)ကတိ–န်သော၊ သမထေ–တို့ကို၊ (အာဂမ္မ–စွဲ၍၊) ဘဇတိ–ငြိမ်းခြင်းသို့ ရောက်သနည်း၊ ကတိ, သမထေ–တို့ကို၊ ဥပနိဿိတံ–နည်း၊ ကတိ သမထေ

---

**ဘဇတိဝါရ။** ။အဓိကရဏ်းတို့၏ (သမုဋ္ဌာပနဝါရ၌) ဆိုအပ်ပြီးသော နည်းဖြင့် အချင်းချင်း အကြောင်းအဖြစ်ပါသော်လည်း မရောနှောသည်၏ အဖြစ်ကို ပြခြင်းငှာ ဤဝါရကို မိန့်တော်မူအပ်ပြီ၊ ဝိမတိ၌ "သံသဂ္ဂဘာဝ ဒဿနတ္ထံ"ဟု ပါဌ်ရှိသော်လည်း "သံသဂ္ဂါဘာဝ (သံသဂ္ဂ+အဘာဝ) ဒဿနတ္ထံ" ဟု ရှိသင့်ပါသည်၊ ထိုသို့ ရှိမှ "ဝိဝါဒါဓိကရဏံ၊ ၊ပေ၊ ဝိဝါဒါဓိကရဏံ ဘဇတိ" စသော အဖြေနှင့်လည်းကောင်း, အောက်၌ ပြမည့် ထို ဝိမတိ အဖွင့်နှင့်လည်းကောင်း ညီပါမည်။

**ဝိဝါဒါဓိကရဏံ ၊ပေ၊ ဝိဝါဒါဓိကရဏံ ဘဇတိ။** ။ဝိဝါဒါဓိကရဏံ စတုန္နံ အဓိကရဏာနံ ဝိဝါဒါဓိကရဏံ ဘဇတီတိ အာဒီသု ဝိဝါဒါဓိကရဏံ စတူသု အဓိကရဏေသု ဝိဝါဒါဓိကရဏ ဘာဝမေဝ ဘဇတိ, နာညာဓိကရဏဘာဝံ၊ စတူသု အဓိကရဏေသု ဝိဝါဒါဓိကရဏတ္တမေဝ နိဿိတံ၊ ဝိဝါဒါဓိကရဏမေဝ ပရိယာပန္နံ၊ ဝိဝါဒါဓိကရဏဘာဝေနေဝ သင်္ဂဟိတန္တိ ဝေမတ္တော ဂဟေတဗ္ဗော–ဝိမတိ။

(ကတိသု–သမထေသု) ပရိယာပန္နံ–နည်း၊ ကတိဟိ–န်သော၊ သမထေဟိ–တို့ဖြင့်၊ သင်္ဂဟိတံ–သိမ်းယူအပ်သနည်း၊ ကတိဟိ သမထေဟိ–တို့ဖြင့်၊ သမ္မတိ–ငြိမ်းသနည်း၊ (အဖြေ၌) ဝိဝါဒါဓိကရဏံ–သည်၊ ဒွေ့ သမထေ–တို့သို့၊ ဘဇတိ၊ (တစ်နည်း) ဒွေ့ သမထေ–တို့ကို၊ (အာဂမ္မ–၍၊) ဘဇတိ–၏၊ ။ပေ၊ ဒွေ သမထေ–တို့သို့၊ ပရိယာပန္နံ–ထက်ဝန်းကျင် ရောက်၏၊ ။ပေ၊ [ကြွင်းဝါကျတို့၌ ဤနည်းအတိုင်းပေးပါ။]

---

**ကတိ သမထေ ဘဇတိ။** ။ကတိ သမထေ ဘဇတီတိ အတ္ထနော ဥပသမတ္ထာယ ကိတ္တကေ သမထေ ဥပဂစ္ဆတိ၊ ကိတ္တကေ သမထေ အာဂမ္မ ဝူပသမံ ဂစ္ဆတီတိ အတ္ထော–ဝိမတိ၊ [အဖြေ၌ "ဒွေ သမထေ, စတ္တာရော သမထေ"စသော စကားတို့ကို ဆိုင်ရာ အဓိကရုဏ်းကို ငြိမ်းစေနိုင်သော နိယတသမထတို့၏ အစွမ်းဖြင့် မိန့်တော်မူသည်။]

**ကတိဟိ သမထေဟိ သင်္ဂဟိတံ။** ။ကတိဟိ၊ ။ပေ၊ သင်္ဂဟိတန္တိ ဝူပသမံ ကရောန္တေဟိ (ပြုသောပုဂ္ဂိုလ်တို့သည်) ကတိဟိ သမထေဟိ ဝူပသမကရဏတ္ထံ သင်္ဂဟိတံ–ဝိမတိ။

ကေဝိသတိမော–နှစ်ဆယ့်တစ်ခုမြောက် ဖြစ်သော၊ ဘဇတိဝါရော–သည်၊ နိဋ္ဌိတော–ပြီ၊ [တသုဒ္ဒါန "အဓိကရဏံ ပရိယာယံ–အဓိကရဏပရိယာယဝါရ" စသည်ဖြင့် ပေးပါ။]

သမထဘေဒေါ–သမထတို့၏ အပြားသည်၊ နိဋ္ဌိတော–ပြီ။

**ခန္ဓကပုစ္ဆာဝါရ။** ။(၃၂၀) သနိဒါနံ–(သိက္ခာပုဒ် ပညတ်ရာ ဒေသဟူသော) နိဒါန်းနှင့်တကွဖြစ်သော၊ သနိဒ္ဒေသံ–အကျယ် ညွှန်ပြကြောင်းဖြစ်သော ပုဂ္ဂိုလ် စသည်နှင့် တကွဖြစ်သော၊ ဥပသမ္ပဒံ–ဥပသမ္ပဒက္ခန္ဓကကို၊ (ပဗ္ဗဇ္ဇက္ခန္ဓကကို)၊ ပုစ္ဆိဿံ–မေးအံ့၊ သမုက္ကဋ္ဌပဒါနံ (သံ+ဥက္ကဋ္ဌ+ပဒါနံ)မြတ်သော ပုဒ်တို့၏၊ ဝါ–အပတ်ကိုပြတတ်သော ပုဒ်တို့၏၊ ကတိ–အဘယ်မျှလောက်ကုန်သော၊ အာပတ္တိယော–တို့သည်၊ (ဟောန္တိ–န်သနည်း၊) သ နိဒါနံ–သော၊ သ နိဒ္ဒေသံ–သော၊ ဥပသမ္ပဒံ–ကို၊ ဝိသဇ္ဇိဿံ–ဖြေဆိုအံ့၊ သမုက္ကဋ္ဌပဒါနံ–တို့၏၊ ဒွေ–န်သော၊ အာပတ္တိယော–တို့သည်၊ (ဟောန္တိ–န်၏။)

**အမှာ။** ။နောက်နောက်ဂါထာတို့၌ "ဥပေါသထံ–ဥပေါသထက္ခန္ဓကကို၊ ဝဿူပနာယိကံ–သားရေနှင့်စပ်သော စမ္မက္ခန္ဓကကို၊ ပါရိဝါသိကံ–ပါရိဝါသိကက္ခန္ဓကကို၊ သမာစာရံ–ကောင်းစွာ ကျင့်ထိုက်သော အကျင့်တို့ကိုပြရာ ဝတ္တက္ခန္ဓကကို၊ ဌပနံ–ပါတိမောက္ခဋ္ဌပနက္ခန္ဓကကို"ဟု ပေးပါ။ [တသုဒ္ဒါန် လွယ်ပြီ။]

ခန္ဓကပုစ္ဆာဝါရော–သည်၊ နိဋ္ဌိတော–ပြီ။

## ကေငှာဒီကနယ

### ၁။ လောကဝါရ

၃၂၁။ အာပတ္တိကရာ–အာပတ်ကို ပြုတတ်ကုန်သော၊ ဓမ္မာ–သမုဋ္ဌာန် ၆ ပါး, တရားတို့ကို၊ ဇာနိတဗ္ဗာ–သိထိုက်ကုန်၏၊ အနာပတ္တိကရာ–အနာပတ်ကို ပြုတတ်ကုန်သော၊ ဓမ္မာ–သမထ ၇ ပါး, တရားတို့ကို၊ ဇာနိတဗ္ဗာ၊ အာပတ္တိ–အာပတ်ကို၊ ဇာနိတဗ္ဗာ–သိထိုက်၏၊ [ဤသို့ စသည်ဖြင့် ကေဝုစ် ဗဟုဝုစ် အားလျော်စွာ "ဇာနိတဗ္ဗာ"ကို အနက်ပေးပါ။] လဟုကာ–လဟုကဖြစ်သော၊ အာပတ္တိ–အောက်အာပတ် ၅ ပုံကို၊ ဂရုကာ–သော၊ အာပတ္တိ–ပါရာဇိက သံဃာဒိသေသ်အာပတ်ကို၊ သာဝသေသာ–သာသနာတော်ဝယ် အကြွင်းအကျန်နှင့်တကွ ဖြစ်သော၊ အာပတ္တိ–ပါရာဇိကမှ တစ်ပါးသော အာပတ်ကို၊ ။ပေ၊ အနဝသေသာ–သာသနာတော်ဝယ် အကြွင်းအကျန်မရှိသော၊ အာပတ္တိ–ပါရာဇိကအာပတ်ကို၊ ဒုဋ္ဌုလ္လာ–ရုန်းရင်းသော ။ပေ၊ အဒုဋ္ဌုလ္လာ–သော၊ သပ္ပဋိကမ္မာ–ကုစားခြင်းနှင့် တကွ ဖြစ်သော၊ ။ပေ၊ အပ္ပဋိကမ္မာ–ကုစားခြင်းမရှိသော၊ [သာဝသေသာ, အနဝသေသာနှင့် တူ၏။ [ဒေသနာဂါမိနီ–ဒေသနာဂါမ်ဖြစ်သော၊ (ဒေသနာပြောထိုက်သည်၏ အဖြစ်သို့ရောက်သော၊) ။ပေ၊ အဒေသနာဂါမိနီ–ဒေသနာဂါမ် မဟုတ်သော၊ [လဟုက, ဂရုကနှင့် တူ၏။] အန္တရာယိကာ–နတ်ရွာ နိဗ္ဗာန်, ရှာန် မဂ် ဖိုလ်၏ အန္တရာယ်ကို ပြုတတ်သော၊ [အာပတ္တိ–သဉ္စိစ္စ ဝီတိက္ကမ္မ အာပတ်ကို၊ ။ပေ၊ အနန္တရာယိကာ–သော၊ အာပတ္တိ–အသဉ္စိစ္စ ဝီတိက္ကမ္မ ဖြစ်သော ပဏ္ဏတ္တိဝဇ္ဇအာပတ်ကို၊ ဇာနိတဗ္ဗာ။ [အသဉ္စိစ္စလည်းဖြစ်, ပဏ္ဏတ္တိဝဇ္ဇလည်းဖြစ်မှ အနန္တရာယိက ဖြစ်သည်။]

သာဝဇ္ဇပညတ္တိ–လောက၌ အပြစ်နှင့်တကွ ဖြစ်သော ပညတ်တော်မူအပ်သော၊ အာပတ္တိ–လောကဝဇ္ဇအာပတ်၊ အနဝဇ္ဇပညတ္တိ–လောက၌ အပြစ်မရှိသော ပညတ်တော်မူအပ်သော၊ အာပတ္တိ–ပဏ္ဏတ္တိဝဇ္ဇအာပတ်၊ ကိရိယတော–မပြုထိုက်သော လွန်ကျူးမှုကို ပြုခြင်းကြောင့်၊ သမုဋ္ဌိတာ–ဖြစ်သော၊ အာပတ္တိ–ပါရာဇိကစသော အာပတ်၊ အကိရိယတော–ပြုထိုက်သော ဖြည့်ကျင့်မှုကို မပြုခြင်းကြောင့်၊ သမုဋ္ဌိတာ–သော၊ အာပတ္တိ–စီဝရ အနဓိဋ္ဌာနစသော အာပတ်၊ ကိရိယာ ကိရိယတော–ရံခါ မပြုထိုက်သော လွန်ကျူးမှုကိုပြုခြင်း, ရံခါ ပြုထိုက်သော ဖြည့်ကျင့်မှုကို မပြုခြင်းကြောင့်၊ သမုဋ္ဌိတာ–သော၊ အာပတ္တိ–ကုဋိကာရစသော အာပတ်၊ [ကိရိယတော စသည်ကို ပါရာဇိက အဋ္ဌကထာ, ဋီကာတို့၌ ၅ မျိုး ခွဲ၏၊ ပထမပါရာဇိက ပကိဏ္ဏကကထာ ဝဏ္ဏနာ၌ ကြည့်ပါ။] ပုဗ္ဗာပတ္တိ–ရှေးဦးစွာ သင့်ရောက်အပ်သော အာပတ်၊ အပရာပတ္တိ–နောက်ထပ် သင့်ရောက်အပ်သော အာပတ်၊ ပုဗ္ဗာပတ္တီနံ–တို့၏၊ အန္တရာပတ္တိ–အကြား၌ သင့်ရောက်အပ်သော အာပတ်၊ ။ပေ၊ ဒေသိတာ–ဒေသနာပြောအပ်သော၊ ဂဏနူပဂါ–ဒေသနာပြောအပ်ပြီးဟူသော အရေအတွက်သို့

ကပ်ရောက်သော၊ ။ပေ၊ ဒေသိတာ–သော၊ န ဂဏ္ဌနုပဂါ–ဒေသနာ ပြောအပ်ပြီ ဟူသော အရေအတွက်သို့ မရောက်သော၊ [အဓိပ္ပာယ်ကို အဋ္ဌကထာ၌ကြည့်ပါ။] ပညတ္တိမှစ၍ ဥဘတောပညတ္တိတိုင်အောင်သောပုဒ်တို့ကို ဤပါဠိတော်အစ သိက္ခာပုဒ်၌ အနက်ပေးခဲ့ပြီ။] ထုလ္လဝဇ္ဇာ–ရုန့်ရင်းသော အပြစ်ရှိသော၊ အာပတ္တိ–ဂရုကအာပတ်၊ အထုလ္လဝဇ္ဇာ–ရုန့်ရင်းသော အပြစ်မရှိသော၊ အာပတ္တိ–လဟုက အာပတ်၊ ဂိဟိပဋိသံယုတ္တာ–လူတို့နှင့်စပ်ယှဉ်သော၊ အာပတ္တိ–ဂိဟိအဇ္ဈာသန စသောအာပတ်၊ န ဂိဟိပဋိသံယုတ္တာ–သော၊ အာပတ္တိ–ကြွင်းသော အာပတ်၊ နိယတာ–အကျိုးပေးသောအားဖြင့် မြဲသော၊ အာပတ္တိ–ပဉ္စာနန္တရိယကမ္မ အာပတ်၊ ၊၀။

အာဒိကရော–အစစွာ လွန်ကျူးမှုကိုပြုတတ်သော၊ ပုဂ္ဂလော–အရှင်သုဒိန်စသော ပုဂ္ဂိုလ်၊ အနာဒိကရော–သော၊ (နောက်မှကျူးလွန်မှုကို ပြုတတ်သော)၊ ပုဂ္ဂလော–ဈောက်မဉ္စ မေထုန်မှီဝဲသောရဟန်းစသော ပုဂ္ဂိုလ်၊ အဓိစ္စာပတ္တိကော–အကြောင်းကို မစွဲမူ၍ သင့်ရောက်အပ်သော အာပတ်ရှိသော၊ (တရံတစ်ခါမှသာ အာပတ်သင့်သော) ။ပေ၊ အဘိဏှာပတ္တိကော–အမြဲမပြတ်, သင့်ရောက်အပ်သော အာပတ်ရှိသော၊ ။ပေ၊ စောဒကော–စောဒနာတတ်သော၊ ။ပေ၊ စုဒိတကော–စောဒနာအပ် (စောဒနာခံရ)သော၊ ။ပေ၊ အမူစောဒကော–မဟုတ်မမှန်သော ဝတ္ထုဖြင့် စောဒနာ တတ်သော၊ ။ပေ၊ နိယတော–မိစ္ဆတ္တနိယတအားဖြင့် မြဲသော၊ ဝါ–သမ္မတ္တနိယတ အားဖြင့် မြဲသော၊ ။ပေ၊ အဘဗ္ဗာပတ္တိကော–မသင့်ရောက်ထိုက်သော အာပတ်ရှိသော၊ ပုဂ္ဂလော–ဗုဒ္ဓ, ပစ္စေကဗုဒ္ဓ ဟူသောပုဂ္ဂိုလ်၊ ဘဗ္ဗာပတ္တိကော–သော၊ ပုဂ္ဂလော–သာဝကဟူသောပုဂ္ဂိုလ်၊ [အဋ္ဌကထာ၌ "ဘဗ္ဗာပတ္တိက"ကို ရှေးဦးစွာဖွင့်သော ကြောင့် ပါဠိတော်၌ "ဘဗ္ဗာပတ္တိကော ပုဂ္ဂလော"ပုဒ်က ရှေးဦးစွာ ရှိသင့်သည်ဟု ရှေလနိဿယ၌ မိန့်သည်။] ဥက္ခိတ္တကော–နှင်ထုတ်အပ်သော၊ (ဥက္ခေပနီယကံ အပြုခံရသော၊) ။ပေ၊ အနုက္ခိတ္တကော–သော၊ (တဇ္ဇနီယကံစသော ကြွင်းသော ကံအပြုခံရသော၊) ။ပေ၊ နာသိတကော–လိင်္ဂနာသ စသည်ဖြင့် ဖျက်ဆီးအပ်သော၊ ။ပေ၊ သမာနသံဝါသကော–တူသောသံဝါသရှိသော၊ ။ပေ၊ နာနာသံဝါသကော– ကွဲပြားသော သံဝါသရှိသော၊ ။ပေ၊ ဋ္ဌပနံ–ပါတိမောက္ခဋ္ဌပနကို၊ ဇာနိတဗ္ဗံ–၏။

**တဿုဒ္ဒါနံ။** ။တဿ–ထိုဧကကဝါရ၏၊ ဥဒ္ဒါနံ–ကား၊ ကရာ–အာပတ္တိ ကရ, အနာပတ္တိကရ၊ အာပတ္တိ–အာပတ် အနာပတ်၊ လဟုကာ–လဟုက အာပတ်, ဂရုက အာပတ်၊ [သာဝသေသာ စသည်တို့ လွယ်ပြီ။] ဝဇ္ဇ–သာဝဇ္ဇပညတ္တိ အာပတ်, အနဝဇ္ဇပညတ္တိအာပတ်၊ ကိရိယံ–ကိရိယ သမုဋ္ဌိတ, အကိရိယ သမုဋ္ဌိတ၊ ကိရိယာ ကိရိယံ–ကိရိယာ ကိရိယ သမုဋ္ဌိတ၊ ပုဗ္ဗာ–ပုဗ္ဗအာပတ်, အပရအာပတ်၊ အန္တရာ–အန္တရာ အာပတ် ၂ ပါး၊ ပညတ္တိ–မူလပညတ်၊ အနု–အနုပညတ်၊

သဗ္ဗ–သဗ္ဗတ္ထပညတ်, ပဒေသပညတ်၊ [သာဓာရဏာစ ကေတော လွယ်ပြီ။] ထုလ္လ–ထုလ္လဝဇ္ဇအာပတ်, အထုလ္လဝဇ္ဇအာပတ်၊ [ဂိဟိ နိယတာစ လွယ်ပြီ။] အာဒိ–အာဒိကရပုဂ္ဂိုလ်၊ [အဓိမ္ဗ စောဒကော လွယ်ပြီ။] အဓမ္မ–အဓမ္မ စောဒက, အဓမ္မ စုဒိတက၊ ဓမ္မ–ဓမ္မစောဒက, ဓမ္မစုဒိတက၊ [နိယတော စသည်တို့ လွယ်ပြီ။] ဣဒံ–ဤသည်ကား၊ ကေကေ–၌၊ ဥဒ္ဒါန်–တည်း။....ကေကံ နိဋ္ဌိတံ။

၂။ ဒုကဝါရ။ ၃၂၂။ သညာဝိမောက္ခာ–သညာဝိမောက္ခဖြစ်သော၊ (ဝိတိက္ကမ သညာ၏ မရှိခြင်းကြောင့် အာပတ်မှ လွတ်မြောက်ခြင်း ရှိသော)၊ အာပတ္တိ–သစိတ္တက အာပတ်သည်၊ အတ္ထိ၊ နော သညာဝိမောက္ခာ–သညာဝိမောက္ခမဟုတ်သော၊ (ဝိတိက္ကမသညာ မရှိသော်လည်း လွတ်မြောက်ခြင်း မရှိသော)၊ အာပတ္တိ–အစိတ္တကအာပတ်သည်၊ အတ္ထိ၊ ["သညာဝိမောက္ခာ"အဖွင့်ကို ပါရာဇိကကဏ် ဘာသာဋီကာ (၃)အုပ်, ပထမပါရာဇိကသိက္ခာပုဒ် အဆုံးနား၌ ပြထားပြီ၊ ထို၌ သိက္ခာပုဒ် အရကောက်၍, ဤ၌ အာပတ်ကို အရကောက်ရခြင်းသာ ထူး၏။] လဒ္ဓသမာပတ္တိကဿ–ရအပ်ပြီးသော သမာပတ်ရှိသော ရဟန်း၊ အာပတ္တိ–ဘူတာရောစနအာပတ်သည်၊ အတ္ထိ၊ [ဒုတိယပုဒ်၌ အဘူတာရောစန အာပတ်တည်း၊ နောက်နောက် ဝါကျတို့၌ "အတ္ထိ" ကြိယာဝယ် စပ်ပုံကို သိပါ။] သဒ္ဓမ္မပဋိသံယုတ္တာ–(သူတော်ကောင်းတရားနှင့် စပ်ယှဉ်သော၊) အာပတ္တိ–ပဒသောဓမ္မစသော အာပတ်၊ အသဒ္ဓမ္မပဋိသံယုတ္တာ–မသူတော်တရားနှင့် စပ်ယှဉ်သော၊ အာပတ္တိ–ဒုဋ္ဌုလ္လဝါစာအာပတ်၊ သပရိက္ခာရ ပဋိသံယုတ္တာ–မိမိ၏ ပရိက္ခရာနှင့် စပ်ယှဉ်သော၊ အာပတ္တိ–အယုတ္တ ပရိဘောဂ အာပတ်၊ [ဒုတိယပုဒ်၌ "သံဃိက ညောင်စောင်းစသည်ကို လွင်တီးခေါင်၌ ခင်းပြီး၍ မပန်ပြောပဲ သွားခြင်းစသော အာပတ်။] သပုဂ္ဂလပဋိသံယုတ္တာ–မိမိဟူသော ပုဂ္ဂိုလ်နှင့်စပ်သော၊ အာပတ္တိ–မုဒုပဋ္ဌိကစသော အာပတ်၊ [ဒုတိယ၌ "မေထုနဓမ္မ, ကာယသံသဂ္ဂ စသော အာပတ်။]

သန္တံ–("သိခရဏီ"စသည်ဖြင့်) အမှန်ကို၊ ဘဏန္တော–ပြောသော ရဟန်းသည်၊ ဂရုကံ–သော၊ (ယံ) အာပတ္တိံ–သို့၊ အာပဇ္ဇတိ–ရောက်၏၊ မုသာ–အမှားကို၊ ဘဏန္တော–သည်၊ လဟုကံ–သော၊ (ယံ) အာပတ္တိံ–သို့၊ အာပဇ္ဇတိ၊ (သာ အာပတ္တိ–ထိုအာပတ်သည်၊) အတ္ထိ၊ [ဒုတိယဒုက်၌ "အဘူတာရောစနအာပတ်, ဘူတာရောစနအာပတ်"တို့ကို ယူပါ။] (ယံ အာပတ္တိံ–အကြင် ဝဂ္ဂ သံဃကမ္မကရဏ အာပတ်သို့၊) ဘူမိဂတော–မြေ၌တည်သော ရဟန်းသည်၊ အာပဇ္ဇတိ၊ ဝေဟာသဂတော–ကောင်းကင်၌ တည်သောရဟန်းသည်၊ နော (အာပဇ္ဇတိ၊ သာ) အာပတ္တိ–သည်၊ အတ္ထိ၊ ["ယံ အာပတ္တိံ–အကြင် ဝေဟာသကုဋိ, အာဟစ္စပါဒက မဉ္စပီဌ အဘိနိသီဒန အာပတ်သို့" ဟု ဒုတိယပုဒ်၌ ဆိုပါ။]

[ဤမှနောက်၌ အထက်အတိုင်း အပြည့်အစုံ အနက်ပေးပါ၊ ထူးရာကိုသာ ရေးပါမည်။] ယံ အာပတ္တိံ–အကြင် (ဂမိယဝတ္တ အပူရဏ)အာပတ်သို့၊ နိက္ခမန္တော–ကျောင်းမှ ထွက်သောရဟန်းသည်၊ ၊ပေ၊ ပဝိသန္တော–ဝင်သောရဟန်းသည်၊ ၊ပေ၊ ယံ အာပတ္တိံ–အကြင် (အာဂန္တုက ဝတ္တ အပူရဏ)အာပတ်သို့၊ ပဝိသန္တော–သည်၊ ယံ အာပတ္တိံ–အကြင် (အတိဂမ္ဘိရ ဥဒကသုဒ္ဓိက)အာပတ်သို့၊ အာဒိယန္တော–ယူသောပုဂ္ဂိုလ်သည်၊ [ဘိက္ခုနီသာ သင့်နိုင်သောကြောင့် "ယူသော ပုဂ္ဂိုလ်"ဟု အနက်ပေးပါသည်။] ယံ အာပတ္တိံ–အကြင် (ဒုဗ္ဗဏ္ဏ ကရဏ အနာဒိယန)အာပတ်သို့၊ အနာဒိယန္တော–မယူသော ရဟန်းသည်၊ ၊ပေ၊ ယံ အာပတ္တိံ–အကြင် (မုဂဗ္ဗတာဒိ တိတ္ထိယဝတ္တ)အာပတ်သို့၊ သမာဒိယန္တော–ဆောက်တည်သော ရဟန်းသည်၊ ၊ပေ၊ ယံ အာပတ္တိံ–အကြင် (တစ္ဆနိယာဒိ ကမ္မကတဝတ္တ) အာပတ်သို့၊ န သမာဒိယန္တော–သည်၊ ၊ပေ။

ယံ အာပတ္တိံ–အကြင် (ဘိက္ခုနိယာ စီဝရသိဗ္ဗန စသော) အာပတ်သို့၊ ကရောန္တော–သည်၊ ၊ပေ၊ [ဒုတိယပုဒ်၌ "ဥပဇ္ဈာယာဒိ ဝတ္တ အကရဏအာပတ်တည်း။] ယံ အာပတ္တိံ–အကြင် (အညာတိက စီဝရဒါနစသော) အာပတ်သို့၊ ဒေန္တော–ပေးသော ရဟန်းသည်၊ ၊ပေ၊ [ဒုတိယပုဒ်၌ သန္ဒိဝိဟာရိကာဒိ စီဝရ အဒါနစသော အာပတ်။] ယံ အာပတ္တိံ–အကြင် (ဝတ္ထုသဘာဂ ဒေသနာပစ္စယ ဒုက္ကဋ်) အာပတ်သို့၊ ဒေသေန္တော–ဒေသနာပြောသော ရဟန်းသည်၊ ၊ပေ၊ [ဒုတိယ ပုဒ်၌ အာပတ္တိအနာဝီကရဏအာပတ်၊ ဝါ–ဒေသနာမပြောတော့အံ့ဟု လုလ္လကိုချ၍ ဖုံးထားအပ်သော အာပတ်။] ယံ အာပတ္တိံ–အကြင် (အညာတိက စီဝရပဋိဂ္ဂဟဏ) အာပတ်သို့၊ ပဋိဂ္ဂဏှန္တော–ခံယူသော ရဟန်းသည်၊ ၊ပေ၊ [ဒုတိယ၌ ဩဝါဒ အပ္ပဋိဂ္ဂဟဏ အာပတ်တည်း။]

ယံ အာပတ္တိံ–အကြင် (နိသဂ္ဂိယဝတ္ထု အနိဿဇ္ဇန ပရိဘုဥ္ဇန) အာပတ်သို့၊ ပရိဘောဂေန–သုံးဆောင်ခြင်းကြောင့်၊ ၊ပေ၊ [ဒုတိယပုဒ်၌ "ပဋ္ဌာပဟိက သဃာဋိ စာရအာပတ်"တည်း။] ယံ အာပတ္တိံ–အကြင် (သဟသေယျ) အာပတ်သို့၊ ရတ္တိံ–၌၊ (အာပဇ္ဇတိ)၊ ဒိဝါ–နေ့၌၊ နော (အာပဇ္ဇတိ)၊ ၊ပေ၊ [ဒုတိယပုဒ်၌ ဒွါရံ အသံဝရိတွာ ပဋိသလ္လိယနအာပတ်တည်း။] ယံ အာပတ္တိံ–အကြင် (ဧကရတ္တာ တိက္ကန္တ စီဝရ)စသော အာပတ်သို့၊ အရုဏုဂ္ဂေ–အရုဏ်တက်ရာ အခါ၌၊ ၊ပေ၊ [ဒုတိယ၌ ပဝါရိတ်အာပတ်တည်း။] ယံ အာပတ္တိံ–အကြင် (ဘူတဂါမအာပတ်,

---

**ဒေသေန္တော အာပဇ္ဇတိ ၊ပေ၊ န ဒေသေန္တော၊** ။ဤဒုက်ကို အဋ္ဌကထာ၌လည်း မဖွင့်, တသုဒ္ဒါန၌လည်း မပါသောကြောင့် မရှိသင့်ဟုလည်းကောင်း, ဋီကာတို့၌ ဖွင့်ထားသော ကြောင့် (ဋီကာတို့အလို) ရှိသင့်၏ဟုလည်းကောင်း ရှေးနိဿယ၌ မိန့်၏။ [ဝတ္ထုသဘာဂံ ဒေသေန္တော ဒေသေန္တော အာပဇ္ဇတိ၊ အာပန္နံ အာပတ္တိံ န ဒေသေဿာမီတိ ဓုရံ နိက္ခိပန္တော န ဒေသေန္တော အာပဇ္ဇတိ။–သာရတ္ထ။]

